# အမှာစာ

ကာလကြာရှည်စွာတောက်လောင်ခဲ့သော မြန်မာနိုင်ငံ၏ ပြည်တွင်းစစ်ကာလအတွင်း အကြမ်းဖက်ခံရမှုမျိုးစုံကို အမျိုးသမီးများ ရင်ဆိုင်ခံစားရသော်လည်း ထိုအဖြစ်အပျက်အားလုံးကို အကြောင်းအမျိုးမျိုးကြောင့် စုံစမ်းမှတ်တမ်းတင်မှုမရှိခဲ့ကြပါ။ အမျိုးသမီးများ၏ ကြေကွဲစရာအဖြစ်ဆိုးများမှာ လူမသိသူမသိနှင့် ပျောက်ကွယ်ခဲ့ကြရသည်။ နယ်စပ်ဒေသများတွင် လူ့အခွင့်အရေးသင်တန်းများကို လိုက်လံပို့ချသည့် အချိန်အတွင်း လူ့အခွင့်အရေးစောင့်ကြပ်မှုနှင့် ပတ်သက်သည့်အကြောင်းကို သီးသန့်ရေးသားရန် မိမိအား မိတ်ဆွေများက ဝိုင်းဝန်းအကြံပေးခဲ့ကြပါသည်။ ထိုသို့ လူ့အခွင့်အရေးစောင့်ကြပ်မှုနှင့်ပတ်သက်၍ မိမိ၏အတွေ့အကြုံများကို ခွဲဝေလိုသည့်ဆန္ဒရှိခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် မရေးသားနိုင်ခဲ့ပါ။ Asian Center For Women's Human Rights (ASCENT) အဖွဲ့နှင့် ပူးပေါင်းပြုလုပ်ခဲ့သော "လက်နက်ကိုင်ပဋိပက္ခများအတွင်းရှိ အမျိုးသမီးများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှု မှတ်တမ်းတင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ" အပြီးတွင် ထိုဆွေးနွေးပွဲမှဆွေးနွေးချက်များကိုအခြေခံ၍ စာအုပ်တအုပ်ရေးသားထုတ်ဝေရန် ဆုံးဖြတ်ခဲ့ပါသည်။ အဓိကအားဖြင့် အမျိုးသမီးနှင့် လူ့အခွင့်အရေးချိုးဖောက်မှု သတင်းများအား စုဆောင်း၊ မှတ်တမ်းတင်၊ အစီရင်ခံ၊ လှုံ့ဆော်မှုများလုပ်ကိုင်နေသော မြန်မာနိုင်ငံမှ လူ့အခွင့်အရေးလှုပ်ရှားသူများအတွက် မိမိအတွေ့အကြုံကို တတ်နိုင်သရွေ့မျှဝေနိုင်ရန်အပြင် အကြမ်းဖက်ခံ အမျိုးသမီးများအား ကူညီကာကွယ်မှုများ ပေါ်ပေါက်လာစေရန် ရည်ရွယ်ပါသည်။

ယခုစာအုပ်တွင် လက်နက်ကိုင်ပဋိပက္ခအတွင်းရှိ အမျိုးသမီးများ၏ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများအပေါ် စုံစမ်းစစ်ဆေးမှုအား အဓိကထား ရေးသားထားသော်လည်း လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့်ပတ်သက်၍ လုပ်ကိုင်နေသော သူများအားလုံးအတွက်ပါ အကျိုးရှိနိုင်မည်ဟုမျှော်လင့်ပါသည်။ ဤစာအုပ်ဖြင့် မြန်မာနိုင်ငံမှ အမျိုးသမီးအခွင့်အရေးများအတွက် တိုက်ပွဲဝင်လှုပ်ရှားနေသော အမျိုးသမီးများအားလုံးကို ဂုဏ်ပြုအပ်ပါသည်။ ထို့ပြင် ယခုစာအုပ်ရေးသားထုတ်ဝေနိုင်ရေးအတွက်

အားပေးခဲ့သော ASECENT မှ Ms. Indai Sajor နှင့် ထိုင်းမြန်မာပူးပေါင်းဆက်ဆံရေးကော်မတီ (Thai-Burma Cord.) တို့အားအထူးပင်ကျေးဇူးတင်ရှိပါသည်။ ဤစာအုပ်ရေးသားချိန် အတွင်း မိမိအား ဝိုင်းဝန်းကူညီပေးခဲ့ယုံမက စိတ်ပိုင်းဆိုင်ရာဖြင့် အထူးအားပေးခဲ့သော လူ့အခွင့်အရေးပညာပေးဌာန (HREIB) မှလုပ်ဖော်ကိုင်ဖက်များအားလုံးကိုလည်း ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

အောင်မျိုးမင်း
ဒါရိုက်တာ
လူ့အခွင့်အရေးပညာပေးဌာန
ဧပြီလ ၂၀၀၁ ခုနှစ်

# “လူ့အခွင့်အရေးအချက်အလက်စုဆောင်းမှုလက်စွဲ”

## လက်နက်ကိုင်ပဋိပက္ခအောက်မှ အမျိုးသမီးများအပေါ် အခွင့်အရေးချိုးဖောက်မှုအား စုံစမ်းဖော်ထုတ်ခြင်း

# How to Investigate, Document and Report Women’s Human Rights Violations

**Prepared and written by:**
Aung Myo Min
Director
Human Rights Education Institute of Burma **(HREIB)**

*P.O.Box 37*
*Chaing Mai University Post Office*
*Chaing Mai 50202*
*Email: hreib@chmai2.loxinfo.co.th*

- April 2001
- 2,000 copies
- Bangkok, Thailand

**This publication is supported by Thai Action Committee for Democracy in Burma (TACDB)**
**90 Soi U-omsin Jaransanitwong 40 Rd, Bangyeekhan, Bangplaad, Bangkok,10700**
**E-mail : tacdb@ksc.th.com**

# မာတိကာ


အခန်း (၁)
လက်နက်ကိုင်ပဋိပက္ခစစ်ပွဲများနှင့်အမျိုးသမီးများ ၅

အခန်း (၂)
လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု **(Sexual Violence)** ၁၅

အခန်း (၃)
နိုင်ငံတကာဥပဒေများ ၂၀

အခန်း (၄)
လူ့အခွင့်အရေးစောင့်ကြပ်ခြင်း **(Human Rights Monitoring)** ၂၄

အခန်း (၅)
စုံစမ်းစစ်ဆေးခြင်း **(Investigation)** ၂၆

အခန်း (၆)
မှတ်တမ်းတင်ခြင်း **(Documentation)** ၅၃

နောက်ဆက်တွဲဖောင် ၆၀

အခန်း (၇)
အစီရင်ခံခြင်း **(Reporting)** ၆၁

# အခန်း (၁)

## လက်နက်ကိုင်ပဋိပက္ခစစ်ပွဲများနှင့်အမျိုးသမီးများ

လက်နက်ကိုင် ပဋိပက္ခများအတွင်းတွင် အမျိုးသမီးနှင့် အမျိုးသားတို့သည် လူ့အခွင့်အရေး ချိုးဖောက်မှုမျိုးစုံတို့ကို ရင်ဆိုင်ခံစားကြရသည်ဟု ဆိုလင့်ကစား အမျိုးသမီးများသည် ၎င်းတို့၏ လိင်ကွဲပြားမှုကြောင့် အမျိုးသားများထက် လိင်ကွဲပြားမှုကို အခြေခံသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ရင်ဆိုင်ကြုံတွေ့ရတတ်သည်။ အမျိုးသမီးများဖြစ်သောကြောင့် အဓမ္မပြုကျင့်ခြင်း၊ လိင်ကျေးကျွန်အဖြစ် စေခိုင်းခံရခြင်းတို့သည် အမျိုးသမီးများတွေ့ကြုံရတတ်သည့် အမျိုးသမီးအခွင့်အရေး ချိုးဖောက်ခံရမှုများထဲမှ လူသိများကြသော ချိုးဖောက်မှုများဖြစ်သည်။ လိင်ကွဲပြားမှုကိုအခြေခံသည့် အမျိုးသမီးများအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုများမှာ စစ်ပွဲဟူ၍ စတင်ပေါ်ပေါက်လာကတည်းက ဖြစ်ပွားခဲ့သော်လည်း ထိုလူ့အခွင့်အရေးချိုးဖောက်ခြင်းသည် လက်နက်ကိုင်စစ်ပွဲများအတွင်း အထူးကျယ်ကျယ်ပြန့်ပြန့်ကျူးလွန်ခံနေရသော အဖြစ်ဆိုးများဖြစ်ကြောင်းကို မကြာသေးခင်အချိန်ကမှ နိုင်ငံတကာက လက်ခံခဲ့သည်။ ရှေးကာလပဝေသဏီကတည်းက စစ်ပွဲများအတွင်း အမျိုးသမီးများအားအဓမ္မကျင့်မှုများ ထောင်ပုံရာပုံရှိခဲ့သော်လည်း နိုင်ငံတကာက ထိုပြစ်မှုများကို စစ်ရာဇဝတ်မှုများအဖြစ် မမှတ်ယူခဲ့ပေ။ ထို့အတွက်ကြောင့် ကုလသမဂ္ဂ၏ အမျိုးသမီးများ အကြမ်းဖက်မှုဆိုင်ရာ အထူးစုံစမ်းစစ်ဆေးရေးအရာရှိက "အမျိုးသမီးများအား အဓမ္မကျင့်မှုသည် လူအများက ပြစ်တင်ရှုတ်ချမှု အနည်းပါးဆုံးသော စစ်ရာဇဝတ်မှု" ဖြစ်သည်ဟု သူမ၏ အစီရင်ခံစာထဲတွင် ထည့်သွင်းရေးသားခဲ့သည်။

အမျိုးသမီးအခွင့်အရေး ချိုးဖောက်မှုဟုဆိုလိုက်လျှင် အမျိုးသမီးများအား အဓမ္မမုဒိမ်းကျင့်မှု တမျိုးကိုသာ ချက်ချင်းတွေးမိလေ့ရှိသည်။ သို့သော် လက်နက်ကိုင်ပဋိပက္ခအချိန်အတွင်း လိင်ကွဲပြားမှုအပေါ်အခြေခံသော အကြမ်းဖက်မှုများစွာ ရှိသေးသည်။ ၁၉၉၃ ခုနှစ် ဒီဇင်ဘာလကကျင်းပခဲ့သော ကမ္ဘာ့ကုလသမဂ္ဂအထွေထွေ ညီလာခံက အတည်ပြုပြဋ္ဌာန်းခဲ့သည့် အမျိုးသမီးများအား အကြမ်းဖက်မှုပပျောက်ရေး ကြေညာစာတမ်းတွင် အမျိုးသမီးများအားအကြမ်းဖက်မှုဆိုသည်မှာ "အမျိုးသမီးများအား ရုပ်ပိုင်း၊ စိတ်ပိုင်းနှင့် လိင်ပိုင်းဆိုင်ရာအန္တရာယ်ဖြစ်စေသော၊ အနာတရ ခံစားစေသော၊

ခံစားစေရမည်ဟူ၍ ခြိမ်းခြောက်မှုများအပါအဝင် ခြောက်လှန့်သိမ်းသွင်းမှုများ၊ ၎င်းတို့၏ လွတ်လပ်မှုများအားမတရားဖယ်ရှားမှုများ ဖြစ်စေမှု၊ ထိုသို့ဖြစ်စေနိုင်လောက်သည့် အပြုအမူများ အားလုံး” ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ထို့ကြောင့် လိင်အရ စော်ကား ခံရမည်ဟူသော ခြိမ်းခြောက်မှု၊ အမျိုးသမီးများအား အခကြေးပေး၍ ပျော်ပါးနိုင်စေရန် စေခိုင်းမှု၊ လိင်ပိုင်းဆိုင်ရာနှောက်ယှက်မှု၊ အဓမ္မပြည့်တန်ဆာအဖြစ် သွပ်သွင်းမှုတို့ မှာလည်း လိင်ကွဲပြားမှုကိုအခြေခံသောအမျိုးသမီးများအပေါ် အကြမ်းဖက်မှုဖြစ်သည်။ လိင်ကွဲပြားမှုသက်သက်သာမဟုတ်ဘဲ အမျိုးသမီးများ ကျင်လည်အသက်ရှင်ရာ ပတ်ဝန်းကျင်အတွင်းတွင် အမျိုးသမီးများအား နိမ့်ကျသော လူတန်းစားအဖြစ် ရှုမြင်သောအမြင်များနှင့် တဆင့်အောက်ကျသောလူတန်းစားအဖြစ် သတ်မှတ်သော တန်ဖိုးထားမှုတို့ကလဲ ထိုသို့အကြမ်းဖက်မှုများဖြစ်ပွားအောင် တနည်းတဖုံ တွန်းအားပေးလျက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။

လက်နက်ကိုင်ပဋိပက္ခများအတွင်းရှိ အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအား အကြောင်းအမျိုးမျိုးကြောင့် ကျူးလွန်ခဲ့ကြကြောင်း လေ့လာ တွေ့ရှိရသည်။ ပထမဦးဆုံးအကြောင်းမှာ အမျိုးသမီးများ၏ လိင်ကွဲပြားမှုနှင့် ၎င်းတို့အပေါ် လိင်ခွဲခြားသည့်အမြင်များကြောင့် ဖြစ်သည်။ လိင်ကွဲပြားမှု တခုထဲသာမက “လိင်ကွဲပြားသော အမျိုးသမီးများကို အကြမ်းဖက်၍ရသည်၊ လိင်အရအမြတ်ထုတ်၍ရသည်” ဟူသော လိင်ပိုင်းဆိုင်ရာအမြင်အစွဲများက ကျူးလွန်သူများကို လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ကျူးလွန်စေရန် အဓိကအားပေးအားမြှောက်ပြုနေသည်။ အမျိုးသမီးများကို ဘက်လိုက်သောအမြင်အစွဲများရှိထားသော ပတ်ဝန်းကျင်မျိုးတွင် လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားပါက အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ပိုမိုများပြားသည်ကို တွေ့မြင်နိုင်သည်။ ထိုသို့ဖြစ်ရခြင်းမှာ အထက်တွင် ဖော်ပြခဲ့သော အမျိုးသမီးများအပေါ် ခွဲခြားဖိနှိပ်သည့် အမြင်များ၏ တွန်းအားပေးမှုကြောင့်ဟု သုံးသပ်နိုင်သည်။

အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း၏ ဒုတိယအကြောင်းမှာ ၎င်းတို့ပတ်သက်နေသော အမျိုးသားများကြောင့်ဖြစ်သည်ကို တွေ့ရသည်။ အမျိုးသမီးများ၏ ဖခင်၊ အကို၊ မောင်နှင့် ဆွေမျိုးများသည် လက်နက်ကိုင်အဖွဲ့များက မလိုလားမနှစ်သက်သူများ၊ ဆန့်ကျင်ဖက်တဖက်ကလူများဖြစ်နေသည့်အတွက် ၎င်းတို့နှင့်

သက်ဆိုင်ပတ်သက်နေသော အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ကျူးလွန်တတ်ကြသည်။

တတိယအကြောင်းအချက်မှာ အမျိုးသမီးများ၏ လူမှုရေး၊ ဘာသာရေး၊ တိုင်းရင်းသား မျိုးနွယ်ဖြစ်မှုတို့ကြောင့် အကြမ်းဖက်ခံရခြင်းဖြစ်သည်။ လူမျိုးနွယ် တစုနှင့် တစုအကြား၊ ဘာသာရေးကွဲပြားသည့် အုပ်စုတစုနှင့်တစုအကြား လက်နက်ကိုင် ပဋိပက္ခများဖြစ်သည့်အခါ ထိုလူမျိုးနွယ်ဝင်၊ ဘာသာရေးအုပ်စုဝင်အမျိုးသမီးများအပေါ် ပစ်မှတ်ထား၍ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်စော်ကားလေ့ရှိကြသည်။

အကြောင်းအမျိုးမျိုးကြောင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကျူးလွန်သလို ရည်ရွယ်ချက်အမျိုးမျိုးဖြင့် ကျူးလွန်တတ်သည်ကိုလဲ တွေ့ရှိရသည်။ အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ကျူးလွန်လိုက်ခြင်းဖြင့် ဒေသအတွင်းရှိ ပြည်သူ အားလုံး တုန်လှုပ်ခြောက်ခြားသွားပြီး နယ်မြေအတွင်း စစ်ရေးအရ ထိမ်းချုပ်မှု အောင်မြင်နိုင်မည်ဟူသော ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်တတ်သည်။ ထိုသို့ကျူးလွန်မှု မျိုးကို ပဋိပက္ခစစ်ပွဲများအတွင်း အများဆုံးတွေ့မြင်နိုင်သည်။ ထိုသို့ကျူးလွန်လိုက် ခြင်းဖြင့် ထိုအမျိုးသမီးများနှင့် ပတ်သက်နေသော လူမျိုးတူ၊ ဘာသာတူအမျိုးသားများ အနေဖြင့် သူတို့၏အမျိုးသမီးများအပေါ် သူတို့ကာကွယ်မှုမပေးနိုင်ပါလားဟူသော အတွေးမျိုးပေါ်ပေါက်ပြီး စိတ်ဓာတ်ကျဆင်းစေရန်အတွက် တမင်ရည်ရွယ်သည့်အခါလဲ ရှိသည်။ ထို့အပြင် အမျိုးသမီးများထံမှ ၎င်းတို့နှင့်ပတ်သက်နေသော အမျိုးသားများ၏ သတင်းကိုရရှိစေရန် ရည်ရွယ်၍ နှိပ်စက်အကြမ်းဖက်စော်ကားခြင်းမျိုးလဲ ရှိတတ်သည်။ ထိုမျှမကဘဲ လူမျိုးစုတစုလုံးသွေးနှော၍ မျိုးတုန်းသွားစေလိုသော ရည်ရွယ်ချက်ဖြင့် အမျိုးသမီးများကို စနစ်တကျ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်စော်ကားသည်ကိုလဲ တွေ့မြင်နိုင်သည်။ ဘော်စနီးယားပဋိပက္ခအတွင်း ဆာ့ဗ်စစ်သားများက ဆာ့ဗ်လူမျိုး မဟုတ်သော အမျိုးသမီးများကို ပစ်မှတ်ထား၍ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခဲ့ကြသည်။ ထိုသို့အကြမ်းဖက်စော်ကားခြင်းဖြင့် ဆာ့ဗ်လူမျိုးမဟုတ်သော လူမျိုးများမှာ သွေးနှောခံရပြီး လူမျိုးကွယ်ပျောက်သွားစေရန် စစ်ရေးအရဗျူဟာချ လုပ်ဆောင်သော လုပ်ရပ်ဖြစ်သည်။ လူမျိုးစုတစုလုံးသွေးနှော၍ ပျောက်ကွယ်စေရန်အတွက် ဗျူဟာချ လုပ်ဆောင်ရာတွင် ဆာ့ဗ်စစ်သားများက သူတို့လူမျိုးမဟုတ်သောသူများ နေထိုင်သည့် ရွာများအတွင်းသို့ ဝင်ရောက်၍ လူအများရှေ့တွင် အမျိုးသမီးများကို အဓမ္မပြုကျင့်ကြ

သည်။ ထိုသတင်းများပျံ့နှံ့သွားသောအခါ ထိုဒေသအတွင်း ရှေးပဝေသဏီကတည်းက နေထိုင်နေသောလူများသည် ကြောက်ရွံ့တုန်လှုပ်ကာ ထိုနေရာများမှ ဘေးလွတ်ရာ နေရာသစ်သို့ ထွက်ပြေးကုန်ကြသည်။ ထိုနည်းဖြင့် ဒေသကို အလွယ်တကူ သိမ်းပိုက်နိုင်သလို ဆာ့ဗ်လူမျိုးများမဟုတ်သော အခြားလူမျိုးများကို ဒေသအတွင်းက မောင်းထုတ်နိုင်ခဲ့သည်။ ထိုမျှမကဘဲ ဖမ်းဆီးမိသော ထိုလူမျိုးစုဝင် အမျိုးသမီးများကို အကျဉ်းစခန်းတွင်ချုပ်နှောင်၍ အကြိမ်ကြိမ်မုဒိမ်းကျင့်ခဲ့ကြသည်။ လူမဆန်စွာ ဆက်ဆံမှုကြောင့် အမျိုးသမီးများစွာမှာ အကျဉ်းစခန်းတွင် သေဆုံးခဲ့ကြရရှာသည်။ မသေဆုံးဘဲ ကျန်ရှိနေသူများထဲမှာ ကိုယ်ဝန်ရရှိသွားသူများကို မွေးဖွားလုဆဲဆဲ နေ့စေ့လစေ့အချိန်အထိ ထပ်ပြန်တလဲလဲ အဓမ္မကျင့်ပြန်သည်။ နောက်ဆုံး ကိုယ်ဝန်ကို ဖျက်ဆီး၍မရတော့ဘဲ မဖြစ်မနေမွေးဖွားရတော့မည့် အချိန်ရောက်မှသာ ပြန်လည် လွှတ်ပေးလေ့ရှိသည်။ ထိုအမျိုးသမီးများမှာ မိမိဆန္ဒမပါဘဲ ကိုယ်ဝန်ဆောင်၍ မွေးဖွားလာခဲ့သော သွေးနှောနေသည့် ရင်သွေးများနှင့် ဘဝကို ဆက်လက်လျှောက်လှမ်း ကြရတော့သည်။

တခါတရံတွင်မူ မိမိတို့နှင့်ရင်ဆိုင်တိုက်ခိုက်နေသော ရန်သူများအား မုန်းတီးမှု၊ နာကျည်းမှုများ တိုးပွားစေရန်အတွက် ဝါဒဖြန့်သည့် ရည်ရွယ်ချက်ဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ထုတ်ပြန်ကြေညာသည်လည်း ရှိသေးသည်။ အမျိုးသမီးများအား အကြမ်းဖက်ခံရသော သားကောင်အဖြစ် ပုံဖော်၍ သူတို့အပေါ် ကျူးလွန်သည့် မိမိ၏ ရန်သူအပေါ် အခြားသူများက မုန်းတီးနာကျည်းစေရန် ရည်ရွယ်ချက်သက်သက်ဖြင့် လုပ်ဆောင်သည်ကို မကြာခဏတွေ့ရတတ်သည်။ ဝါဒဖြန့်ရည်ရွယ်ချက် သက်သက်ဖြင့်သာ ဖော်ထုတ်ခြင်းဖြစ်ပြီး အမှန်တကယ်ကျူးလွန်သော သူများကို အပြစ်ပေးအရေးယူရန် ရည်မှန်းချက်မပါဘဲ ဖြစ်တတ်သည်။ ထိုသို့လုပ်ဆောင်ခြင်းသည် အကြမ်းဖက် စော်ကားခံရသူ အမျိုးသမီးများ၏ နစ်နာချက်ကို ကူညီဆောင်ရွက်ပေးရန်အတွက် ရည်ရွယ်ခြင်းမဟုတ်ဘဲ မိမိ၏ဝါဒဖြန့်ချိရေးအတွက် ထိုစော်ကားခံရသည့် အမျိုးသမီးများကို ထပ်မံအသုံးပြုခြင်းဖြစ်သည့်အတွက် ကောင်းမွန်သော ရည်ရွယ်ချက်ဟု မဆိုနိုင်ပေ။

လက်နက်ကိုင် ပဋိပက္ခတခုဖြစ်သည်နှင့် တပြိုင်နက် အမျိုးသမီးများနှင့် အမျိုးသားများမှာ ဒုက္ခရောက်ရစမြဲပင်။ စစ်ပွဲများအကြား ကြီးလန့်စာစား နေထိုင်နေရခြင်း၊ တိုက်ပွဲများအတွင်းမှ အသက်လုထွက်ပြေးရခြင်း၊ နစ်ဖက်တပ်များက ဖမ်းဆီးနှိပ်စက်ခြင်း၊ တရားဥပဒေမဲ့ သတ်ဖြတ်ခြင်းစသည်တို့မှာ အမျိုးသမီးနှင့် အမျိုးသားတို့

နှစ်ဦးစလုံး ကြုံတွေ့ရသောအဖြစ်ဆိုးများဖြစ်သည်။ ထိုမျှမက လက်နက်ကိုင် ပဋိပက္ခများကြောင့် ပြည်သူတို့အလုပ်အကိုင်ပျက်ခြင်း၊ စားနပ်ရိက္ခာများ မလုံမလောက်ဖြစ်ခြင်းများကို အမျိုးသမီးများနှင့် အမျိုးသားများ ရင်ဆိုင်ကြရတတ်သည်။

သို့သော် အမျိုးသမီးများဖြစ်သောကြောင့် အမျိုးသားများထက် လက်နက်ကိုင် ပဋိပက္ခများ၏ ဆိုးကျိုးကို ပိုမိုခံစားရသည့်အဖြစ်များလည်းရှိသေးသည်။ နိုင်ငံတကာ လက်နက်ကိုင်ပဋိပက္ခတွင်ဖြစ်စေ၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွင်ဖြစ်စေ အမျိုးသမီးများမှာ လိင်ပိုင်းအကြမ်းဖက်မှုအန္တရာယ်ကို အချိန်မရွေး ရင်ဆိုင်ကြုံတွေ့နိုင်သည်။ လက်နက်ကိုင်ပဋိပက္ခအတွင်း အမျိုးသမီးများ ကြုံတွေ့ရသော အဖြစ်များသည် တဦးနှင့်တဦး တသွေမတိမ်းတူညီမှုမရှိနိုင်သော်ငြားလည်း ယေဘူယျတူညီမှုများ ရှိသည်ကို စိတ်ဝင်စားဖွယ်တွေ့ရှိရသည်။ ကမ္ဘာပေါ်ရှိ အမျိုးသမီးအများစုသည် ၎င်းမိသားစု၏ နေ့တဓူဝကိစ္စများကို ရင်ဆိုင်ဖြေရှင်းရသည့် အိမ်ထောင်ရှင်မများ ဖြစ်ကြသည်။ စစ်ပွဲဖြစ်နေသည့်အချိန်ဖြစ်စေ၊ စစ်ပွဲမဖြစ်သည့်အချိန်ဖြစ်စေ အိမ်မှုကိစ္စ အဝဝကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်သူများမှာ အမျိုးသမီးများသာဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားသည်နှင့်တပြိုင်နက် မိသားစုအတွက် တာဝန်ယူထားရသော အမျိုးသမီးအဖို့ အနှောင့်အယှက်များကို စတင်ကြုံတွေ့ရတော့သည်။ စစ်ပွဲများ မဖြစ်မီက အမျိုးသမီးများ၏ တာဝန်အဖြစ် သတ်မှတ်ထားခံရသော အိမ်ထောင်ထိမ်းသိမ်းရေးဆိုင်ရာ နေ့တဓူဝလုပ်ငန်းများကို စစ်ပွဲများအတွင်း လုပ်ကိုင်ဆောင်ရွက်ရန် အခက်အခဲကြီးစွာကြုံတွေ့ရသည်။ ထင်းခွေရေခပ်စသော နေ့စဉ်တာဝန်များကို စစ်ပွဲအတွင်း ထမ်းဆောင်ရန် အမျိုးသမီးများ အခက်အခဲတွေ့ရတော့သည်။ စစ်ပွဲများ အတွင်း မိဘမောင်ဖွားများ သေဆုံးသွားပါက ယခင်က ထိုသူများ တာဝန်ယူထားသော လုပ်ငန်းများမှာ အမျိုးသမီးများအပေါ်သို့ ဝန်ထုတ်ဝန်ပိုးများအဖြစ် စုပြုံကျရောက်လာတော့သည်။ မိသားစုအသက်ရှင်ရေးအတွက် လိုအပ်သော ထင်း၊ ရေ၊ အစားအစာနှင့် အခြားလိုအပ်သော အရာများရရှိရန်အတွက် မိမိတို့ နေထိုင်ကျင်လည်ရာ နေရာဟောင်းမှ မိမိတို့အတွက်လုံခြုံမှုရရှိနိုင်မည့် အခြားကျေးရွာ သို့မဟုတ် နေရာသစ် သို့မဟုတ် ဒုက္ခသည်စခန်းဆီသို့ မဖြစ်မနေရွှေ့ပြောင်းရသည်။ စခန်းပြင်ပသို့ထွက်၍ မိသားစုအတွက် လိုအပ်သောအရာများ ရှာဖွေစဉ် အမျိုးသမီးများသည် လူဆိုးဓားပြ များ၊ စစ်သားများ၊ အခြားဒုက္ခသည်များ၏ စော်ကားမှုကို ကြုံတွေ့နိုင်သည်။ မိသားစု အတွက် လိုအပ်သည်များကို ရှာဖွေသော ထိုအမျိုးသမီးများအဖို့ လက်နက်ကိုင်အဖွဲ့ များ၏

သတ်ဖြတ်မှု၊ မြေမြှုပ်မိုင်းများနင်းမိ၍ ထိခိုက်ဒဏ်ရာရမှုများကိုလဲ ရင်ဆိုင်နိုင်သည်။ ဒုက္ခသည်စခန်းအတွင်း လိုအပ်သော စားနပ်ရိက္ခာများ ရမည်ဟူသော အကြောင်းပြချက်ဖြင့် တာဝန်ရှိသူများက အမျိုးသမီးများကို သွေးဆောင်ဖျားယောင်း၍ ဖျက်ဆီးမှုများလဲ ကြုံတွေ့နိုင်သည်။ ထိုမျှမက စခန်းအတွင်း စားနပ်ရိက္ခာ၊ ဆေးဝါး၊ ဆေးပညာပေးမှုများ မလုံလောက်မှုကြောင့် အမျိုးသမီးများအဖို့ ရင်သွေးမွေးဖွားမှု၊ ပြုစုစောင့်ရှောက်မှုများတွင် အခက်အခဲများစွာတွေ့နိုင်သည်။

အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်လေ့ရှိသူများမှာလဲ သူတို့၏ အသိမိတ်ဆွေများ၊ ဆွေမျိုးသားချင်းများ၊ ပဋိပက္ခဖက်တဖက်မှ စစ်သားများ၊ လူဆိုးဓားပြများ၊ ဒုက္ခသည်အချင်းချင်းများ၊ ဒုက္ခသည်အဖြစ်ခိုလှုံသည့်နိုင်ငံမှ တာဝန်ရှိသူများ၊ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေး ဝန်ထမ်းများ စသည်ဖြင့် လူအမျိုးမျိုးပါဝင်သည်ကို တွေ့ရှိရသည်။။

လက်နက်ကိုင်ပဋိပက္ခအတွင်း အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမှာ နေရာမရွေး အချိန်မရွေးဖြစ်ပွားနိုင်သည်ကိုလဲ တွေ့ရှိရတတ်သည်။ ဘေးကင်းရာသို့မထွက်ခွာခင်၊ ဘေးကင်းရာထွက်ခွာနေစဉ်၊ အခြားတိုင်းပြည်တွင် ခိုလှုံနေစဉ်၊ မိမိတိုင်းပြည်သို့ပြန်လည်ပို့ဆောင်သည့်ကာလအတွင်းတို့တွင်သာမက မိမိနေရပ်တွင် ပြန်လည်နေရာချထားသည့် ကာလအတွင်းတွင်ပင် အမျိုးသမီးများအဖို့ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတို့ကို ကြုံတွေ့နိုင်ပေသည်။

လက်နက်ကိုင်ပဋိပက္ခများအတွင်း အမျိုးသမီးများအပေါ် စီမံကိန်းရှိရှိဖြင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကြောင့် ဒုက္ခသည်များအဖြစ် ဘေးကင်းရာ ထွက်ပြေးတိမ်းရှောင်ကြရသည်ကို မကြာခဏတွေ့မြင်ရတတ်သည်။ ယခင် ယူဂိုစလားဗီးယားနိုင်ငံတွင် ဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခအတွင်း ဘော်စနီးယားအမျိုးသမီးများကို ဆာဗ့်တပ်ဖွဲ့များက ရည်ရွယ်ချက်ရှိရှိဖြင့် မုဒိန်းကျင့်ခဲ့မှုကြောင့် ဘောစနီးယားအမျိုးသမီးထောင်ပေါင်းများစွာတို့သည် ဒုက္ခသည်အဖြစ် ဘေးကင်းရာကို ထွက်ပြေးလာခဲ့ရသည်။ ကုလသမဂ္ဂလူ့အခွင့်အရေးအထူး စုံစမ်းစစ်ဆေးရေးအရာရှိ၏ အစီရင်ခံစာတွင် “ယူဂိုစလားဗီးယားနှင့် ရာဝမ်ဒါနိုင်ငံတို့တွင်ဖြစ်ပွားခဲ့သော စစ်ပွဲများအတွင်း အရွယ်မရောက်သေးသော ကလေးငယ်များအပါအဝင် အမျိုးသမီးများစွာတို့မှာ အစု

လိုက်အပြုံလိုက် မုဒိန်းကျင့်ခံခဲ့ကြရသည်။ ထိုသို့ ကျူးလွန်သူများတွင် လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်ပတ်သက်နေသော လူမျိုးစုအဖွဲ့တိုင်း၊ လက်နက်ကိုင်အဖွဲ့ဝင်တိုင်း ပါဝင်နေသည်။ ထို့အပြင် မတော်တဆကျူးလွန်ခြင်းမဟုတ်ဘဲ  လူမျိုးစုများ မျိုးပြုန်းပျောက်ကွယ်စေရန် ရည်ရွယ်ချက်ဖြင့် စနစ်တကျမုဒိန်းကျင့်ခြင်းကိုလဲ တွေ့ရှိရသည်" ဟု ရေးသားခဲ့သည်။

ဒုက္ခသည်အဖြစ်ဘေးကင်းရာသို့ ထွက်ပြေးတိမ်းရှောင်လာသော အမျိုးသမီးများမှာလည်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအန္တရာယ်ကို ဆက်လက်ကြုံတွေ့နိုင်သေးသည်။ ကင်ညာနိုင်ငံ၏ ပြည်တွင်းစစ်ကြောင့် ထွက်ပြေးတိမ်းရှောင်ခဲ့သော ဒုက္ခသည်များအနက် အမျိုးသမီးငယ်များသည် စစ်တပ်စခန်းများ၊ နယ်စပ်တပ်များကို ဖြတ်သန်းရသည့်အခါအတွင်း ပြန်ပေးဆွဲခံရပြီး လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံခဲ့ရသည်ဟု အမျိုးသမီးအခွင့်အရေး အစီရင်ခံစာတခုတွင် ဖော်ပြထားသည်။ အထူးသဖြင့် မိသားစုဝင်များနှင့် အခြားသူများ၏ စောင့်ရှောက်ကာကွယ်မှုကင်းမဲ့သော တကိုယ်ရေ အမျိုးသမီးများမှာ ထိုအန္တရာယ်ကို ပိုမိုကြုံတွေ့ရကြောင်း ထိုအစီရင်ခံစာက ဆိုပါသည်။

အခြားနိုင်ငံသို့ ရောက်ရှိခိုလှုံခဲ့သော်လည်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအန္တရာယ်မှ လွတ်မြောက်သွားပြီဟု မဆိုနိုင်သေးပေ။ ဘာသာစကားကွဲပြားသောပတ်ဝန်းကျင်အသစ်တွင် အမျိုးသမီးများမှာ လိင်ပိုင်းဆိုင်ရာ အနှောက်အယှက်များကို ဆက်လက်ကြုံတွေ့ရလေ့ရှိသည်။ အဝတ်တထည်ကိုယ်တခုနှင့် ထွက်ပြေးတိမ်းရှောင်လာခဲ့ရသော အဖြစ်မျိုးတွင် အမျိုးသမီး ဒုက္ခသည်များမှာ ၎င်းတို့၏ လိုအပ်ချက်အားလုံးအတွက် အခြားသူများအပေါ် အရာရာမှီခိုအားကိုးနေရတတ်သည်။ ထိုအခါမျိုးတွင် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ် စော်ကားမှုကိုရင်ဆိုင်ခံရဖို့ အဖြစ်နိုင်ဆုံး အခြေအနေမျိုးဖြစ်သည်။ ထိုမှမက မြေစိမ်းရေစိမ်းတွင် ဒုက္ခသည်အဖြစ် ခိုလှုံနေရသောဘဝအတွင်း လင်ယောကျ်ားများခံစားရသော စိတ်တင်းကြပ်မှုများ၊ မရေရာမှုများ၊ အပြောင်းအလဲများ၏ အကျိုးဆက်ကြောင့် ဖြစ်ပွားတတ်သော အိမ်တွင်းအကြမ်းဖက်ရိုက်နှက်မှုများကို ခံရသူများမှာလဲ အမျိုးသမီးဒုက္ခသည်များပင်ဖြစ်သည်။

ဒုက္ခသည်များကို နေရပ်သို့ပြန်လည်ပို့ဆောင်သည့်အခါတွင်လဲ အမျိုးသမီးများအဖို့ အကြမ်းဖက်မှုများကို နောက်ထပ်ကြုံတွေ့နိုင်သော အခြေအနေသို့

ဆိုက်ရောက်စေနိုင်သေးသည်။ ထိုသို့ နေရပ်သို့ပြန်လည်ပို့ဆောင်မှုသည် ဒုက္ခသည်များ၏ ဆန္ဒအရပြန်လည်ပို့ဆောင်သည်ဟု သက်ဆိုင်ရာတို့က ဆိုလေ့ရှိသော်လည်း ထိုဆန္ဒများသည် စခန်းခေါင်းဆောင်များ၊ လူမျိုးစုခေါင်းဆောင်များ၏ ဆန္ဒများသာဖြစ်ပြီး အမျိုးသမီးဒုက္ခသည်များ၏ ဆန္ဒများပါဝင်ခြင်းမရှိတတ်ကြောင်း တွေ့ရှိရသည်။ ဒုက္ခသည်အားလုံးကိုယ်စား ခေါင်းဆောင်များက ကိုယ်စားပြုဆုံးဖြတ်သည့်အခါတိုင်း အမျိုးသမီးများ၏ ဆန္ဒများကို လစ်လျူရှုခံခဲ့ကြရသည်။ ဆန္ဒများကို ထုတ်ဖော်နိုင်ခွင့် အခွင့်အရေးများလဲ ခံစားခွင့်မရှိတတ်ကြချေ။ ထိုမျှသာမက နေရပ်သို့ပြန်လည်ပို့ရေးအတွက် စီစဉ်ဆောင်ရွက်နေသည့်အကြောင်း သိသင့်သိထိုက်သော သတင်းအချက်အလက်များကိုပင် အမျိုးသမီးများသိရှိခြင်းမရှိရသည်ကို မကြာခဏတွေ့မြင်ရသည်။

နေရပ်သို့ ပြန်လည်ပို့ဆောင်သည်ဟုဆိုသော်လဲ ထိုနေရာများသည် တည်ငြိမ်မှု ကောင်းစွာမရှိသေးသောနေရာများ၊ အသစ်တဖန် အစမှပြန်လည်အခြေချရမည့် နေရာများဖြစ်လေ့ရှိသည်။ တခါတရံတွင် လက်နက်ကိုင်ပဋိပက္ခများပင် ကောင်းစွာအဆုံးမသပ်သေးသည့်အချိန်အခါမျိုးလဲ ဖြစ်တတ်သည်။ ဥပမာဆိုရလျှင် ကမ္ဘောဒီးယားနိုင်ငံတွင် ဒုက္ခသည်များကို နေရပ်သို့ပြန်လည်ပို့ဆောင်ချိန်တွင် ခမာနီများနှင့် တိုက်ပွဲများပင် ပြီးဆုံးခြင်းမရှိသေးချေ။ နေရပ်သို့ ပြန်လည်ပို့ဆောင်ခံရသော ဒုက္ခသည်များသည် အချိန်မရွေးကျရောက်လာနိုင်သော အန္တရာယ်ဆိုးများအတွက် ကြိုးလန့်စာစားနေထိုင်နေခဲ့ကြရသည်။ ထိုသို့သော အခြေအနေ အချိန်အခါမျိုးတွင် ပြန်လည်ပို့ဆောင်ခြင်းခံရသော အမျိုးသမီးများအတွက် လုံခြုံရေးကို မည်သူကမှ အရေးတယူလုပ်ကိုင်ဆောင်ရွက်ပေးခဲ့ခြင်းမရှိခဲ့ပေ။ ထိုအခြေအနေမျိုးတွင် အမျိုးသမီးများအဖို့ ရုပ်ပိုင်းနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို ခံရနိုင်သည်။ ပြန်ပို့ခံရသော ဒုက္ခသည်များကို သက်ဆိုင်ရာအစိုးရများက လိုလိုလားလားနှင့် စောင့်ရှောက်ကူညီလိုစိတ်လဲနည်းပါးတတ်သည့်အခါမျိုး၊ စောင့်ရှောက်လိုသော်လည်း မတတ်စွမ်းသာသည့် အခါမျိုးတွင် ပိုမိုဆိုးဝါးသည့်အခက်အခဲများ ဖြစ်ပွားနိုင်သည်။

လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားသည်နှင့်တပြိုင်နက် နောက်ဆက်တွဲ ကြုံတွေ့ရသော အဖြစ်အပျက်မှာ အရပ်သားများ အစုလိုက်အပြုံလိုက် ဘေးကင်းရာသို့ တိမ်းရှောင်မှုပင်ဖြစ်သည်။ ထိုသို့အရပ်သားများ အစုလိုက်အပြုံလိုက် ထွက်ခွာတိမ်းရှောင်ခြင်းသည် ထိုသူတို့၏ တိုင်းပြည်အတွင်းမှာပင်ဖြစ်စေ၊ နယ်နမိတ်ကို ဖြတ်ကျော်၍

အခြားနိုင်ငံထိတိုင်အောင် ဖြစ်လေ့ရှိတတ်သည်။ လက်ရှိကမ္ဘာပေါ်တွင် ဒုက္ခသည်ပေါင်း ၁၈သန်းခန့်နှင့် မိမိတိုင်းပြည်အတွင်းမှာပင် အတည်တကျမရှိဘဲ လှည့်လည်နေထိုင်နေရသူပေါင်း သန်းပေါင်း ၂၀ မှ ၃၀ အတွင်းရှိသည်ဟု ခန့်မှန်း ထားလျက်ရှိရာ ထိုသူအများစုမှာ အမျိုးသမီးများနှင့် ကလေးသူငယ်များဖြစ်ကြသည်။ ထို့အပြင် စစ်ပွဲများအတွင်း သေဆုံးခဲ့ရသော အရပ်သားများထဲတွင်လည်း အမျိုးသမီး ပမာဏများပြားလှကြောင်း တွေ့မြင်နိုင်သည်။ လေ့လာတွေ့ရှိချက်များအရ စစ်ပွဲများအတွင်း သေဆုံးခဲ့ကြရသော အပြစ်မဲ့အရပ်သားများထဲတွင် အမျိုးသမီးများသည် ၇၅ ရာခိုင်နှုန်း ပါဝင်လျက်ရှိသည်။ ဤအချက်များကို ကြည့်ခြင်းအားဖြင့် စစ်ဘေးဒဏ်နှင့် လက်နက်ကိုင်ပဋိပက္ခတို့၏ ဆိုးကျိုးကိုအများဆုံးခံစားရသူတို့မှာ အမျိုးသမီးများဖြစ်ကြောင်း တွေ့မြင်နိုင်သည်။ ဒုက္ခသည်များနှင့် မိမိတိုင်းပြည်အတွင်းမှာပင် အတည်တကျမရှိဘဲ လှည့်လည်နေထိုင်နေရသူတို့အထဲတွင် အမျိုးသမီးပမာဏ အများဆုံးပါဝင်နေသော်လဲ ၎င်းတို့နှင့်ပတ်သက်သည့် စီမံကိန်းများ ချမှတ်ရာတွင် ထိုအမျိုးသမီးများအတွက် အထူးကူညီမှု ကာကွယ်မှုလိုအပ်နေမှုများမပါဝင်ဘဲ မကြာခဏဆိုသလို လစ်လျူရှု ခံနေရသည်မှာလဲ ဝမ်းနည်းစရာကောင်းသော အချက်တချက်ပင်ဖြစ်သည်။

လက်နက်ကိုင်ပဋိပက္ခများအတွင်း အမျိုးသမီးမည်မျှ အကြမ်းဖက်စော်ကားခံရသည်ကို စစ်တမ်းပြုလုပ်ရန်မှာ အမှန်တကယ်ခက်ခဲသော အလုပ်တခုဖြစ်သည်။ အကြမ်းဖက်စော်ကားခံရသော အမျိုးသမီးများသည် သူတို့အပေါ် ကူညီစောင့်ရှောက်မှုများ မရှိသည့်အခါ ထုတ်ဖော်ပြောဆိုခြင်းမရှိဘဲ လူမသိသူမသိနှင့် ရင်ငုံနူတ်ပိတ်ကြလေ့ရှိသည်။ မိမိကြုံတွေ့ခံစားခဲ့ရသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို မိမိအပေါ် စာနာနားလည်သူများကိုသာ ပြောလိုကြသည်။ မိမိပြောလိုက်မှ မိမိအပေါ် အပြစ်တင်ခံရမည်၊ နှိမ့်ချခံမည်ကို စိုးရိမ်ကြောက်ရွံ့သောကြောင့် မည်သူ့ကိုမှ ဖွင့်ဟမတိုင်ပင်ဝံ့သည့်အဖြစ်များလဲ များစွာရှိသည်။ အချို့ကလည်း မိမိထုတ်ဖော်ပြော လိုက်ပါက မိမိအပေါ် နောက်ထပ်စော်ကားမှုများ ဖြစ်လာလိမ့်မည်၊ မိမိထုတ်ဖော်ပြောသည့်အတွက် ကျူးလွန်သူက မိမိအပေါ် လက်တုန့်ပြန်လိမ့်မည်ကို စိုးရိမ် ကြောက်လန့်သောကြောင့် မပြောဝံ့သည်လဲ ရှိတတ်သည်။ အထူးသဖြင့် အကြမ်းဖက်စော်ကားသူများသည် တာဝန်ရှိသူများ၊ အာဏာရှိသူများဖြစ်ပါက ပိုမိုကြောက်ရွံ့ နေတတ်ကြသည်။ ထို့အပြင် ထိုသို့ဖြစ်ရခြင်းမှာ မိမိ၏အမှားကြောင့်၊ မိမိအသုံးမကျသောကြောင့် ဖြစ်ရသည်ဟု ယူဆသည့် မှားယွင်းသော အရှက်တရားကြောင့် ထုတ် ဖော်မပြောသည် တို့လဲ ရှိသည်။

တချို့လူနေမှုအသိုင်းအဝိုင်းတို့တွင် လိင်ပိုင်းဆိုင်ရာ စော်ကားခံရသူအမျိုးသမီးကို ဝိုင်းဝန်းစာနာကူညီမှုပေးရမည့်အစား မိသားစုအတွက် အရှက်ရသည်ဟုဆိုကာ ဝိုင်းဝန်းအပြစ်ဆိုမှု၊ ဝိုင်းကျဉ်မှုများရှိသည်။ လိင်ပိုင်းစော်ကားခြင်းသည် အမျိုးသမီးတဦး၏ ဂုဏ်သိက္ခာကို စော်ကားခြင်းဖြစ်သည်ဟု မြင်ရမည့်အစား ထိုသို့ ကျူးလွန်စော်ကားခံရသော အမျိုးသမီးကြောင့် မိသားစု၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသည်ဟု မြင်သည့် အမြင်မျိုးကလည်းရှိသေးသည်။ ထိုအခါမျိုးတွင် အကြမ်းဖက်စော်ကားခံရသော အမျိုးသမီးများက ထုတ်ဖော်ပြောဆိုရန်မဝံ့မရဲဖြစ်၍ သတင်းအချက်အလက်များရရှိရန် ခက်ခဲခြင်းဖြစ်သည်။ ထို့အပြင် ထိုသို့အကြမ်းဖက် စော်ကားမှုများ ကျူးလွန်ဖြစ်ပွားသော နေရာများသည် ပြင်ပမှအခြားသူများ သွားရောက်သတင်းယူရန် ခက်ခဲသော နေရာဒေသများ ဖြစ်လေ့ရှိသောကြောင့် အချက်အလက်များ ရရှိရန်မှာလဲ ခက်ခဲတတ်သည်။

လက်နက်ကိုင်စစ်ပွဲများကြောင့် အမျိုးသမီးများရင်ဆိုင်ခံစားရသည့် အကြမ်းဖက်မှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများမှာ ဆိုးဝါးလှသလောက် ထိုအဖြစ်များကို တိတိကျကျမှတ်တမ်းတင်ဖော်ထုတ်မှုမှာ နည်းပါးလှသည်ကိုလဲ စိတ်မကောင်းဖွယ် တွေ့ရှိရသည်။ အချက်အလက်များကို ရှာဖွေဖော်ထုတ်သူများ၊ မှတ်တမ်းတင်သူများသည် အများအားဖြင့် အမျိုးသားများ ဖြစ်သောကြောင့် အမျိုးသမီးများ ခံစားရသော အဖြစ်ဆိုးများသည် မှတ်တမ်းတင်မှုမရှိဘဲ လူမသိသူမသိနှင့် ပျောက်ကွယ်ခဲ့ကြရသည့် အဖြစ်များ များစွာရှိခဲ့သည်။ ထို့အတွက်ကြောင့် အမျိုးသမီးများ၏ ဘဝကို စာနာနားလည်သော လူ့အခွင့်အရေး စုံစမ်းစစ်ဆေးသူများ ထွန်းကားရန်လိုအပ်လှပေသည်။

# အခန်း (၂)

## လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု (Sexual Violence)

***လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဆိုတာဘာလဲ။***

လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဆိုသည်မှာ အသွင်အမျိုးမျိုးရှိတတ်သည်။ အောက်ပါတို့မှာ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် အကြုံးဝင်သောအရာများဖြစ်သည်။

(၁) အဓမ္မလိင်ဆက်ဆံခြင်း၊ မုဒိန်းကျင့်ခြင်း၊
(၂) မဖွယ်မရာလုပ်ခြင်း (သားမြတ်၊ ရင်သားတို့ကို ကိုင်တွယ်ခြင်း)
(၃) လိင်ကျေးကျွန်အဖြစ်စေခိုင်းခြင်း၊
(၄) အတင်းအကြပ် လက်ထပ်စေခြင်း၊ လက်ထပ်ယူခြင်း၊
(၅) အတင်းအကြပ် ကိုယ်ဝန်ယူစေခြင်းနှင့် ကိုယ်ဝန်ဖျက်ချစေခြင်း၊
(၆) လိင်တန်ဆာအားဖျက်ဆီးခြင်း စသည်တို့ဖြစ်သည်။

လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို နိုင်ငံတကာဥပဒေများတွင် အတိအကျ အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းမရှိသေးပါ။ မကြာခင်ဖွဲ့စည်းနိုင်တော့မည်ဖြစ်သော နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာတရားရုံး (International Criminal Court) တွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို အောက်ပါအတိုင်းအဓိပ္ပာယ်ဖွင့်ဆိုထားသည်။

"ကျူးလွန်သူသည် တစုံတယောက်ကိုဖြစ်စေ၊ လူတစုကိုဖြစ်စေ အင်အားသုံး၍

- အင်အားသုံး၍ ခြိမ်းခြောက်လျှင်၊ ဘေးကြပ်နံကြပ်ဖြစ်စေလျှင်
- အကြမ်းဖက်ခံရမည်ကို ကြောက်ရွံ့၍ လိုက်လျောရလျှင်
- ဖမ်းဆီးချုပ်နှောင်ခံရမည်ကို ကြောက်ရွံ့၍ လိုက်လျောရလျှင်
- စိတ်ပိုင်းဆိုင်ရာဖိနှိပ်မှုခံရမည်ကို ကြောက်ရွံ့၍ လိုက်လျောရလျှင်
- အာဏာကိုအလွဲသုံးစားပြု၍လုပ်ဆောင်လျှင်
- အခြားရွေးစရာလမ်းမရှိတော့သဖြင့် လိုက်လျောရသည်ဖြစ်လျှင်

မိမိဆန္ဒအမှန်အတိုင်း ထုပ်ဖော်ပြောဆိုခွင့်မရှိတော့သည့်အခြေအနေဖြစ်လျှင် လိင်ပိုင်းဆိုင်ရာဆက်ဆံမှုပြုလုပ်လျှင်၊ ကျူးလွန်လျှင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု မြောက်သည်" ဟုဆိုထားသည်။ ထိုသို့ကျူးလွန်ခြင်းသည် စစ်ပွဲဆိုင်ရာဥပဒေ (War

Crimes) နှင့် လူသားတမျိုးလုံးကို ထိခိုက်စေနိုင်သောပြစ်မှု (Crime against Humanity) မြောက်သည်ဟု အတိအလင်းဖွင့်ဆိုထားပြန်ပါသည်။ ထိုကျူးလွန်မှုသည် နိုင်ငံတကာ စစ်ပွဲတွင်ဖြစ်စေ၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွင်ဖြစ်စေ အကြုံးဝင်သည်ဟုလည်း ဆိုထားပါသည်။

### *လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် သတ်မှတ်ချက်များ*

ကျူးလွန်သည့်အဖြစ်အပျက်ကိုမူတည်၍ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို အမည်အမျိုးမျိုးခေါ်ဝေါ် သတ်မှတ်လေ့ရှိသည်။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအများစု (အထူးသဖြင့်-မုဒိန်းကျင့်ခြင်း၊ လိင်ကျေးကျွန်အဖြစ်စေခိုင်းခြင်း၊ အတင်းအကြပ် လပ်ထပ်ပေါင်းသင်းခြင်း) တို့သည် နှိပ်စက်ညှင်းပမ်းခြင်း (Torture) မြောက်၍ ထိုအမှု များထက် အကြမ်းဖက်မှုလျော့နည်းသောအပြုအမူများကို လူသားမဆန်၊ ရက်စက် ကြမ်းကြုတ်သော ဆက်ဆံမှု အပြစ်ပေးမှု (cruel, inhuman or degrading treatment or punishment) ဟု သတ်မှတ်လေ့ရှိသည်။ ထို့ပြင်လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတို့သည် လူသားထုတရပ်လုံး အပေါ်ထိခိုက်စေသောရာဇဝတ်မှု (Crime against humanity) မြောက်သည်ဟုလည်း ဆိုလေ့ရှိကြသည်။ လက်နက်ကိုင်ပဋိပက္ခများအတွင်း ကျူးလွန် သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတို့သည် စစ်မက်ဆိုင်ရာသဘောတူ စာချုပ်ပါ အချက်များကို ကျူးလွန်သောကြောင့် စစ်ပွဲဆိုင်ရာရာဇဝတ်မှု (War crime) မြောက်သည်ဟုလည်း ဆိုကြသည်။

နိုင်ငံများ၏ သက်ဆိုင်ရာ ရာဇဝတ်မှုဆိုင်ရာ ဥပဒေများထဲတွင်လည်း လိင်ပိုင်း ဆိုင်ရာ အကြမ်းဖက်မှုအမျိုးမျိုးကို နိုင်ငံအလိုက် သီးသန့်အဓိပ္ပာယ်ဖွင့်ဆို ကျင့်သုံး လေ့ရှိသည်။ ထို့အတွက်ကြောင့် အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် ပတ်သက်၍ လှုပ်ရှားဆောင်ရွက်သူတို့သည် မိမိတို့နိုင်ငံတော်၏ ရာဇဝတ်မှုဥပဒေများ ထဲတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတို့နှင့် ပတ်သက်၍ မည်ကဲ့သို့ အဓိပ္ပာယ်ဖွင့်ဆို ပြဋ္ဌာန်းထားသည်ကို ကြေကြေညက်ညက် လေ့လာထားရန် အထူးလိုအပ်သည်။ ဥပမာ- မုဒိန်းကျင့်မှုကို မိမိနိုင်ငံတော်ရှိရာဇဝတ်မှုဆိုင်ရာ ဥပဒေထဲတွင် မည်ကဲ့သို့ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ မည်သည့်အချက်မျိုး၊ မည်သည့်အဆင့်မျိုး ကျူးလွန်မှ ရာဇဝတ်မှုမြောက်သည်ဟု ဆိုထားသည်တို့ကို သေချာစွာ လေ့လာရန်လိုအပ်သည်။

လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်သည့် အပြုအမူအားလုံးကို နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများနှင့် လူသားချင်းစာနာထောက်ထားသော ဥပဒေနှစ်မျိုးစလုံးတွင် တားမြစ်ထားသည်။ ထိုနိုင်ငံတကာဥပဒေ နှစ်မျိုးစလုံးတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားသည်ကို တွေ့ရသည်။

## *လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် နှိပ်စက်ညှင်းပမ်းခြင်း*

လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် နှိပ်စက်ညှင်းပမ်းခြင်းကို လေ့လာရန်အတွက် နိုင်ငံတကာလူ့အခွင့်အရေးစာချုပ်များတွင် နှိပ်စက်ညှင်းပမ်းမှုကို မည်သို့အဓိပ္ပာယ်ဖွင့်ဆိုထားသည်ကို ပထမဦးဆုံးလေ့လာရမည်။ ကုလသမဂ္ဂက ပြဋ္ဌာန်းထားသည့် နှိပ်စက်ညှင်းပမ်းခြင်းနှင့်အခြားသော ရက်စက်ကြမ်းကြုတ်သော၊ လူသားမဆန်သော၊ လူ့ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသောဆက်ဆံမှု သို့မဟုတ် အပြစ်ပေးမှုဆိုင်ရာ သဘောတူစာချုပ် (အတိုကောက် – နှိပ်စက်ညှမ်းပမ်းခြင်းဆိုင်ရာစာချုပ်) တွင် နှိပ်စက်ညှင်းပမ်းမှုကို အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ “နှိပ်စက်ညှင်းပမ်းမှုဆိုသည်မှာ လူတယောက် သို့မဟုတ်အခြားလူတယောက်ထံမှ သတင်း သို့မဟုတ် ဝန်ခံချက် ရရှိစေရန်အတွက်ဖြစ်စေ၊ လူတယောက် သို့မဟုတ် အခြားလူတယောက်က ကျူးလွန်ခဲ့သော သို့မဟုတ် ကျူးလွန်သည်ဟု ယူဆရသော လုပ်ရပ်အတွက် အပြစ်ဒဏ်ခတ်ခြင်းအတွက်ဖြစ်စေ၊ လူတယောက် သို့မဟုတ် အခြားလူတယောက်အား အနှောက်အယှက်ဖြစ်စေရန် သို့မဟုတ် အကြပ်ကိုင်ရန် ရည်ရွယ်၍ဖြစ်စေ၊ ခွဲခြားဖိနှိပ်မှု အကြောင်းအရာတခုခုကို အခြေခံ၍ဖြစ်စေ၊ စုံစမ်းစစ်ဆေးနေသည့် အချိန်အတောအတွင်း သို့မဟုတ်ပါက တာဝန်ရှိပုဂ္ဂိုလ်ဖြစ်စေ တရားဝင် တာဝန်အဆင့်အတန်းကို ထမ်းဆောင်နေသောသူဖြစ်စေ တဦးဦးက သိလျက်နှင့် သို့မဟုတ် ဆန္ဒဖြင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြင်းထန်သော နာကျင်မှု သို့မဟုတ် ဝေဒနာကိုခံစားစေသောအပြုအမူ” ဟု ဆိုထားပါသည်။ နိုင်ငံတကာ၏ လက်ခံထားချက်အရ နှိပ်စက်ညှင်းပမ်းမြောက်ရန် အချက် (၃) ချက်နှင့် ပြည့်စုံရမည်ဖြစ်သည်။ ထိုအချက်များမှာ ပထမအချက်အနေဖြင့် ပြင်းထန်သော နာကျင်မှု သို့မဟုတ် ဝေဒနာဖြစ်စေရမည်။ ဒုတိယအချက်အနေဖြင့် ရည်ရွယ်ချက်ရှိရှိဖြင့် ကျူးလွန်သော လုပ်ရပ်ဖြစ်စေရမည်။ ထိုသို့နှိပ်စက်ညှမ်းမှုသည် တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် တရားဝင်တာဝန်အဆင့်အတန်းကို ထမ်းဆောင်နေသောသူ တဦးဦးက သိလျက်နှင့် သို့မဟုတ် ဆန္ဒဖြင့် ကျူးလွန်မှုဖြစ်စေရမည်။ ထို့မှသာ နှိပ်စက်ညှင်းပမ်းမှုမြောက်ပေမည်။

ထိုအဓိပ္ပာယ်ဖွင့်ဆိုချက်အရ အစိုးရဝန်ထမ်းများဖြစ်သော စစ်တပ်၊ ရဲ၊ အကျဉ်းထောင်နှင့် အခြားဝန်ထမ်းများက အမျိုးသမီးများအား အဓမ္မပြုကျင့်ခြင်းသည် အမျိုးသမီးများအား နှိပ်စက်ညှင်းပမ်းမှုမြောက်သည်။ ထိုသို့ အဓမ္မပြုကျင့်ခြင်းကြောင့် ရုပ်ပိုင်းဆိုင်ရာ ဒဏ်ရာအနာတရဖြစ်စေသလို အမျိုးသမီးများ၏ စိတ်ပိုင်းဆိုင်ရာနှင့် စိတ်ချမ်းမြေ့မှုတို့ကိုလဲ ထိခိုက်နာကျင်စေသည့်အတွက်ကြောင့်ဖြစ်သည်။ ထို့အတူ အမျိုးသမီးအကျဉ်းသားများကို ထောင်အမှုထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ စစ်သားများက အဓမ္မကျင့်ခြင်းမှာလည်း နှိပ်စက်ညှင်းပမ်းမှု မြောက်သည်ဟု ဆိုနိုင်သည်။ အဘယ်ကြောင့်ဆိုသော် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ရည်ရွယ်ချက်ရှိရှိဖြင့် ကျူးလွန်ခြင်းဖြစ်သည့်အပြင် ခံစားရသူအမျိုးသမီးများကို ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ အနာတရဖြစ်စေသောကြောင့်ဖြစ်သည်။ တခါတရံတွင် အကြမ်းဖက်ခံရသည့် နေရာများသည် အကျဉ်းထောင်အတွင်းမဟုတ်သော်လဲ အမျိုးသမီးများအား ဖမ်းဆီး ချုပ်နှောင်ထားသည့် အကျဉ်းထောင် မဟုတ်သည့်နေရာများ သို့မဟုတ် အမျိုးသမီးများ၏ လွတ်လပ်ခွင့်ကို ကန့်သတ်ပိတ်ပင်ထားသော နေရာများ ဖြစ်လေ့ရှိသည်။ ထိုသို့သောနေရာများတွင် ကျူးလွန်ခံရသည်ဆိုပါကလည်း အမျိုးသမီးများ ထွက်ပြေး၍ မရနိုင်အောင် ထိမ်းသိမ်းကန့်သတ်ထားသော အခြေအနေများ လွှမ်းမိုးနေသောကြောင့် အကျဉ်းထောင်တွင် ချုပ်နှောင်ထားပြီး စော်ကားခံရသည်နှင့်မခြားသည့် အခြေအနေမျိုးသာဖြစ်သည်။

### *အစိုးရမဟုတ်သောအဖွဲ့များက လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း*

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေများထဲတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုသည် တာဝန်ရှိပုဂ္ဂိုလ်ဖြစ်စေ တရားဝင် တာဝန်အဆင့်အတန်းကို ထမ်းဆောင်နေသောသူဖြစ်စေ သိလျက်နှင့် သို့မဟုတ်ဆန္ဒဖြင့်ပြုမှုမှသာ နှိပ်စက်ညှင်းပမ်းမှု သို့မဟုတ် ရက်စက်ကြမ်းကြုတ်သော၊ လူသားမဆန်သော၊ လူ့ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသော ဆက်ဆံမှု သို့မဟုတ် အပြစ်ပေးမှုမြောက်သည်ဟု ဆိုထားသည်။ ထိုသို့ဆိုလျှင် အစိုးရတပ်ဖွဲ့များမဟုတ်သော လက်နက်ကိုင်အဖွဲ့များက ကျူးလွန်သော အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို မည်ကဲ့သို့ သတ်မှတ်မည် ဆိုသည်မှာ မေးစရာအချက်ဖြစ်လာသည်။ ထိုကဲ့သို့ အစိုးရအဖွဲ့ဝင်များမဟုတ်ဘဲ အခြားသော အဖွဲ့ဝင်များက ကျူးလွန်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကိုလဲ ထိုအဖွဲ့များက

တာဝန်ခံရမည်ဖြစ်သည်။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတခုထဲသာ မဟုတ်ဘဲ အခြား မတရားသည့်အပြုအမူများဖြစ်သော ရိုက်နှက်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ ဖမ်းဆီးခြင်းများလည်း အကြုံးဝင်မည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားသည်နှင့် တပြိုင်နက် ထိုပဋိပက္ခတွင် ပါဝင်ပတ်သက်နေသော အင်အားစုများ အားလုံးတို့သည် စစ်ပွဲဆိုင်ရာနိုင်ငံတကာ လူ့အခွင့်အရေး သဘောတူစာချုပ်ဟု အများကလက်ခံ သဘောတူထားသည့် ဂျီနီဗာစာချုပ်ပါ လူ့အခွင့်အရေး အချက်အလက်များကို လေးစား လိုက်နာရန် တာဝန်ရှိပြီးဖြစ်သည်။ မည်သည့်ဖက်ကဖြစ်စေ ထိုစာချုပ်ပါအချက်ဖြစ်သည့် အမျိုးသမီးများအား နှိပ်စက်ညှင်းပမ်းခြင်းနှင့် မလျော်မကန် တိုက်ခိုက်စော်ကားမှုများ မလုပ်ဆောင်ရန် တားမြစ်ထားသည့်အချက်ကို လေးစားရန်၊ မချိုးဖောက်ရန် တာဝန်ရှိ သည်။ ထို့အတွက်ကြောင့် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့ဝင်များက လက်နက် ကိုင်ပဋိပက္ခအတွင်း အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ကျူးလွန် ပါက ထိုအဖွဲ့များတွင် တာဝန်ရှိပေသည်။ ထိုသူများကို နိုင်ငံတကာ ဥပဒေနှင့်သာ မဟုတ်ဘဲ ပြည်တွင်းနိုင်ငံတော်ဥပဒေများဖြင့်လည်း အရေးယူအပြစ်ပေးနိုင်သည်။

## *လူတဦးချင်းက လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း*

ထိုသို့ဆိုလျှင် အခြားလူတဦးက ကျူးလွန်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက် မှုကို မည်ကဲ့သို့သတ်မှတ်မည်နည်းဟူသော မေးခွန်းတခု နောက်ထပ်ပေါ်ပေါက်လာ နိုင်သည်။ နိုင်ငံတကာဥပဒေများအရ အစိုးရက ထိုသို့အကြမ်းဖက်မှုကို သိလျက်နှင့် မသိဟန်ဆောင်သော သို့မဟုတ် ထိုသို့ကျူးလွန်ရန် အားပေးအားမြှောက်ပြုသော အခါမှသာ ထိုအမှုအတွက် နိုင်ငံတော်အစိုးရတွင် တာဝန်ရှိမည်ဖြစ်သည်။ ထိုသို့မဟုတ် ပါက လူတဦးချင်းကျူးလွန်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများသည် သာမန် ရာဇဝတ်မှုသာ မြောက်ပေလိမ့်မည်။

# အခန်း (၃)
## နိုင်ငံတကာဥပဒေများ

***နိုင်ငံတကာဥပဒေများမည်သို့ပေါ်ပေါက်လာသနည်း။***

နိုင်ငံတကာဥပဒေများသည် အဓိကအားဖြင့် အသွင်သုံးမျိုးကို အခြေခံထားသည်ကို တွေ့ရှိရသည်။ ပထမတမျိုးမှာ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ သဘောတူစာချုပ်များဖြစ်ပြီး လက်မှတ်ရေးထိုးရန်လိုသော ပဋိညာဉ်များ၊ သဘောတူစာချုပ်များ၊ စာချုပ်စာတမ်းများဖြစ်သည်။ အဓိကအားဖြင့် ကမ္ဘာ့ကုလသမဂ္ဂက အတည်ပြုပြဋ္ဌာန်းထားလေ့ရှိပြီး သက်ဆိုင်ရာနိုင်ငံများက လက်မှတ်ရေးထိုးရန်လိုအပ်သည်။ လက်မှတ်ရေးထိုးသော နိုင်ငံကိုသာလျှင် ဩဇာသက်ရောက်မှုရှိနိုင်သည်။ နောက်ထပ်တခုမှာ အပြည်ပြည်ဆိုင်ရာ လက်ခံထားသော ထုံးထမ်းစဉ်လာ ကျင့်ထုံးများဖြစ်ပြီး လက်မှတ်ထိုးထားသည်ဖြစ်စေ မထိုးထားသည်ဖြစ်စေ ကမ္ဘာနိုင်ငံအသီးသီးက လေးစားလိုက်နာရန် လိုအပ်သည့်သဘောရှိသည်။ လူသားချင်းစာနာထောက်ထားသောဥပဒေ (Humanitarian Law) များသည် နိုင်ငံတကာအနေဖြင့် စစ်ပွဲအတွင်း လေးစားလိုက်နာရန် တာဝန်ရှိသော ကျင့်ဝတ်များဖြစ်သောကြောင့် ယခုအမျိုးအစားတွင် ပါဝင်သည်။ ထိုသို့လိုက်နာရန်လိုအပ်သော ထုံးထမ်းစဉ်လာများကို ကမ္ဘာ့သမိုင်းတွင် ပေါ်ပေါက်ခဲ့သော နိုင်ငံတကာခုံရုံးများ၊ ဒေသဆိုင်ရာခုံရုံးများ၏ ဆုံးဖြတ်မှုများတွင် အများဆုံးတွေ့မြင်ရသည်။ နောက်ဆုံးတခုမှာ အာဏာရှိသော အဖွဲ့အစည်းတခုခုက အဓိပ္ပာယ်ဖွင့်ဆိုထားချက်များ၊ ပေါ်လစီများဖြစ်သည်။ ဥပမာ– အမေရိကန်နိုင်ငံများအားလုံးဆိုင်ရာ လူ့အခွင့်အရေးတရားရုံးက နိုင်ငံတကာအသိုင်းအဝိုင်းများအနေဖြင့် လေးစားလိုက်နာရန် လိုအပ်သည်ဟု ထုတ်ဖော်ပြောဆိုသည့် ကြေညာစာတမ်းများ၊ အကြံပေးချက်များ၊ အဆိုပြုချက်များ စသည်တို့ဖြစ်သည်။ ထိုအရာများသည် တည်ဆဲနိုင်ငံတကာ ဥပဒေများကဲ့သို့ နိုင်ငံအားလုံးကို လိုက်နာရမည်ဟူသော သက်ရောက်မှုမရှိသေးသော်လည်း နိုင်ငံတကာဥပဒေများ နောက်ထပ်ပေါ်ပေါက်လာရာတွင် ထိုအချက်များကို မူလပထမအဆင့်ကပင် ထည့်သွင်းစဉ်းစားလေ့ရှိသောကြောင့် ၎င်းအချက်များသည်လည်း အရေးပါသည်ကို တွေ့ရသည်။ ထိုအသွင်သုံးမျိုးတို့မှတဆင့် နိုင်ငံတကာ ဥပဒေများ ပေါ်ပေါက်မြစ်ဖျားခံလာကြခြင်းဖြစ်သည်။ ထိုသို့ပေါ်ပေါက်လာသော နိုင်ငံတကာဥပဒေများသည် နိုင်ငံ

တကာက ထိုကဏ္ဍနှင့်ပတ်သက်၍ ထိုဥပဒေများ လိုအပ်ကြောင်း ဝိုင်းဝန်းသဘောတူ၍ သာ ပေါ်ပေါက်လာရခြင်းဖြစ်သည်။ နိုင်ငံအများစုက လက်ခံသဘောတူညီမှုမရှိဘဲ ထိုနိုင်ငံတကာဥပဒေများ ပေါ်ပေါက်အသက်ဝင် လာလိမ့်မည်မဟုတ်ပါ။

## *လူသားချင်းစာနာထောက်ထားသောဥပဒေ (Humanitarian Law)*

စစ်ပွဲဥပဒေ (Laws of War) ဟုလည်း ခေါ်ဝေါ်လေ့ရှိသော လူသားချင်း စာနာထောက်ထားသောဥပဒေသည် လူသားချင်းစာနာထောက်ထားသော ရည်ရွယ်ချက်ဖြင့် လက်နက်ကိုင်ပဋိပက္ခ၏ ဆိုးကျိုးသက်ရောက်မှုကို ကန့်သတ်နိုင်ရန် စာချုပ်စာတမ်းဖြင့်ဖြစ်စေ၊ လေးစားလိုက်နာရန် တာဝန်ရှိသော ဓလေ့ထုံးစံဖြင့်ဖြစ်စေ တည်ရှိလျက်ရှိသည်။ ထိုဥပဒေသည် လက်နက်ကိုင်ပဋိပက္ခအတွင်း အန္တရာယ်ကျရောက်နိုင်သူ၊ ကူညီမှုများလိုအပ်သူများကို ကာကွယ်ပေးရန်အတွက် ရည်ရွယ်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ ဟာခ့်မြို့သဘောတူစာချုပ် (Conventions of the Hauge)၊ ၁၉၄၉ ခုနှစ် ဂျီနီဗာသဘောတူစာချုပ် (Geneva Convention –1949)၊ ၁၉၇၇ နောက်ဆက်တွဲ စာချုပ်နှစ်ခု (two additional protocols – 1977) တို့နှင့် နိုင်ငံတကာခုံရုံးများ၏ ဆုံးဖြတ်ချက်များအပါအဝင် အခြားနိုင်ငံတကာထုံးထမ်းစဉ်လာများသည် ဤလူသားချင်းစာနာထောက်ထားသော ဥပဒေများ၏ အခြေခံများပင်ဖြစ်သည်။

## *အမျိုးသမီးများနှင့် လူသားချင်းစာနာထောက်ထားသော ဥပဒေများ*

အမျိုးသမီးများအား စစ်သားများက လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းနှင့် အခြားသူများက အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ကျူးလွန်စေရန် အစိုးရတာဝန်ရှိသူများက သိသိလျက်နှင့် အားပေးအားမြှောက်ပြုခြင်းများကို လွန်ခဲ့သော ရာစုကထည်းကပင် လူသားချင်းစာနာထောက်ထားသော ဥပဒေများတွင် တားမြစ်ပိတ်ပင်ထားသည်။ ထို့အပြင် ထိုဥပဒေများထဲတွင် လက်နက်ကိုင်ပဋိပက္ခများအတွင်း အရပ်သားအမျိုးသားများနှင့် အမျိုးသမီးများအကြား ခွဲခြားဖိနှိပ်မှုမရှိဘဲ တန်းတူအခွင့်အရေးပေးရန်ကိုလည်း ထည့်သွင်းပြဋ္ဌာန်းထားသည်။ လက်နက်ကိုင်ပဋိပက္ခများအတွင်း အမျိုးသမီးများအား တန်းတူအခွင့်အရေးရရှိအောင် လုပ်ဆောင်ပေးရမည့်အပြင် အကြမ်းဖက်ခံရမှုကို ပိုမိုကြုံတွေ့ရင်ဆိုင်နိုင်ရသည့် အမျိုးသမီးများ

အတွက် ကာကွယ်မှုများ အထူးလုပ်ဆောင်ပေးရမည်ဟုလည်း ထိုဥပဒေများတွင် ဆိုထားသည်။ သာမန်အရပ်သားများအပေါ် ကာကွယ်မှုများအပြင် စစ်ပွဲ၏မကောင်းမှု ဆိုးကျိုးများကို ပိုမိုခံစားရနိုင်မည့်၊ အန္တရာယ်ပိုမိုကျရောက်နိုင်မည့် အမျိုးသမီးများအား ပိုမိုကူညီစောင့်ရှောက်မှု လိုအပ်သည်ဟုဆိုလိုခြင်းဖြစ်သည်။ ဂျီနီဗာသဘောတူစာချုပ်၏ အပိုဒ် (၂၇) တွင် "အမျိုးသမီးများ၏ ဂုဏ်သိက္ခာကို ထိခိုက် နစ်နာစေသောတိုက်ခိုက်မှု (အထူးသဖြင့် အဓမ္မကျင့်ခြင်း၊ အဓမ္မပြည့်တန်ဆာအဖြစ် စေခိုင်းခြင်းနှင့် အခြားမလျော်ကန်သည့်ထိခိုက်စေမှုများ) အားအထူးကာကွယ်ပေးရန်" ဖော်ပြထားသည်။

နိုင်ငံတကာ လက်နက်ကိုင် ပဋိပက္ခမဟုတ်သော ပြည်တွင်းစစ်များအတွင်းတွင်လည်း အမျိုးသမီးများအား အထူးကာကွယ်မှုပြုရန် ဂျီနီဗာသဘောတူစာချုပ် နောက်ဆက်တွဲစာချုပ် ၂ ၏ အပိုဒ် ၄ (၂) (န) တွင် "အမျိုးသမီးများ၏ ဂုဏ်သိက္ခာကို ထိခိုက်နစ်နာစေသော တိုက်ခိုက်မှု (အထူးသဖြင့် အဓမ္မကျင့်ခြင်း၊ အဓမ္မပြည့်တန်ဆာအဖြစ် စေခိုင်းခြင်းနှင့် အခြားမလျော်ကန်သည့် ထိခိုက်စေမှုများ) အား အထူးကာကွယ်ပေးရမည်" ဟု ဆိုထားသည်။

***ဂျီနီဗာစာချုပ်နှင့် နောက်ဆက်တွဲစာချုပ်များသည် ၎င်းကိုလက်မှတ်မထိုးထားသော နိုင်ငံများအပေါ် အကြုံးဝင်နိုင်ပါသလား။***

လူသားချင်း စာနာထောက်ထားသော ဥပဒေအတော်များများကို သဘောတူလက်မှတ်ရေးထိုးသည်ဖြစ်စေ၊ မထိုးသည်ဖြစ်စေ ထိုဥပဒေများကို နိုင်ငံများအနေဖြင့် လေးစားလိုက်နာရန် တာဝန်ရှိသည်။ ဂျီနီဗာစာချုပ်နှင့် နောက်ဆက်တွဲစာချုပ်များကို နိုင်ငံအားလုံးနီးပါးက လက်မှတ်ထိုးထားသည့်အတွက် ထိုစာချုပ်ပါအချက်များကို လေးစားလိုက်နာရန်တာဝန်ရှိပြီးဖြစ်သည်။ ထို့မှမက ဂျီနီဗာစာချုပ်ပါ သဘောထားများကို နိုင်ငံကလက်မှတ်ထိုးသည်ဖြစ်စေ၊ မထိုးသည်ဖြစ်စေ လေးစားလိုက်နာရန် လိုအပ်သည်ဟူသော အယူအဆကို ထောက်ခံသူများ ယနေ့အခါ ပိုမိုများပြားလာနေပြီဖြစ်သည်။ ထို့အပြင် ထိုအချက်များကို လက်နက်ကိုင် ပဋိပက္ခတွင် ပါဝင်သော အဖွဲ့အစည်းများအားလုံး လိုက်နာရန်၊ နိုင်ငံတကာ စစ်ပွဲများတွင်သာမက ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများတွင်ပါ လိုက်နာရန်လိုသည်ဟု နိုင်ငံတကာ ရာဇဝတ်မှုတရားရုံးက ဖွင့်ဆိုထားသည်။

## *အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေ (International Human Rights Laws)*

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေများထဲတွင် လက်နက်ကိုင် ပဋိပက္ခများအတွင်းရှိ အမျိုးသမီးများအား ကာကွယ်ပေးမှုနှင့် သက်ဆိုင်သော အချက်အလက်များကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း (Universal Declaration of Human Rights)၊ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (International Convenant on Civil and Political Rights- ICCPR)၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားထားမှုအားလုံး ပပျောက်ရေးသဘောတူစာချုပ် (Convention on the Elimination of All Forms of Discrimination against Women)၊ နှိပ်စက်ညှင်းပမ်းမှုနှင့်အခြား ရက်စက်ကြမ်းကြုတ်သော အပြုအမူများ၊ လူသားမဆန်သောနှင့် အဆင့်အတန်းနိမ့်ကျစေသော အပြုအမူများဆန့်ကျင်ရေးစာချုပ် (Convention against Torture, and Other cruel, inhumane or Degrading Treatment or Punishment) တို့တွင် တွေ့မြင်နိုင်သည်။ ထိုနိုင်ငံတကာဥပဒေများထဲတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအား လက်နက်ကိုင်ပဋိပက္ခအချိန်အတွင်းသာမက အခြားငြိမ်းချမ်းသော အချိန်အတွင်းတွင်ပါ တားဆီးပိတ်ပင်ထားသည်။ လက်နက်ကိုင်ပဋိပက္ခအတွင်းရှိ အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းသည် အထက်ဖော်ပြပါနိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများထဲတွင် ကာကွယ်စောင့်ရှောက်ထားသော အမျိုးသမီးအခွင့်အရေးများကို အကြီးအကျယ် ချိုးဖောက်ခြင်း မြောက်သည်။

# အခန်း (၄)
## လူ့အခွင့်အရေးစောင့်ကြပ်ခြင်း (Human Rights Monitoring)

***လူ့အခွင့်အရေးစောင့်ကြပ်ခြင်း ဆိုသည်မှာအဘယ်နည်း။***


လူ့အခွင့်အရေး စောင့်ကြပ်ခြင်းဆိုသည်မှာ လူ့အခွင့်အရေးနှင့် အခြေခံ လွတ်လပ်ခွင့်များကို အစိုးရများက မည်မျှကာကွယ်နေသည်။ မည်မျှတိုးတက်အောင် လုပ်နေသည်ကို အမြဲမပြတ်လေ့လာစောင့်ကြပ်နေခြင်းဖြစ်သည်။ နိုင်ငံတော်အစိုးရက သဘောတူလက်မှတ်ရေးထိုးထားသော လူ့အခွင့်အရေး သဘောတူစာချုပ် အချက်အလက်များကို ထိုနိုင်ငံအစိုးရအနေဖြင့် အမှန်တကယ်လိုက်နာဆောင်ရွက်ခြင်း ရှိမရှိ သိရှိရန်အတွက် လူ့အခွင့်အရေး စောင့်ကြပ်မှုသည် မရှိမဖြစ်လိုအပ်သည်။ သို့မှသာ လူ့အခွင့်အရေး သဘောတူစာချုပ်များ၏ ရည်ရွယ်ချက်များကို အစိုးရတွင် တာဝန်ရှိသည့်အတိုင်း ပြည့်ဝအောင်ထမ်းဆောင်မှုရှိမရှိ သိရှိနိုင်ပေမည်။

လူ့အခွင့်အရေးဥပဒေများနှင့် လူ့အခွင့်အရေးစံချိန်စံနှုန်းများကို မည်ကဲ့သို့ အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်းသိရှိရန် လိုအပ်သည့်သတင်းအချက်အလက်များ စုံစမ်းစုဆောင်းခြင်း (Investigation and Documentation) သည် လူ့အခွင့်အရေး စောင့်ကြပ်ခြင်းလုပ်ငန်းစဉ်၏ ပထမအစလုပ်ငန်းစဉ်ဖြစ်သည်။ လူ့အခွင့်အရေး စောင့်ကြပ်မှုသည် လူ့အခွင့်အရေးဥပဒေများထဲတွင် ပါဝင်သော စံချိန်စံညွှန်းအချက်အလက်များကို အခြေပြုရန်လိုအပ်သလို လူ့အခွင့်အရေး ချိုးဖောက်မှုများကို အချိန်ကိုက်၊ တိတိကျကျရရှိနိုင်ရန်အတွက် သတင်းအချက် အလက်များ ရှာဖွေစုဆောင်းခြင်းကိုလည်း ဆောင်ရွက်ရန်လိုအပ်သည်။ ထိုသတင်းစုဆောင်းခြင်းစနစ်ကို လူ့အခွင့်အရေး ချိုးဖောက်မှုအမျိုးအစားများအလိုက် သီးသန့်ရွေးချယ်လုပ်ဆောင်ပါက ပိုမိုအသုံးဝင်သည်၊ လက်တွေ့ကျသည်ကို လေ့လာတွေ့ရှိရသည်။ ထို့နောက် ထိုသီးသန့်ရွေးချယ်ထားသော အချက်များသည် အမှန်တကယ်ချိုးဖောက်ခံနေရသည်၊ နိုင်ငံအစိုးရက ထိုအချက်များကို အမှန်တကယ်ချိုးဖောက်နေသည်ကို ထင်ထင်ရှားရှား သက်သေပြနိုင်မည့်အဖြစ်အပျက်များ၊ အခြေအနေများကို အသေးစိတ်ဆန်းစစ်ရန် (Analysis) လိုအပ်သည်။ မိမိရွေးချယ်ထားသော လူ့အခွင့်အရေးအချက်များကို နိုင်ငံ

အစိုးရက မည်ကဲ့သို့ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်နေသည့်အချက်များ၊ မည်သို့ဆောင်ရွက်နေသည်များကို ဖော်ပြနိုင်မည့်တွေ့ရှိချက်များ၊ လူ့အခွင့်အရေး ချိုးဖောက်မှုအချက်များသည် တခုနှင့်တခု မည်သို့ဆက်စပ်နေကြသည်ဆိုသော အချက်များ ဆန်းစစ်ဖော်ထုတ်ပြသနိုင်ပါက ပိုမိုအကျိုးရှိမည်ဖြစ်သည်။

ထိုသို့ဆန်းစစ်ချက်များ ပြုလုပ်နိုင်မည်ဆိုပါက ထိုလူ့အခွင့်အရေး ချိုးဖောက်မှုများကို ကုစားနိုင်အောင် မည်သို့လှုံ့ဆော်မှုများ လုပ်ဆောင်သင့်သည်၊ မည်သည့် ကူညီလုပ်ဆောင်မှုများ ပြုလုပ်သင့်သည်ဆိုသည့် အချက်များ (**Planning**) လက်တွေ့ကျကျပေါ်ထွက်လာပေလိမ့်မည်။ လူ့အခွင့်အရေးချိုးဖောက်ခံရသူများကို ချက်ခြင်း အရေးယူဆောင်ရွက်မှုများ (**Intervention**) မည်သို့လုပ်ဆောင်နိုင်မည်လဲ၊ သို့မဟုတ် အလားတူအဖြစ်အပျက်များ နောက်ထပ်မပေါ်ပေါက်နိုင်အောင် မည်ကဲ့သို့တားဆီးကာကွယ်လှုံ့ဆော်မည်လဲ (**Advocacy**) ဆိုသည့်အချက်များကို ဆန်းစစ်တွေ့ရှိချက်များ အပေါ်မူတည်၍ ရွေးချယ်ရန်လိုအပ်သည်။

*လူ့အခွင့်အရေးစောင့်ကြပ်ခြင်းလုပ်ငန်းစဉ် (Human Rights Monitoring Process)*



# အခန်း (၅)

## စုံစမ်းစစ်ဆေးခြင်း (Investigation)

***စုံစမ်းစစ်ဆေးခြင်းဆိုတာဘာလဲ၊***

စုံစမ်းစစ်ဆေးခြင်းဆိုသည်မှာ လူ့အခွင့်အရေး ချိုးဖောက်ခံရသည်ဟု စွပ်စွဲထားသော အဖြစ်အပျက်တခုအား အမှန်တကယ်လူ့အခွင့်အရေးချိုးဖောက်ပါသည်ဟု ခိုင်ခိုင်မာမာ ပြောဆိုနိုင်ရန်အတွက် လိုအပ်သော သတင်းအချက်အလက်များ၊ သက်သေခံ အထောက်အထားများ စုဆောင်းရှာဖွေခြင်းဖြစ်သည်။ စုံစမ်းစစ်ဆေးခြင်း၏ အဓိကအခြေခံအချက်မှာ လူ့အခွင့်အရေး ချိုးဖောက်ခံရသော သတင်းအချက်အလက်များကို ရှာဖွေစုံစမ်းဖော်ထုတ်ခြင်းပင်ဖြစ်သည်။ သတိပြုရန်အချက်မှာ သတင်းသက်သက်ကို တင်ပြယုံဖြင့် အသုံးကျလိမ့်မဟုတ်ပါ။ ထိုသတင်းအချက်အလက်ကို အသုံးပြုပြီး ထိုအဖြစ်အပျက် အမှန်တကယ်ဖြစ်ပွားခဲ့ကြောင်း အခြားသူများကယုံကြည်လာအောင် လုပ်ဆောင်နိုင်မှသာ အသုံးဝင်လိမ့်မည်ဖြစ်သည်။ ထို့အတွက်ကြောင့် မိမိရှာဖွေစုံစမ်းဖော်ထုတ်ထားသော သတင်းသည် အသေးစိတ် ကျရန်လိုသလို တိကျမှုရှိရန်လည်း အထူးအရေးကြီးသည်။

မိမိအနေဖြင့် ထိုအဖြစ်သည် လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်ကြောင်း ခိုင်ခိုင်လုံလုံပြောဆိုပြသနိုင်ရန်အတွက် မည်သည့်အချက်အလက်၊ အထောက်အထားများကို အဓိကထား၊ မမေ့မလျော့ရှာဖွေစုံစမ်းရမည်ကို ရှင်းရှင်းလင်းလင်းသိရှိရမည်။ သို့မှသာ ထိုအချက်များကို မည်သို့ရအောင်ရှာဖွေရမည်ကို ကြိုတင်ပြင်ဆင်နိုင်မည်။

***ဘာကြောင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းစုဆောင်းရန်လိုအပ်သလဲ။***

ပထမဦးဆုံးရည်ရွယ်ချက်မှာ လူ့အခွင့်အရေးများကို လူအများသိရှိစေရန် အတွက် ဖော်ထုတ်တင်ပြရန်ဖြစ်သည်။ အမျိုးသမီးများအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုအတော်များများမှာ လူမသိသူမသိဖြစ်တတ်သည်။ လစ်လျူရှုမှုခံရတတ်သည်။ ထိုသို့ချိုးဖောက်ခံရမှုများဖော်ထုတ်တင်ပြခြင်းဖြင့် "ဒီလိုအဖြစ်အပျက်တွေ မရှိပါ

ဘူး၊ ဒီအဖြစ်တွေဟာ လူ့အခွင့်အရေးချိုးဖောက်မှုများမဟုတ်ဘူး” ဟု ယူဆထားသည့် အယူအဆမှားများကို ချေဖျက်ပြောင်းလဲပစ်နိုင်မည်ဖြစ်သည်။ ထိုသို့ လုပ်ဆောင်ခြင်း အားဖြင့် ထိုအဖြစ်များကိုတားဆီးကာကွယ်သင့်သည် ဟူသောအသိများ လူထုအကြား တိုးပွားလာနိုင်သလို နိုင်ငံရေးနှင့် ဥပဒေရေးရာအရ ကူညီဆောင်ရွက်သင့်သည်ဟူသော လှုံ့ဆော်မှုများ အားကောင်းလာစေနိုင်သည်။

ထို့အပြင် ချိုးဖောက်သူများ၊ ချိုးဖောက်မှုများကို ကာကွယ်တားဆီးရန် ပျက်ကွက်မှုသည် အစိုးရများ၏ တာဝန်ပျက်ကွက်မှုဖြစ်သည်ဟူသော အမြင်များ လူထုအကြားတိုးပွားလာစေနိုင်ရန်ဖြစ်သည်။ ထိုလူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ခြင်းအားဖြင့် အမျိုးသမီးအခွင့်အရေးများကိုကာကွယ်ပေးရန် တာဝန်ရှိသော အစိုးရများ လူ့အခွင့်အရေးဌာနများအပေါ် အဖက်ဖက်က ဖိအားပိုမိုပေးစေနိုင်သည်။ ချိုးဖောက်သူများအပေါ် ချိုးဖောက်မှုများ ရပ်တံ့သွားအောင်၊ လျော့နည်းသွားအောင် ဖိအားပေးနိုင်သည်။

ထိုမျှမကသေးဘဲ ချိုးဖောက်ခံရသူအတွက် လိုအပ်သော ကူညီမှုများ၊ ကုစားမှုများ ဖြစ်ပေါ်လာအောင်အတွက်လည်း ရည်ရွယ်လုပ်ဆောင်နိုင်သည်။ ထိုသို့ချိုးဖောက်မှုများကို စုံစမ်းမှတ်တမ်းတင်ခြင်းဖြင့် ထိုအဖြစ်အပျက်များကို ဟန့်တားရန်အတွက် လိုအပ်သော ကုစားဆောင်ရွက်မှုများ လိုအပ်နေကြောင်း သက်သေပြရာရောက်သည်။ သက်ဆိုင်ရာအစိုးရအနေဖြင့် လိုအပ်သော တရားရေးနှင့် အခြားသော ကူညီလုပ်ဆောင်မှုများ လုပ်ဆောင်ရန် တာဝန်ရှိသည်ဟူသော အယူအဆဖြစ်ပေါ်စေလာနိုင်အောင်လည်း ရည်ရွယ်လုပ်ဆောင်နိုင်သည်။ တိကျခိုင်မာသော သတင်းအချက်အလက်များကို စုံစမ်းမှတ်တမ်းတင်ခြင်းဖြင့် ချိုးဖောက်ခံရသူအတွက် လိုအပ်သော အရေးယူ ကုစားမှုများ အပြင် အစိုးရဖက်က တုန့်ပြန်ဆောင်ရွက်မှုများ တိုးတက်ပေါ်ပေါက် လာစေနိုင်သည်။

နောက်ဆုံးအချက်အနေဖြင့် ထိရောက်သော လှုံ့ဆော်မှုဗျူဟာများ ချမှတ်နိုင်ရန်ဖြစ်သည်။ စုံစမ်းစစ်ဆေးသော အချက်အလက်များ ခိုင်မာတိကျလေလေ လှုံ့ဆော်မှုများ အားကောင်းလေလေဖြစ်သည်။ လှုံ့ဆော်မှုများဆောင်ရွက်သူအဖို့ ချိုးဖောက်ခံသည့် အချက်များကို တိတိကျကျသိထားလေလေ မည်သည့်အချက်ကို ကိုင်၍ လှုံ့ဆော်ရမည်ကို သဘောပေါက်လေလေဖြစ်သည်။ ထို့အတွက်ကြောင့် တိကျခိုင်လုံသော

သတင်းအချက်အလက်များ ပံ့ပိုးပေးခြင်းဖြင့် ကောင်းမွန်သောဗျူဟာများ ချမှတ်လာစေ နိုင်ပေလိမ့်မည်။

### *အချက်အလက်စုံစမ်းစစ်ဆေးမှုကို ဘယ်လိုပြင်ဆင်မလဲ။*

အချက်အလက်စုံစမ်းစစ်ဆေးရန်အတွက် အဆင့်ဆင့်ပြင်ဆင်ရန်လိုအပ်သည်။ အကယ်၍ မိမိစုံစမ်းစစ်ဆေးမည့် လူ့အခွင့်အရေးချိုးဖောက်မှုသတင်းသည် မိမိအနီး အနားတွင်ဖြစ်ပွားသည်ဆိုပါက မိမိအနေဖြင့် အလွယ်တကူ ချက်ချင်းသွားရောက် စုံစမ်းနိုင်မည်ဖြစ်သော်လည်း သွားလာရန်မလွယ်ကူသော ရပ်ဝေးနေရာ သို့မဟုတ် အန္တရာယ်ရှိသောနေရာမျိုးတွင်ဖြစ်နေပါက ကြိုတင်ပြင်ဆင်မှုကို မဖြစ်မနေလုပ် ဆောင်ရမည်။ ထိုသတင်းအချက်အလက်များကို မည်သို့အောင်မြင်စွာရရှိအောင် လုပ်နိုင်မည်ကို ကြိုတင်ပြင်ဆင်ထားမှသာဖြစ်နိုင်ပေလိမ့်မည်။

ပထမဦးဆုံးပြင်ဆင်ရန်မှာ စုံစမ်းစစ်ဆေးရသည့် ရည်ရွယ်ချက်ကို ချမှတ်ခြင်း ဖြစ်သည်။ ထို့နောက် စုံစမ်းစစ်ဆေးမှုကို မည်သည့်ပုံစံနည်းလမ်းမျိုးဖြင့် စုံစမ်းမည်ကို ဆုံးဖြတ်ရသည်။ ထိုနောက်တွင်မှ အမှန်တကယ်စုံစမ်းစစ်ဆေးရာတွင် လိုအပ်မည့် အရာ များကို ပြင်ဆင်ရမည်ဖြစ်သည်။ ထိုသို့ပြင်ဆင်မှုမရှိပါက လိုအပ်သော သတင်းအချက် များကို ကောင်းမွန်စွာရရှိနိုင်မည်မဟုတ်ပါ။ ပြင်ဆင်မှုများကိုအောက်ပါအတိုင်း တဆင့်ပြီး တဆင့် ပြုလုပ်နိုင်သည်။

## (၁) စုံစမ်းစစ်ဆေးရသည့်ရည်ရွယ်ချက်ကို ချမှတ်ခြင်း၊

စုံစမ်းစစ်ဆေးရသည့် ရည်ရွယ်ချက်ကို ချမှတ်ခြင်းဆိုသည်မှာ မည်သည့် ရည်ရွယ်ချက်ဖြင့် စုံစမ်းရခြင်းဖြစ်သည်ကို သေချာစွာ သတ်မှတ်သိရှိနားလည်ထားခြင်း ဖြစ်သည်။ ဘာအတွက်ကြောင့် စုံစမ်းစစ်ဆေးရသည်၊ ဘယ်အကြောင်းအရာ အချက် များကို မလွတ်တမ်းစုံစမ်းရမည်၊ မည်သည့်အောင်မြင်မှုရရှိအောင် လုပ်ဆောင်ရမည်၊ စုံစမ်းစစ်ဆေးမှုအပြီး မည်သည့် လှုံ့ဆော်မှု (သို့မဟုတ်) အရေးယူ ဆောင်ရွက်မှုမျိုးကို လုပ်ဆောင်နိုင်မည်ဆိုသော အချက်များကိုပါ ကြိုတင်စဉ်းစား ပြင်ဆင်ထားသင့်သည်။

သို့မှသာ စုံစမ်းစစ်ဆေးသည့်အခါတွင် ထိုအချက်များ အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော အချက်အလက်များရရှိအောင် လုပ်ဆောင် နိုင်ပေလိမ့်မည်။ အောက်ပါလုပ်ငန်းစဉ်များကို တဆင့်ချင်းလုပ်ကိုင်မည်ဆိုပါက ကောင်းမွန်သော ပြင်ဆင်မှုဖြစ်နိုင်ပေမည်။

- *ဖြစ်ပွားသောအမှုကို ရှင်းလင်းအောင် လေ့လာပါ။*

ဖြစ်ပွားသောအမှုအကြောင်းကို ရှင်းလင်းအောင် လေ့လာစုံစမ်းခြင်းဖြင့် မည်သည့်အခွင့်အရေးများ ချိုးဖောက်ခံရကြောင်းကို သိသာလာပေလိမ့်မည်။ အကယ်၍ မည်သည့်အခွင့်အရေးကိုမှ ချိုးဖောက်ခြင်းမရှိလျှင် အချိန်ကုန်ခံ၍ စုံစမ်းစစ်ဆေးရန် လိုမည်မဟုတ်ပေ။ ထိုသို့ရှင်းရှင်းလင်းလင်းသိသာစေရန်အတွက် လိုအပ်သော အချက်များဖြစ်သော ဖြစ်ပျက်ပုံ၊ ချိုးဖောက်ခံရသူ၊ ချိုးဖောက်သည်ဟု စွပ်စွဲခံရသူ၊ ပါဝင်ပတ်သက်သူများ၊ ချိုးဖောက်ခံရသော အကြောင်းအရာ၊ သတင်းပေးနိုင်လောက်ပြီး တွေ့ဆုံမေးမြန်းနိုင်လောက်သော မျက်မြင်သက်သေများ၊ အခြားသတင်းရင်းမြစ်များ စသည်တို့ကို စုံစမ်းဖော်ထုတ်ရမည်။ ဘယ်သူက ဘယ်သူ့ကို ဘယ်နေရာ ဘယ်အချိန်တုံးက ဘာကြောင့် ဘယ်လိုမျိုးလုပ်ခဲ့တယ်ဆိုသော စုံစမ်းမေးမြန်းရာတွင် အခြေခံအကျဆုံးဖြစ်သော (ဘ) ခြောက်လုံးအချက်များကို စုံစမ်းရမည်။

ထိုသတင်းအချက်အလက်များကို စုံစမ်းနိုင်ရန်အတွက် ထိုသတင်းများ ရရှိနိုင်မည့် သတင်းရင်းမြစ်များကို ရှာဖွေရမည်။ သတင်းရင်းမြစ်အမျိုးမျိုး ရှိနိုင်မည် ဖြစ်သော်လည်း အများဆုံးရနိုင်သည့်သတင်းရင်းမြစ်များမှာ–မိမိအား ထိုသတင်းပေးသောသူများ၊ ဒေသခံအဆက်အသွယ်များ၊ သတင်းစာများ၊ ရေဒီယိုသတင်းများ၊ အခြားအဖွဲ့များမှသတင်းများ၊ မိမိနှင့်ဆက်သွယ်မှုကောင်းမွန်သော အာဏာပိုင်များ ဖြစ်ကြသည်။ မိမိအား ထိုသတင်းပေးသူများမှာ ထိုအဖြစ်အပျက်အကြောင်း ကြားသိသူ၊ မြင်တွေ့သူ၊ ဆွေမျိုးအသိမိတ်ဆွေများ ဖြစ်တတ်ကြသည်။ ထိုသူများထံမှ ဖြစ်နိုင်သမျှ သတင်းများကိုရယူ၍ ရှင်းလင်းအောင်လေ့လာနိုင်သည်။ ထို့မှမက အခင်းဖြစ်ပွားရာနေရာတွင် နေထိုင်သူ၊ လှုပ်ရှားဆောင်ရွက်နေသူများဖြစ်သည့် မိမိ၏ အခြားအဆက်အသွယ်များထံမှလည်း ထိုသတင်းအကြောင်းကို ထပ်မံရရှိနိုင်သည်။ တခါတလေတွင်

ထိုသူများထံမှ ချဲ့ကားသော၊ မဟုတ်မမှန်သော သတင်းများလည်း ရရှိတတ်သည့်အတွက် ထိုသတင်းများမှန်ကန်မှုရှိမရှိ သေချာစွာစစ်ဆေးရန်အရေးကြီးလှသည်။ အကောင်းဆုံးမှာ ထိုအခင်းဖြစ်ပွားရာနေရာသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်စုံစမ်းခြင်းပင်ဖြစ်သည်။ တခါတရံတွင် ထိုဒေသတွင်ရှိသော အစိုးရမဟုတ်သော အဖွဲ့အစည်းများတွင်လည်း ထိုသတင်းအချက်အလက်များရှိနေတတ်သည်။ ထိုအဖွဲ့များအနေဖြင့် ထိုအဖြစ်အပျက်နှင့်ပတ်သက်၍ လိုအပ်သော အရေးယူဆောင်ရွက်မှုများကို ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်နိုင်မှုရှိချင်မှရှိမည်။ သို့သော် ထိုအဖွဲ့များထံမှ သတင်းများကို မိမိရယူ၍ လိုအပ်သောဆောင်ရွက်မှုများ လုပ်ဆောင်နိုင်မည်ဖြစ်သည်။ များသောအားဖြင့် အစိုးရအာဏာပိုင်များသည် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဖုံးကွယ်ရန် ကြိုးစားတတ်ကြသော်လည်း တခါတရံတွင် မိမိလုပ်ငန်းကို အားပေးစာနာသော အစိုးရအာဏာပိုင်များက မိမိအား ခိုင်လုံသောသတင်းများ ပေးတတ်ကြလေ့ရှိသည်။ ထိုသတင်းအချက်အလက်များကို အသုံးပြုရာတွင် မိမိအား ကူညီသတင်းပေးသူများ မိမိကြောင့် အန္တရာယ်မဖြစ်စေရန် အထူးသတိပြုရမည်။

- *ပါဝင်နေသော ချိုးဖောက်မှုများကို ဖော်ထုတ်သတ်မှတ်ပါ။*

အထက်ပါသတင်းရင်းမြစ်များမှ လိုအပ်သော သတင်းအချက်အလက်များ ရရှိပြီးပါက ထိုအချက်များအပေါ် အခြေခံ၍ မည်သည့်လူ့အခွင့်အရေး ချိုးဖောက်မှုများ ပါဝင်ပတ်သက်နေသည်ကို လေ့လာဖော်ထုတ်ရန်လိုအပ်သည်။ ထိုမှတဆင့် ချိုးဖောက်သော အချက်များသည် မည်သည့်နိုင်ငံတော်ဥပဒေနှင့် နိုင်ငံတကာဥပဒေများကို ချိုးဖောက်ကျူးလွန်နေကြောင်း ဆန်းစစ်ရမည်။ လူ့အခွင့်အရေး ချိုးဖောက်မှု ကိစ္စအတော်များများသည် လူတဦးတယောက်ချင်းကကျူးလွန်သော ချိုးဖောက်မှုမဟုတ်ဘဲ သက်ဆိုင်ရာအစိုးရ၏ ပါဝင်ပတ်သက်နေသည့် အချက်ကိုဖော်ထုတ်ပြသနိုင်မှ နိုင်ငံတကာ ဥပဒေများအရ အရေးယူဆောင်ရွက်နိုင်သည်ဆိုသော အချက်ကို အမြဲတစေ သတိချပ်သင့်သည်။ လူတဦးတယောက်က ကျူးလွန်သော လူ့အခွင့်အရေး ချိုးဖောက်မှုဖြစ်စေကာမူ ထိုကျူးလွန်မှုတွင် သက်ဆိုင်ရာနိုင်ငံတော်အစိုးရ၏ တာဝန်မကင်းကြောင်း သက်သေ၊ အကြောင်းအရာ ခိုင်လုံစွာရှာဖွေတင်ပြနိုင်ရမည်ကို သတင်းယူသူများ သတိပြုရပေမည်။ ဥပမာ – အိမ်တွင်းအကြမ်းဖက်မှုတခုတွင် ကျူးလွန်သူသည် သာမန်

ပြည်သူတယောက်ဖြစ်သော်လည်း ထိုသို့ကျူးလွန်မှုများကို ဟန့်တားကာကွယ်ရန် နိုင်ငံတော်အစိုးရက ပျက်ကွက်နေကြောင်း၊ ထိုအမှုများကို နိုင်ငံတော်က အရေးယူဆောင်ရွက်ခြင်းမရှိကြောင်း ဖော်ထုတ်ပြသနိုင်ရန် အထူးလိုအပ်လှသည်။ သို့မှသာ ထိုအိမ်တွင်း အကြမ်းဖက်မှုသည် သာမန်အိမ်တွင်းကိစ္စတခုမဟုတ်သာဘဲ နိုင်ငံတော်အစိုးရက ကာကွယ်မှုပေးရန်ပျက်ကွက်မှု၊ အပြစ်ပေးဆောင်ရွက်ရန်ပျက်ကွက်မှု၊ ဥပဒေကြောင်းအရ အမျိုးသမီးများကို တန်းတူကာကွယ်မှုပေးရန် ပျက်ကွက်မှုတို့ကို ပေါ်လွင်လာလိမ့်မည်။ ထိုမှတဆင့် နိုင်ငံတကာဥပဒေများအရ သက်ဆိုင်ရာအစိုးရကို ထိုအချက်တို့ကို လုပ်ဆောင်ရန် ဖိအားပေးနိုင်မည်ဖြစ်ပြီး နောက်ထပ် အိမ်တွင်း အကြမ်းဖက်မှုများ မပေါ်ပေါက်လာရေးအတွက် ကာကွယ်ဟန့်တားနိုင်ပေလိမ့်မည်။ ထိုသို့ပါဝင်ပတ်သက်နေသော လူ့အခွင့်အရေးချိုးဖောက်မှုများကို အကြမ်းဖျင်းအားဖြင့် တွေးဆထားနိုင်ပါက မိမိစုံစမ်းစစ်ဆေးရခြင်း၏ အဓိကအချက်များ လွတ်သွား နိုင်မည်မဟုတ်တော့ပေ။ ထိုမျှမက မိမိသိလိုသည့် အကြောင်းအရာများရရှိအောင် မည်သည့်မေးခွန်းများ မေးရမည်ကိုလည်း ကြိုတင်ပြင်ဆင်နိုင်ပေလိမ့်မည်။

- *မိမိစုံစမ်းစစ်ဆေးရခြင်း၏ အဓိကအချက်များကို သတ်မှတ်ပါ။*

စုံစမ်းစစ်ဆေးရခြင်း၏ရည်ရွယ်ချက်၊ အဓိကအချက်တို့မှာ အမျိုးမျိုးရှိနိုင်သည်။ ချိုးဖောက်ခံရသူ အမျိုးသမီးအတွက် နစ်နာချက်များအတွက် လျော်ကြေးများ ရအောင် လုပ်ဆောင်သော ရည်ရွယ်ချက်မှစ၍ နိုင်ငံအတွင်း အမျိုးသမီးများအားလုံး ရင်ဆိုင်ခံစားနေရသော အမျိုးသမီး အခွင့်အရေးများကို ဖော်ထုတ်မှတ်တမ်းတင်ရန် စသည်အထိ အမျိုးမျိုးကွဲပြားတတ်သည်။ သေးငယ်သောရည်ရွယ်ချက်မှသည် ကြီးမားကျယ်ပြန့်သော ရည်ရွယ်ချက်များအထိ ကျယ်ပြန့်လာတတ်သည်လည်း ရှိတတ်သည်။ ဥပမာ – အမျိုးသမီးတဦးကို အကျဉ်းထောင်အတွင်း လိင်ပိုင်းဆိုင်ရာ စော်ကားမှုတခုကို ဖော်ထုတ်တင်ပြရင်း လူအများစိတ်ဝင်စားလာကာ အကျဉ်းထောင်အတွင်း ဖြစ်ပွားနေသော အခြားအဖြစ်အပျက်များကိုပါ စုံစမ်းဖော်ထုတ်လာတတ်သည်။ မည်သို့ဖြစ်ဖြစ် မိမိစုံစမ်းစစ်ဆေးမှု၏ ရည်ရွယ်ချက်ကို မျက်ခြေမပျက်မှသာ မိမိလိုလားသော လှုံ့ဆော်မှုနှင့် အရေးယူဆောင်ရွက်မှုများ ရရှိနိုင်မည်။

## (၂) စုံစမ်းစစ်ဆေးမည့်နည်းလမ်းများကို သတ်မှတ်ခြင်း၊

စုံစမ်းစစ်ဆေးမှုများ ပြုလုပ်မည့်သူသည် မိမိစုံစမ်းမှု ပြုလုပ်မည့်အခြေအနေ၊ အနေအထားနှင့် ကိုက်ညီမည့် နည်းလမ်းများကို အသုံးပြုရန်လိုအပ်သည်။ မိမိစုံစမ်းမှု ပြုလုပ်မည့်နေရာသည် စစ်ပွဲဖြစ်ပွားနေသောနေရာလား၊ ဒုက္ခသည်စခန်းထဲတွင် လား၊ မိမိအတွက် အန္တရာယ်ရှိနိုင်သောနေရာလား၊ စိတ်ချလုံခြုံနိုင်သောနေရာလား၊ မိမိနှင့် ဘာသာစကားတူသလား၊ ကွဲပြားသလားဟူသော အခြေအနေအမျိုးမျိုးကို ကြိုတင် စဉ်းစား၍ အကောင်းဆုံးအဆင်ပြေနိုင်မည့် နည်းလမ်းများကို ရွေးချယ်ရပေမည်။ ထိုသို့ မတူကွဲပြားသည့်အခြေအနေ အမျိုးမျိုးနှင့် ကိုက်ညီသည့် နည်းလမ်းများကို ရွေးချယ်မှသာ မိမိလိုအပ်သော သတင်းအချက်အလက်များကို ရရှိနိုင်မည့်အပြင် မိမိ၏ စုံစမ်း စစ်ဆေးမှုများ အောင်မြင်မည်ဖြစ်သည်။

စုံစမ်းစစ်ဆေးရမည့် အနေအထား၊ အခြေအနေကို မူတည်၍ လုပ်ဆောင်ရမည့် နည်းလမ်းများ အမျိုးမျိုးအထွေထွေရှိနိုင်သော်လည်း မဖြစ်မနေလိုက်နာရသည့် အခြေခံ အချက် သုံးချက်ရှိသည်။ ၎င်းတို့မှာ – (၁) ဘက်လိုက်မှုမရှိခြင်း (၂) ခိုင်လုံမှုရှိခြင်း (၃) အသေးစိတ်ကျခြင်း စသည်တို့ဖြစ်သည်။

ဘက်လိုက်မှုမရှိခြင်း – စုံစမ်းစစ်ဆေးသူ၏ ပုဂ္ဂိုလ်စွဲအမြင်များ၊ ဘက်လိုက်မှုများ မပါဝင်သော စုံစမ်းစစ်ဆေးမှုသာလျှင် ကောင်းမွန်သော စုံစမ်းစစ်ဆေးမှုဟု ခေါ်ဆိုနိုင်ပေမည်။ သတင်းပေးသူ၊ မျက်မြင် သက်သေ၊ တွေ့ဆုံပြောဆိုသူများ၏ ထွက်ဆိုချက် သက်သက်သာ ဖြစ်အောင် အတတ်နိုင်ဆုံး သေချာစွာလုပ်ဆောင် စုံစမ်းရမည်။ အကယ်၍ ထိုစုံစမ်းစစ်ဆေးမှုသည် မျက်နှာလိုက်သော၊ တဖက်သပ်ဆန်သော စုံစမ်းစစ်ဆေးမှု ဖြစ်နေမည်ဆိုပါက မခိုင်လုံသော ကောက်ချက်ချမှုများ ပေါ်ပေါက်လာစေနိုင်မည် ဖြစ်ပြီး စွပ်စွဲခံသူဖက်ကလည်း ထောက်ပြဝေဖန်မှုများ၊ ချက်ကျလက်ကျတုန့်ပြန် ပြောဆိုမှုများကို ကြုံတွေ့ရဖွယ်ရှိသည်။

ခိုင်လုံမှုရှိခြင်း – လူ့အခွင့်အရေး ကြိုးပမ်းဆောင်ရွက်မှုအားလုံး၏ အချက်အချာသွေးကြောမှာ အသုံးပြုသောသတင်းအချက်အလက်၊

အဖြစ်အပျက်တို့၏ တိကျခိုင်လုံမှုဖြစ်သည်။ မိမိအသုံးပြုသော နည်းလမ်းအမျိုးမျိုး ရှိကောင်းရှိနိုင်သော်လည်း ထိုနည်းလမ်းတိုင်းသည် သတင်းအချက်အလက် တိကျမှုရရှိစေနိုင်သော နည်းလမ်းများဖြစ်အောင် ကြိုးပမ်းရမည်။ မိမိအသုံးပြုသော အချက်အလက်တခုခု တိကျခိုင်လုံမှုမရှိလျှင် မိမိလုပ်ဆောင်နေသော လုပ်ငန်းကို ထိခိုက်စေယုံမှမကဘဲ မိမိကူညီရန် ရည်ရွယ်လုပ်ဆောင်နေသော လူ့အခွင့်အရေးချိုးဖောက်ခံသူများကိုပါ ထိခိုက်နစ်နာ စေမည်ကို အစဉ်သတိပြုရမည်။

အသေးစိတ်ကျခြင်း – အသေးစိတ်ကျသော အချက်အလက်များကလည်း မိမိလုပ်ငန်းကို အောင်မြင်အောင် စွမ်းဆောင်ပေးနိုင်သည်။ မိမိ၏ တွေ့ရှိချက်သည် အသေးစိတ်ကျလေလေ၊ ပိုမိုအသုံးကျလေလေ ဖြစ်ကြောင်း တွေ့ရှိရသည်။

ထိုဖော်ပြပါအခြေခံအချက်သုံးချက်စလုံးနှင့် ကိုက်ညီသော စုံစမ်းစစ်ဆေးမှုဖြစ်စေရန်အတွက် အောက်ပါအချက်များကို အစဉ်သတိပြုရပေမည်။

- *အရေးကြီးသည့် ပါဝင်ပတ်သက်သူများကို တိတိကျကျဖော်ထုတ်သတ်မှတ်ခြင်း၊*

စုံစမ်းစစ်ဆေးခြင်းမပြုမီ စုံစမ်းစစ်ဆေးသည့် ရည်ရွယ်ချက်ကို ချမှတ်စဉ်ကာလမှာပင် ထိုလူ့အခွင့်အရေးချိုးဖောက်မှုအဖြစ်အပျက်တွင် မည်သူများက အရေးပါသော အခန်းက ပါဝင်ကြောင်းကို တွက်ဆခန့်မှန်းနိုင်သည်။ မိမိစုံစမ်းမည့် သတင်းအချက်အလက်ကို မည်သူများက ပေးနိုင်မည်၊ မည်သူ့ထံမှရရှိနိုင်သည်ကို ကြိုတင်ခန့်မှန်းခြင်းသည် အရေးကြီးသည့် ပါဝင်ပတ်သက်သူများကို တိတိကျကျဖော်ထုတ်သတ်မှတ်ခြင်း အဆင့်ပင်ဖြစ်သည်။ သို့မှသာ လိုအပ်သည်များကို ကြိုတင်ပြင်ဆင်နိုင်မည်ဖြစ်သည်။ ထိုသူများသည် လူ့အခွင့်အရေးချိုးဖောက်ခံရသူအမျိုးသမီးများ၊ သူတို့၏ ဆွေမျိုးသူငယ်ချင်းများ၊ ထိုကိစ္စကို လိုက်လံဆောင်ရွက်နေသည့် အခြားလုပ်ရှားဆောင်ရွက်သူများ၊ ချိုးဖောက်သူဟုစွပ်စွဲခံရသူများ၊ ထိုအဖြစ်အပျက်ကို အတိအကျသိရှိသူများ၊ ခိုင်လုံသော သတင်းများပေးနိုင်သူများ ဖြစ်လေ့ရှိသည်။ မိမိလိုအပ်သော သတင်းအချက်များပေးနိုင်လောက်သူများကို ကြိုတင်သတ်မှတ်နိုင်ခြင်းဖြင့် မည့်သည့်ဘာသာစကားကို

အသုံးပြုရမည်။ ဘာသာပြန်အဖြစ်မည်သူက အကောင်းဆုံးကူညီပေးနိုင်မည်။ လိုအပ်သည့် အခြားသတင်းအချက်အလက်များကို မည်သူကအတိကျဆုံး ပေးနိုင်မည်တို့ကို တွက်ဆနိုင်မည်။

ချိုးဖောက်သူဟုခန့်မှန်းရသူများကို ကြိုတင်ဖော်ထုတ်သတ်မှတ်နိုင်ပါကလည်း မိမိအတွက်အကျိုးရှိနိုင်သည်။ အကယ်၍ အမျိုးသမီးတဦးကို ရဲအရာရှိတဦးက မုဒိန်းကျင့်သည့်အမှုကို စုံစမ်းစစ်ဆေးပါက နိုင်ငံအစိုးရ၏ တာဝန်ရှိမှုကို ဖော်ထုတ်တင်ပြနိုင်ရန်အတွက် ထိုအရာရှိ၏ အထက်အရာရှိကို တွေ့ဆုံမေးမြန်းနိုင်မည်။ သို့သော် အမျိုးသမီးတဦးကို သူမ၏အခြားအသိတဦးက မုဒိန်းကျင့်ခဲ့ပြီး ရဲတပ်ဖွဲ့က လုံလောက်သောကာကွယ်ဆောင်ရွက်မှုများ၊ ကူညီဆောင်ရွက်မှုများ မလုပ်ဆောင်သည့် ကိစ္စကို စုံစမ်းစစ်ဆေးမည်ဆိုပါက ဒေသခံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ အထက်အရာရှိများအပြင် အခြားသူများကိုလည်း မေးမြန်းစုံစမ်းရန်လိုအပ်လာပြီဖြစ်သည်။ ထိုအမှုကိစ္စတွင် နိုင်ငံတော်အစိုးရတွင် တာဝန်ရှိကြောင်း ထင်ထင်ရှားရှား ပြသနိုင်ရန်အတွက် ထိုသို့သော အမှုမျိုးမှာ တခုတည်း၊ တခါတရံမှသာဖြစ်သော အမှုမျိုးမဟုတ်ဘဲ ရဲတပ်ဖွဲ့က ထိုသို့တာဝန်ပျက်ကွက်မှုများ၊ လစ်ဟင်းမှုများ၊ အရေးမယူမှုများကို မကြာခဏ လုပ်ဆောင်နေကြောင်း ပေါ်လွင်စေမည့်အချက်ကို ထင်ထင်ရှားရှား ပြသနိုင်ရန် လိုအပ်သည်။ ထိုသို့ပေါ်လွင်နိုင်ရန်အတွက် ရဲတပ်ဖွဲ့မှ အထက်လူကြီး တဦးကိုသာ တွေ့ဆုံမေးမြန်းခြင်းမဟုတ်ဘဲ ထိုအချက်ကို ခိုင်မာစေမည့် သတင်းအချက်အလက်များပေးနိုင်မည့် အခြားလူပေါင်းများစွာကို စုံစမ်းရမည်ဖြစ်ကြောင်း နားလည်လာပေမည်။ ထိုသူများကိုလည်း ကြိုတင်ဖော်ထုတ်သတ်မှတ်ထားနိုင်မည်ဖြစ်သည်။

- *လိုအပ်သောသတင်းအချက်အလက်များကို ကြိုတင်ပြင်ရေးဆွဲထားခြင်း၊*

အခြေအနေအတော်များများတွင် မည်သည့်သတင်းအချက်အလက်များ ရရှိနိုင်မည်ကို ကြိုတင်တွက်ဆနိုင်မည်မဟုတ်သော်လည်း အမှန်တကယ်လိုအပ်သည့် အချက်များ ကျန်ရစ်ခြင်းမရှိအောင် ပြင်ဆင်ရမည်။ ထိုအချက်များထဲတွင် "ဘယ်လိုလူ့အခွင့်အရေးချိုးဖောက်မှုဖြစ်သလဲ။ ထိုချိုးဖောက်မှုဟာ ရံဖန်ရံခါဖြစ်ခြင်း (သို့ မဟုတ်) စနစ်တကျရည်ရွယ်ချက်ရှိရှိဖြင့် ချိုးဖောက်နေခြင်းလား၊ ချိုးဖောက်သူတွေဟာ မည်သူလဲ။ ချိုးဖောက်မှုကြောင့် မည်သူတွေထိခိုက်နစ်နာဆုံးရှုံးသွားသလဲ။ ချိုးဖောက်မှု

ကျူးလွန်ပုံအဆင့်ဆင့်ရှိပါက ဘယ်လိုချိုးဖောက်ခဲ့သလဲ။ နိုင်ငံတော်အစိုးရက ဘယ်လို တုန့်ပြန်ဆောင်ရွက်သေးခဲ့သလဲ” စသည့်အချက်များ မမေ့မလျော့ပါဝင်အောင် အမြဲစိတ် နှလုံးသွင်းထားရမည်။ လိုအပ်သောအချက်အလက်များ မေးမြန်းစဉ်အတွင်း မကျန်ခဲ့ စေရန်အတွက် လိုအပ်သည့်အချက်အလက်များ၊ မေးခွန်းများကို ကြိုတင်စာရင်း ပြုလုပ် ထားသင့်သည်။ ထိုသို့ပြုလုပ်ထားခြင်းဖြင့် အချက်အလက်များမကျန်ခဲ့ယုံမျှမက အချိန် ကုန်လည်း သက်သာစေသည်။ လူ့အခွင့်အရေးသတင်းများ သွားရောက်စုံစမ်းသူများ သည် အချိန်ကာလတိုတိုအတွင်း လိုအပ်သော အချက်အလက်များ ပြည့်စုံစွာရရှိရန် အတွက် ကြိုးပမ်းရလေ့ရှိသည့်အတွက် အချိန်ကုန်အကျိုးမရှိမဖြစ်စေရန် ယခုကဲ့သို့ မေးခွန်းများ ကြိုတင်ပြင်ဆင်သင့်သည်။

- *သတင်းအချက်အလက်ရနိုင်မည့် သတင်းရင်းမြစ်နေရာများကို ဖော်ထုတ် သတ်မှတ်ခြင်း၊*

မည်သည့်သတင်းများကို စုံစမ်းရမည်ကိုဆုံးဖြတ်ခြင်းထက် ထိုသတင်းများကို မည်သူထံကရရှိနိုင်မည်ဟူသောအချက်ကို ပိုမိုခက်ခဲတတ်သည်။ အထက်တွင်ဖော်ပြ ထားသော အမျိုးသမီးတယောက်ကို အသိမိတ်ဆွေတဦးက မုဒိန်းကျင့်သည့် အဖြစ် အပျက်ကို ရဲတပ်ဖွဲ့ကအရေးယူဆောင်ရွက်ပေးမှု မရှိသည့်အကြောင်းအား စုံစမ်း ဖော်ထုတ်မည်ဆိုပါက စုံစမ်းစစ်ဆေးသူသည် ထိုအချက်ပေါ်လွင်စေမည့် အကြောင်း အရာများကို ရှာဖွေဖော်ထုတ်ရမည်ဖြစ်ကြောင်း အလွယ်တကူ သိရှိနားလည်ကောင်း နားလည်ပေလိမ့်မည်။ သို့သော် ထိုအကြောင်းအရာများကို မည်သူတွေက သိရှိနိုင်မည်။ မည်သူ့ထံမှ ရရှိနိုင်မည်၊ မည်သူကထုတ်ဖော်ပြောဆိုလိမ့်မည်၊ ထိုသူများကိုမည်ကဲ့သို့ ဆက်သွယ်မေးမြန်းနိုင်မည်ဆိုသောအချက်မှာ အမှန်တကယ် မလွယ်ကူသော ကိစ္စပင် ဖြစ်သည်။ အထူးသဖြင့် အမျိုးသမီးများအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုအများစုမှ လူသိရှင်ကြားမဟုတ်ဘဲ လူမသိသူမသိ တိမ်မြုပ်နေတတ်သည့်အတွက် ထိုအဖြစ်အပျက် အတွက် လိုအပ်သောသတင်းများကို မည်သူပေးနိုင်မလဲဟု လိုက်လံစုံစမ်းရှာဖွေရသည့် အလုပ်မှာ ခက်ခဲတတ်သည်။ မည်သို့ပင်ဆိုစေ စုံစမ်းစစ်ဆေးမှုတိုင်းအတွက် သတင်းများ ရရှိနိုင်သောနေရာရင်းမြစ်များ ရှိစမြဲဖြစ်သည်။ ဤအဖြစ်အပျက်တွင် ပါဝင်နိုင်မည့်သူများ၊ လိုအပ်သည့်သတင်းအချက်အလက်များကို ကြိုကြိုတင်တင်ပြင်ဆင်နိုင်လေလေ ထို သတင်းများကို ပေးနိုင်မည့်သူများကို အချိန်တိုတိုအတွင်း ရှာဖွေနိုင်လေလေဖြစ်သည်။

ထိုဖြစ်အပျက်ဖြစ်ပွားသောနေရာများ၊ သတင်းရနိုင်သောနေရာများမှ ဒေသခံများနှင့် အဆက်အသွယ်ကောင်းမွန်နေပါက ထိုသူများက မိမိလိုအပ်သော သတင်းအတွက် ပေးနိုင်မည့်သူများကို ကူညီရှာဖွေစုဆောင်းပေးနိုင်လိမ့်မည်။ မိမိနှင့် ဆက်သွယ်ရေး ကောင်းမွန်သော၊ မိမိလုပ်ငန်းကို နားလည်ကူညီသော ဒေသခံများထံ မိမိလာရောက် စုံစမ်းမည့်အကြောင်း ကြိုတင်သတင်းပေးပို့ထားပါက ထိုသူအဆက်အသွယ်များက မိမိကိုကူညီနိုင်ပေလိမ့်မည်။ ထို့အတွက်ကြောင့် အခြားအဖွဲ့အစည်းများ၊ ဒေသခံအဖွဲ့ အစည်းများ၊ အဆက်အသွယ်များနှင့် အမြဲမပြတ်ဆက်သွယ်နေရန်လိုအပ်သလို ကောင်းမွန်သော ဆက်သွယ်ရေးရှိထားရန်လည်း အရေးပါလှသည်။

- *အမှန်တကယ်လိုအပ်မည့် လိုအပ်ချက်များကို ကြိုတင်ပြင်ဆင်ခြင်း*

သတင်းများကို သွားရောက်စုံစမ်းခြင်းမပြုမီ ထိုခရီးစဉ်အတွက်လိုအပ်မည့် လူအား၊ ငွေအား၊ ရုပ်ဝတ္ထုပစ္စည်းများ အားလုံးကို ကြိုတင်တွက်ဆပြင်ဆင်ထားရမည်။ ထို့အပြင် အခြားဖြစ်နိုင်မည့်လိုအပ်ချက်များအားလုံးကိုလည်း ပြင်ဆင်ထားသင့်သည်။

သွားရောက်စုံစမ်းမည့်သူသည် လူ့အခွင့်အရေးဥပဒေများ၊ သုတေသနနှင့် အရေးအသားကျွမ်းကျင်မှု အသင့်အတင့်ရှိထားသင့်သည်။ အရေးကြီးသည့် အရည် အချင်းမှာ အခြားသူများနှင့် ဆက်ဆံရေးပြေပြစ်မှုပင်ဖြစ်သည်။ အပြောအဆို ပြေပြစ်မှု အပြင် အခြားသူများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများအပေါ် လေးစားတတ်မှုမှာလည်း အရေးကြီးသော အချက်တချက်ဖြစ်သည်။ အထူးသဖြင့် စုံစမ်းစစ်ဆေးသူနှင့် ရေမြေအနေ အထားမတူသော၊ ယဉ်ကျေးမှုဓလေ့ထုံးစံကွဲပြားသော အခြေအနေမျိုးတွင် ထိုဓလေ့ထုံးစံ များကို မစော်ကားမိရန်လိုအပ်လှသည်။ အချို့သော စုံစမ်းစစ်ဆေးမှုမျိုးတွင် ဆေးပညာ ရှင်များနှင့် အခြားသောပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ စစ်ဆေးရန် လိုအပ်ကောင်း လိုအပ်မည်ဖြစ်သဖြင့် ထိုသူများလိုက်ပါနိုင်ရန် လွယ်မလွယ်ကို ကြိုတင်ပြင်ဆင်ရမည်။ အထက်ပါအရည်အချင်းများသာမက သွားရောက်စုံစမ်းမည့်သူသည် သတင်းအချက် အလက်များ စုဆောင်းခြင်း အတတ်ပညာ၊ မေးခွန်းမေးမြန်းခြင်း အတတ်ပညာများ ကျွမ်းကျင်ရန် အထူးအရေးကြီးလှသည်။ အကယ်၍ကျွမ်းကျင်မှု မရှိသေးပါက မသွား ရောက်မီကာလအတွင်း ကျွမ်းကျင်မှုရှိလာစေရန် လေ့ကျင့်မှုများ၊ သင်တန်းများပေးခြင်း များ လုပ်ဆောင်ရမည်။

ထို့ပြင် အခြားအရေးကြီးသော အရာများဖြစ်သည့် ငွေကြေးလုံလောက်ရန်နှင့် ရုပ်ဝတ္ထုပစ္စည်းများဖြစ်သည့် အသံဖမ်းစက်၊ ကင်မရာစသည်တို့ကို ကြိုတင်ပြင်ဆင်ရန်မှာ မရှိမဖြစ်လိုအပ်လှသည်။ စက်ပစ္စည်းကိရိယာများ ယူဆောင်မည်ဆိုပါက ၎င်းနှင့် တပါတည်းလိုအပ်သည့်အခြားပစ္စည်းများ (ဥပမာ– အသံဖမ်းစက်ယူဆောင်မည်ဆိုပါက ကက်ဆက် ခွေ၊ ဓာတ်ခဲ စသည်ဖြင့်) တို့ကို မမေ့လျော့ရန်လိုသည်။ ထိုမျှမက ထိုပစ္စည်းများကို အသုံးပြုတတ်ရန် လေ့ကျင့်ထားသင့်သည်။ မသွားရောက်မီ စမ်းသပ်၍ အသုံးပြု၍ရမရ စစ်ဆေးသင့်သည်။

*သတင်းအချက်အလက်စုံစမ်းစစ်ဆေးသူအားရွေးချယ်ခြင်း*

- အချက်အလက်စုံစမ်းသူသည် နိုင်ငံရေးအစွဲကင်း၍ မျက်နှာလိုက်မှုမရှိဘဲ အဖြစ်မှန်ကို ပကတိအတိုင်း ရှုမြင်နိုင်သောသူဖြစ်သင့်သည်။ အစွဲမရှိရဟုဆိုသော်လည်း လူ့အခွင့်အရေးအစွဲတော့ရှိရပေမည်။
- အချက်အလက်စုံစမ်းသူသည် တွေ့ဆုံမေးမြန်းနည်း၊ သတင်းအချက်အလက် စုဆောင်းနည်းများကို တတ်ကျွမ်းထားရမည့်အပြင် သွားရောက်စုံစမ်းမည့် နေရာဒေသ၏ ပထဝီအနေအထားနှင့် ဖြစ်ပျက်နေသောလက်ရှိအခြေအနေတို့ကို ရင်းနှီးကျွမ်းဝင်အောင် လုပ်ဆောင်ထားသင့်သည်။
- အချက်အလက်စုံစမ်းသူများကို ရွေးချယ်ရာတွင် နည်းဗျူဟာကျကျရွေးချယ်သင့်သည်။ လူသိများထင်ရှားသူများပါဝင်ပါက မိမိစုံစမ်းစစ်ဆေးသော အချက်အလက်များအတွက် ခိုင်လုံမှုရှိသည်ဟူသော အချက်ကို ဖြစ်ပေါ်စေသော်လည်း တခြားတဖက်တွင် မလိုလားအပ်သော စိတ်ဝင်စားမှုများဖြစ်ပေါ်တတ်သည်။ ထို့ကြောင့် မည်သည့်အချက်ကိုဦးစားပေးရမည်ကို စဉ်းစားရမည်။
- အကယ်၍ လိင်ပိုင်းဆိုင်ရာ စော်ကားခံရသော အမျိုးသမီးများအကြောင်း သွားရောက်စုံစမ်းပါက စုံစမ်းမေးမြန်းသူရော၊ ဘာသာပြန်သူတို့ရောပါ အမျိုးသမီးများဖြစ်သင့်သည်။ ထို့အပြင် ထိုအမျိုးသမီးများအား မည်သို့မေးခွန်းများမေးရမည်၊ မည်ကဲ့သို့ဆက်ဆံရမည်တို့ကို ကောင်းစွာနားလည်လေ့ကျင့်ထားသောသူများဖြစ်သင့်သည်။
- အုပ်စုလိုက် စုံစမ်းစစ်ဆေးရေးအဖွဲ့မျိုးဖွဲ့ထားပါက အလွန်အမင်းဆိုးဝါးသော အပြုအမူမျိုး ကျူးလွန်ခြင်းမှလွဲ၍ အဖွဲ့ဝင်များကို ထုတ်ပယ်ပစ်ခြင်း၊ တာဝန်မှရပ်စဲ

ပစ်ခြင်း၊ ပြောင်းလဲခန့်ထားခြင်းမပြုသင့်ပေ။

- စုံစမ်းစစ်ဆေးသူများက ရရှိထားသောတွေ့ရှိချက်များကို စုံစမ်းမှု၏ ရည်ရွယ်ချက်အတွက်သာ အသုံးပြုရမည်ဖြစ်ပြီး အခြားကိုယ်ကျိုးအတွက်အသုံးပြုခြင်း၊ ပုဂ္ဂိုလ်ရေးအတွက် အသုံးပြုခြင်းမရှိစေရ။
- စုံစမ်းစစ်ဆေးသူများတွင်ခံစားရတတ်သည့် စိတ်ဖိစီးမှုများ၊ စိတ်ပိုင်းဆိုင်ရာခံစားမှုများဖြစ်ပေါ်လာပါက သက်ဆိုင်ရာအဖွဲ့အစည်းများက ထိုသူများအတွက် စိတ်ဖိစီးမှုပပျောက်ရေးအတွက် စိတ်ပိုင်းဆိုင်ရာအကြံပေးမှုများထောက်ပံ့ပေးခြင်း၊ အနားပေးခြင်းများလုပ်ဆောင်သင့်သည်။

*ဘာသာပြန်သူရွေးချယ်ခြင်း*

အခြေအနေအတော်များများတွင် ဘာသာပြန်သူများ မရှိမဖြစ်လိုအပ်တတ်သည်။ ထို့အတွက် ထိုသူများ၏အခန်းကဏ္ဍမှာလည်း အရေးပါလှသည်။ ဘာသာပြန်မည့်သူသည် လိုအပ်သည့်ဘာသာစကားကို ကျွမ်းကျင်စွာပြောတတ်ယုံမျှမကဘဲ အစွဲကင်းမှု၊ တိကျခိုင်လုံမှု၊ အသေးစိတ်ကျမှုဟူသော စုံစမ်းစစ်ဆေးမှု၏ အဓိကဂုဏ်သိက္ခာများကို မထိခိုက်စေသောသူလဲ ဖြစ်ရမည်။

တွေ့ဆုံမေးမြန်းသူ၏ပြောဆိုချက်များကို မူလအတိုင်းတိကျစွာ တသွေမတိမ်း ဘာသာပြန်နိုင်သူဖြစ်ရန်လိုအပ်သည်။ ထို့ပြင် မေးခွန်းများကိုဘာသာပြန်ရာတွင် တဖက်သားထိခိုက်၊ ခံစားမှုဖြစ်စေမည့်စကားများကို ရှောင်ကြဉ်သုံးတတ်သူ ဖြစ်သင့်သည်။ အထူးသဖြင့် လိင်ပိုင်းဆိုင်ရာစော်ကားမှုမျာ းအကြောင်းစုံစမ်းရာတွင် မေးမြန်းသော မေးခွန်းများအတိုင်း တိုက်ရိုက်ဒဲ့ဒိုးဘာသာပြန်ခြင်းမဟုတ်ဘဲ တဖက်သား နားခံသာမည့် အသုံးအနှုန်းများကို ရှာဖွေသုံးတတ်သူဖြစ်သည်။

ထို့ပြင်ဘာသာပြန်သူများသည် သတင်းပေးမည့်သူက လိုက်လိုက်လျောလျော ပြောဆိုလိုသည့်သူများဖြစ်သင့်သည်။ အချို့နေရာများတွင် ဘာသာပြန်သည့်သူသည် လူ့အခွင့်အရေးချိုးဖောက်သူများနှင့် ဆက်စပ်သူဖြစ်နေပါက သတင်းပေးသူများ အနေဖြင့် သတင်းပေးရန်မဝံ့မရဲဖြစ်စေတတ်သည်။ ထို့အတွက်ကြောင့် ဘာသာပြန်မည့်သူများ၏ နောက်ကြောင်းကိုလဲ လေ့လာရန်လိုအပ်သည်။

*လုံခြုံရေးကိစ္စများ ဆောင်ရွက်ခြင်း၊*

လုံခြုံရေးဟုဆိုလိုက်လျှင် မိမိအတွက်သာမက မိမိအားသတင်းပေးသူများနှင့် မိမိနှင့် ပူးပေါင်းကူညီသူများအတွက် လုံခြုံရေးကိုပါ ထည့်သွင်းစဉ်းစားရပေမည်။ စုံစမ်းစစ်ဆေးမှုအတွက် ပြင်ဆင်သည့်အချိန်ကထည်းက ပေါ်ပေါက်လာနိုင်သော အန္တရာယ်များကို တွေးတော၍ အကောင်းဆုံးလုံခြုံမှုရှိရေးအတွက် ပြင်ဆင်ရမည်။ ပထမဦးဆုံးမှာ မိမိအတွက်လုံခြုံရေးပင်ဖြစ်သည်။ မိမိအတွက်အန္တရာယ်ရှိနိုင်မည့် အခြေအနေမျိုးသေချာပါက မျက်စိစုံမှိတ်၍စွန့်စားခြင်းမျိုးကိုရှောင်ကြဉ်သင့်သည်။ သတင်းများရရန်အရေးကြီးသည်မှန်သော်လည်း မိမိအသက်အန္တရာယ်ကိုထိခိုက်ပါက ထိုသတင်းများလဲဆုံးရှုံးသွားနိုင်သည်ဆိုသောအချက်ကို အမြဲသတိပြုရမည်။ အကယ်၍ မိမိတစုံတရာအန္တရာယ်တွေ့နေကြောင်း ချက်ချင်းသိနိုင်ရန်အတွက် ဆက်သွယ်ရမည့်အဆက်အသွယ်များ၊ ပြန်ရောက်ရန်ခန့်မှန်းနေ့ရက်များကို အမြဲပြုလုပ်ထားပါ။ သို့မှသာ ဆက်သွယ်ရမည့်အချိန်၊ ပြန်ရောက်ရမည့်အချိန်အထိ မဆက်သွယ်၊ ပြန်မရောက်ပါက မိမိတခုခုဖြစ်နေသည်ဆိုသည်ကို အခြားသူများသိရှိပြီး လိုက်လံစုံစမ်းနိုင်လိမ့်မည်။

ထိုနောက် သတိပြုရမည့်အချက်မှာ မိမိရရှိထားသောမှတ်တမ်းများ၊ သတင်းအချက်အလက်များအတွက် လုံခြုံမှုဖြစ်သည်။ ထိုသတင်းအချက်အလက်များပါသည့် မှတ်တမ်းစာအုပ်များကို မိမိနှင့်အမြဲတစေ အတူတကွဖြစ်ပါစေ။ အခြားသူများ အလွယ်တကူဖတ်ရှုနိုင်မည့်နေရာမျိုး၊ အလွယ်တကူခိုးယူဖျက်စီးနိုင်မည့် အခြေအနေမျိုးတွင် လုံးဝမထားခဲ့ပါနှင့်။ ကွန်ပြူတာထဲတွင် မှတ်တမ်းများသိမ်းဆည်းထားပါက ထိုဖိုင်များကို အခြားမည်သူကမှ ဖွင့်၍မရသော အစီအစဉ်များလုပ်ထားပါ။

မိမိ၏အဆက်အသွယ်များ၏ လုံခြုံရေးမှာလည်း မိမိ၏တာဝန်ဖြစ်သည်ကို မမေ့လျော့ပါနှင့်။ မိမိကြောင့် ထိုသူများ အန္တရာယ်မဖြစ်စေရန် ယခင်ကထည်းက အမည်ရင်းများမသုံးဘဲ နံမည်ဝှက်များ၊ စကားဝှက်များသုံးသင့်သလား ကြိုတင်စဉ်းစားပါ။ အကယ်၍ သုံးရန်လိုအပ်ပါက မည်ကဲ့သို့နည်းမျိုးဖြင့် လုံခြုံအောင်သုံးမည်လဲဆိုသည်ကို ပြင်ဆင်ပါ။

*ရရှိနိုင်မည့်သတင်းရင်းမြစ်များ*

လူ့အခွင့်အရေး ချိုးဖောက်မှု စုံစမ်းစစ်ဆေးရာတွင် သတင်းများရရှိနိုင်မည့် သတင်းရင်းမြစ်များ အများအပြားရှိနိုင်သည်။ ထိုသတင်းရင်းမြစ်များကိုအခြေခံအားဖြင့် နှစ်မျိုးနှစ်စားခွဲခြားနိုင်သည်။ ၎င်းတို့မှာ – (၁) တိုက်ရိုက်သတင်းရင်းမြစ် သို့မဟုတ် ပထမသတင်းရင်းမြစ်နှင့် (၂) တိုက်ရိုက်မဟုတ်သော သတင်းရင်းမြစ် သို့မဟုတ် ဒုတိယ နောက်ဆက်တွဲသတင်းရင်းမြစ်များတို့ဖြစ်သည်။ မိမိစုံစမ်းစစ်ဆေးနေသော အကြောင်း အရာနှင့်ပတ်သက်၍ တိကျခိုင်လုံသောသတင်းများရရှိစေရန် ထိုသတင်း ရင်းမြစ် အမျိုးမျိုးတို့မှ သတင်းများရနိုင်သမျှ ရအောင်ရှာရန်မှာ စုံစမ်းစစ်ဆေးသူ၏ တာဝန် သာဖြစ်သည်။

သတင်းရင်းမြစ်များအားလုံးမှ သတင်းများရရန်လွယ်ကူမည်မဟုတ်ပါ။ ထို့ အတွက်ကြောင့် မိမိစုံစမ်းစစ်ဆေးမည့်အကြောင်းအရာများကို မည့်သည့်သတင်း ရင်းမြစ် များထံမှ ရရှိရန်လွယ်ကူနိုင်မည်ကို ခန့်မှန်းထားရမည်။ ဥပမာ – နှိပ်စက်ညှင်းပမ်းမှုဆိုပါ က ကိုယ်တိုင်ကြုံတွေ့ရသော ကာယကံရှင်မှလွဲ၍ မျက်မြင်သက်သေ များများစားစား ရှိနိုင်မည်မဟုတ်ပါ။ ထိုကဲ့သို့သောအမှုမျိုးတွင် မျက်မြင်သက်သေထက် ကာယကံရှင်က ပိုမိုတိကျသောအချက်များ ပေးနိုင်မည်ဖြစ်သည့်အတွက် ကာယကံရှင် သတင်းရင်းမြစ်ကို ကြိုးစားရှာရမည်။ သို့သော် မတရားသတ်ဖြတ်သော သတ်ဖြတ်မှု သတင်းအတွက် ကာယကံရှင်ကိုရှာဖွေခြင်းထက် မျက်မြင်သက်သေများကို ရှာဖွေခြင်းက ပိုမိုလွယ်ကူ တတ်သည့်အတွက် သတင်းပေးနိုင်မည့် မျက်မြင်သက်သေရင်းမြစ်များကို ရှာရမည်။ သို့သော် ခိုင်လုံသောသတင်းများကို အပေးနိုင်ဆုံးသူမှာ ကာယကံရှင်များ (သို့မဟုတ်) ပထမသတင်းရင်းမြစ်များ (သို့မဟုတ်) တိုက်ရိုက်သတင်းရင်းမြစ်များ ဖြစ်သောကြောင့် ထိုသတင်းရင်းမြစ်များကို အတတ်နိုင်ဆုံး ဦးစားပေးရှာဖွေရမည်။ ကာယကံရှင်က ထွက် ဆိုသော ထွက်ဆိုချက်များသည် အတိကျဆုံးဖြစ်မည်။ အသေးစိတ်ကျမည်။ ထို့ကြောင့် ထိုသူများနှင့် တိုက်ရိုက်တွေ့ဆုံ၍ အသေးစိတ်မေးခွန်းများ မေးနိုင်လျှင် အကောင်းဆုံး ဖြစ်သည်။ ကာယကံရှင် မဟုတ်သော်လည်း အဖြစ်အပျက်ကို မျက်မြင်ကိုယ်ကျကြုံတွေ့ ခဲ့ရသူများထံမှရရှိသော သတင်းများကလည်း အနီးစပ်ဆုံးတိကျခိုင်လုံနိုင်သည်။

တိုက်ရိုက်မဟုတ်သောသတင်းရင်းမြစ် (သို့မဟုတ်) ဒုတိယနောက်ဆက်တွဲ

သတင်းရင်းမြစ်များမှာလည်း တိုက်ရိုက်တွေ့ဆုံမေးမြန်းချက်များကို နောက်ဆက်တွဲ ပံ့ပိုးပေးနိုင်သည့်အတွက် ထိုရင်းမြစ်များကိုလည်း ရှာဖွေသင့်သည်။ ထိုသတင်းရင်းမြစ်များမှနေ၍ အဖြစ်အပျက်၏နောက်ခံသမိုင်းကြောင်းများကို ပိုမိုသိရှိလာနိုင်သည်။ ပထမထွက်ဆိုချက်သတင်းများ မှန်ကန်မှုရှိကြောင်းကို ထောက်ခံပံ့ပိုးပေးစေနိုင်သည်။ ထို့အတွက် ထိုရင်းမြစ်များမှာလည်း အရေးပါသည်။ ထိုသတင်းရင်းမြစ်များမှာ အများအားဖြင့် တရားရုံးထွက်ဆိုချက်များ၊ ကြားနာစစ်ဆေးမှုမှတ်တမ်းများ၊ ဆေးစစ်တမ်းများ၊ ရင်ခွဲရုံမှတ်တမ်းများ၊ အခင်းဖြစ်ပွားရာကိုရိုက်ကူးထားသော ဓာတ်ပုံမှတ်တမ်းများ၊ ဒဏ်ရာများကို မှတ်တမ်းတင်ထားသော ဓာတ်ပုံများ၊ တရားဝင်အမိန့်ကြေညာချက်များ၊ အမိန့်အော်ဒါများ၊ တရားဝင်စာရွက်စာတမ်းများ၊ သတင်းစာမှတ်တမ်းများ၊ အခြား အဖွဲ့အစည်းများကထုတ်ပြန်ထားသောသတင်းများ စသည်တို့ဖြစ်တတ်သည်။

*သတင်းများကို မည်ကဲ့သို့စုဆောင်းမလဲ။*

လူ့အခွင့်အရေးချိုးဖောက်မှု သတင်းများကို စုံစမ်းရာတွင် အများဆုံး အသုံးပြုသော နည်းလမ်းမှာ တွေ့ဆုံမေးမြန်းခြင်းနည်း (Interview) ဖြစ်သည်။ ထိုတွေ့ဆုံ မေးမြန်းခြင်းအား အခြေအနေအပေါ်မူတည်၍ နေရာမရွေး၊ အချိန်မရွေးလုပ်နိုင်သည်။ သို့သော် အောင်မြင်အကျိုးရှိသော တွေ့ဆုံမေးမြန်းခြင်း ဖြစ်စေရန်အတွက် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရမည်။

- နေရာရွေးချယ်ခြင်း

တွေ့ဆုံမေးမြန်းသောနေရာသည် သတင်းပေးမည့်သူအတွက်လုံခြုံသောနေရာ၊ သိရှိထားသော အချက်အလက်များကို စိုးရိမ်ကြောက်ရွံ့မှုမရှိဘဲ လွတ်လွတ်လပ်လပ်ပြောဆိုနိုင်မည့်နေရာဖြစ်ရမည်။ သတင်းပေးမည့်သူအနေဖြင့် မည်သည့်နေရာတွင်ပြောလိုသည်ကိုမေးမြန်းပြီး သူ့ဆန္ဒအတိုင်းရွေးချယ်စေပါက ပိုမိုအဆင်ပြေပေလိမ့်မည်။ အကောင်းဆုံးမှာ အခြားသူများနှင့် ရောရောနှောနှောမရှိသော နေရာမျိုး၊ အခြေအနေမျိုးတွင် သတင်းပေးသူအနေနှင့် လွတ်လွတ်လပ်လပ်ပြောလိမ့်မည်ဖြစ်သည်။ မိမိပြောဆိုနေသော အချက်များကို အခြားသူများကဝိုင်းဝန်းနားထောင်နေပါက ထိုသူအနေဖြင့် ပြောဆိုရန်တွန့်ဆုတ်နေပေလိမ့်မည်။ ဘယ်လိုမှမဖြစ်နိုင်သော အခြေအနေမျိုးတွင်မှ

အုပ်စုလိုက်တွေ့ဆုံမေးမြန်းခြင်းကို လုပ်ဆောင်ပါ။ တွေ့ဆုံမေးမြန်းမှုကို စစ်တပ်၊ ရဲတပ်ဖွဲ့ဝင်များရှေ့မှောက်တွင် မည်သည့်အခါမှမပြုလုပ်ပါနှင့်။

- တွေ့ဆုံမည့်သူရွေးချယ်ခြင်း

အဖြစ်အပျက်အပေါ်မူတည်၍ တွေ့ဆုံမေးမြန်းရမည့် သူအမျိုးမျိုး ကွဲပြားနိုင်သည်။ အကောင်းဆုံးသတင်းပေးနိုင်သူများမှာ ကာယကံရှင်များ၊ မျက်မြင်သက်သေများဖြစ်သည့်အတွက် ထိုသူများကို ဦးစားပေးတွေ့ရမည်။ ထို့နောက်မိမိစုံစမ်းနေသောအဖြစ်အပျက်အကြောင်းကို ပိုမိုနားလည်သဘောပေါက်စေမည့် အချက်အလက်သတင်းများ ပေးနိုင်မည့်သူများကို တွေ့ဆုံမေးမြန်းနိုင်သည်။ ထိုသူများမှာ ချိုးဖောက်မှုကျူးလွန်ခံရသူအကြောင်းကို သေချာစွာသိသူ၊ ထိုသူ၏ မိသားစုဝင်များ၊ ကျေးရွာသူကြီးများ၊ မိတ်ဆွေသူငယ်ချင်းများ၊ အလုပ်လုပ်ဖက်များ၊ တရားရုံးကိစ္စဖြစ်ပါက ထိုသူ၏ရှေ့နေများဖြစ်တတ်သည်။ သတိပြုရန်အချက်မှာ ထိုသူများမှတဆင့် ပိုမို၍ ခိုင်လုံသောသတင်းများရနိုင်သည့် အခြားသတင်းရင်းမြစ်များထပ်မံထွက်ပေါ် လာတတ်သည်။ ထိုအခါမျိုးတွင် ထိုသတင်းရင်းမြစ်မျိုးကို တွေ့ဆုံနိုင်အောင် ထပ်မံရှာဖွေရမည်။

နောက်ထပ်သတင်းများ ပေးနိုင်သူများမှာ ဒဏ်ရာကိုဆေးကုသပေးသောဆေးဝန်ထမ်းများ၊ ဆေးစစ်တမ်းထုတ်ပေးသောသူများ၊ သေစာရင်းထုတ်ပေးသူများလဲဖြစ်တတ်သည်။ ထိုသူများထံမှ ဖြစ်ပွားသော ဒဏ်ရာများအကြောင်း၊ နှိပ်စက်ခံရမှုအသေးစိတ်အကြောင်းအရာများ၊ ဒဏ်ရာအတိမ်အနက်ကိုအခြေခံ၍ ကျူးလွန်သူ၏ရည်ရွယ်ချက်အမျိုးမျိုးတို့ကို ရှာဖွေတွေ့ရှိနိုင်သည်။

- တွေ့ဆုံမေးမြန်းခြင်းလုပ်ငန်းအဆင့်ဆင့်

– မိတ်ဆက်ခြင်း

တွေ့ဆုံမေးမြန်းခြင်းမစတင်မီ မိမိရည်ရွယ်ချက်ဘာဖြစ်သည် မိမိဘာလုပ်ရမည်ကို ရှင်းရှင်းလင်းလင်းသိထားရပေမည်။ မိမိတွေ့ဆုံမေးမြန်းမည့်သူကိုလည်း မိမိအကြောင်း၊ အဖွဲ့အစည်းအကြောင်း၊ တွေ့ဆုံမေးမြန်းရသည့်ရည်ရွယ်ချက်၊ ထိုသတင်းအချက်အလက်များကို မည်သို့ဆက်လက်လုပ်ဆောင်မည်၊ အစီရင်ခံရေးမည်ဆိုပါက

မည်သူတွေထံပေးပို့မည် စသည်တို့ကို ရှင်းလင်းပြောဆိုရန်လိုအပ်သည်။ ထိုသို့ လုပ်ဆောင်မှသာ လာရောက်မေးမြန်းသူသည် မည်သူမည်ဝါဖြစ်သည်၊ ဘာအတွက်ကြောင့် လာရောက်သည်၊ ဘာအကြောင်းပြောရမည်တို့ကို သတင်းပေးမည့်သူအနေဖြင့် နားလည်မည်ဖြစ်ပြီး သတင်းပေးရန် သက်တောင့်သက်သာဖြစ်ပေမည်။

– ခွင့်တောင်းခြင်း

ထိုသို့မိတ်ဆက်ရှင်းလင်းအပြီး သတင်းပေးမည့်သူအား သတင်းယူခွင့်ပြုမပြု ခွင့်တောင်းရန်လိုအပ်သည်။ အမည်၊ ဓာတ်ပုံ၊ အသံများအသုံးပြုခွင့်ရှိမရှိကို ကြိုတင်၍ ရှင်းရှင်းလင်းလင်းခွင့်တောင်းပါ။ ထိုသူခွင့်ပြုနိုင်မည့်အရာများ၊ ခွင့်မပြုနိုင်မည့်အရာများ၊ မိမိဖက်ကလိုက်နာစောင့်ထိန်းရမည့်ကိစ္စများကို ရှင်းရှင်းလင်းလင်းသဘောပေါက်ပြီးမှ တွေ့ဆုံမေးမြန်းခြင်းကို ရှေ့ဆက်သင့်သည်။ မိမိအားယုံကြည်စိတ်ချစွာဖြင့်ပြောသော သတင်းအချက်အလက်များကို အခြားသူများအား ပြောကြားခြင်း၊ သိစေခြင်းများ လုပ်မည်မဟုတ်ကြောင်း သိပါစေ။ ထိုသူကအသုံးပြုခွင့်မပေးသော အချက်အလက် မှန်သမျှကို မိမိအနေဖြင့် လုံးဝအသုံးပြုမည်မဟုတ်ကြောင်း ထိုသူယုံကြည်ပါစေ။ ထိုသို့ အမည်သုံးခွင့်မပြုပါက အမည်တပ်တိုင်ကြား အရေးယူဆောင်ရွက်မည့်ကိစ္စမျိုးကို ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း ထိုသူ့ကို ရှင်းလင်းပြပါ။ အကယ်၍ ဓာတ်ပုံရိုက် အသံဖမ်းခြင်းများ ပြုမည်ဆိုပါက ထိုသူအနေဖြင့် စိတ်အနှောက်အယှက် ဖြစ်စေလောက်သည်အထိ မလုပ်ဆောင်သင့်ပေ။

- မှတ်တမ်းတင်ခြင်း

သတင်းပေးမည့်သူက ကြည်ကြည်သာသာဖြင့် ခွင့်ပြုပြီးသည့်နောက်မှ မှတ်တမ်းတင်ခြင်းကိုလုပ်ဆောင်ရမည်။ အခြေခံအကျဆုံး၊ အလိုအပ်ဆုံးဖြစ်သည့် အောက်ပါအချက်များကို မှတ်တမ်းစတင်ရမည်။

သတင်းပေးသူ၏အမည် ______________________

လိင် __________ အသက် ______________

လူမျိုး __________ ဘာသာ ______________

အိမ်ထောင်အခြေအနေ __________ အလုပ်အကိုင် ______________

နေရပ် ______________________

ထိုသူ၏ပုံပမ်းသဏ္ဍာန် ______________________
တွေ့ဆုံသည့်နေရာ ______________________
တွေ့ဆုံသည့်နေ့စွဲ__________ တွေ့ဆုံမေးမြန်းသူ__________
ဘာသာပြန်သူ__________
စသည်တို့ကို စတင်မှတ်တမ်းတင်ရမည်။

အကယ်၍ လူ့အခွင့်အရေးချိုးဖောက်မှု အကြောင်းအရာနှင့်ပတ်သက်၍ မှတ်တမ်းတင်တော့မည်ဆိုလျှင် –

လူ့အခွင့်အရေးချိုးဖောက်ခံရမှုအမျိုးအစား – (ဥပမာ–ပျောက်ဆုံးခြင်း၊ မုဒိန်းကျင့်ခြင်း၊ တရားလက်လွတ်ဖမ်းဆီးခြင်း၊ ပစ္စည်းဥစ္စာများဖျက်ဆီးခြင်း၊ အဓမ္မ လုပ်အားစေခိုင်းခြင်း၊ အဓမ္မရွှေ့ပြောင်းခိုင်းခြင်း၊ သတ်ဖြတ်ခြင်း)

ကျူးလွန်သူ၏အမည်၊ ရာထူးအဆင့်အတန်း၊ တပ်ရင်းတပ်ဖွဲ့၊

အခင်းဖြစ်ပွားချိန်၊ နေ့ရက်၊

အခင်းဖြစ်ပွားသည့်နေရာ၊ (ထိုအချက်များကို အတိအကျမရပါက ခန့်မှန်းခြေ စဉ်းစားနိုင်သော မေးခွန်းများမေး၍ အနီးစပ်ဆုံးရနိုင်အောင်လုပ်ပါ)

မည်ကဲ့သို့ ကျူးလွန်သည့်အကြောင်း အချက်အလက်အသေးစိတ်၊

ကျူးလွန်ခံရသူ၏ လက်ရှိအခြေအနေ (ဆေးကုသမှုခံယူပြီးမပြီး၊ ဆက်လက်ဖမ်းဆီးထားခြင်း ရှိမရှိ)၊

ကျူးလွန်သူ၏လက်ရှိအခြေအနေ (ဖမ်းဆီးထားခြင်း၊ ဆက်လက်ကျူးလွန်နေခြင်း စသည်ဖြင့်—) တို့ပါဝင်အောင်စုံစမ်းရမည်။

- ချိန်ကိုက်ခြင်း

မိမိသိရှိလိုသော အချက်အလက်များအားလုံး ပြည့်စုံပြီဟုယူဆပါက ထိုမှတ်တမ်းများကို သေသေချာချာပြန်လည်ဖတ်ရှုရန်လိုသည်။ သို့မှသာ ရှေ့နောက်ကွဲလွဲနေမှုများ၊ လိုအပ်မှုများရှိနေပါက ချိန်ကိုက်နိုင်မည်ဖြစ်သည်။

- ကျေးဇူးတင်စကားပြောခြင်း

မေးမြန်းခြင်းအားလုံးပြီးဆုံးသွားပါက မိမိအားကူညီသတင်းပေးသူအား ကျေးဇူးတင်စကားပြောရန် မမေ့လျော့သင့်ပေ။

*တွေ့ဆုံမေးမြန်းရာတွင် သတိပြုရမည့်အချက်များ*

- တွေ့ဆုံရမည့်သူသည်ကာယကံရှင် သို့မဟုတ် ကာယကံရှင်၏ မိသားစုဝင်များ ဖြစ်ပါက ထိုသူများ၏ စိတ်ခံစားမှုအခြေအနေကို နားလည်သဘောပေါက်ပါ။ အမြဲတစေအကဲခတ်နေပါ။ အကယ်၍ စိတ်ခံစားရမှုများ အလွန်ပြင်းထန်လာပါက အနားယူပါစေ။ မိမိသည်ထိုသူများကိုကူညီရန်အတွက် လုပ်ဆောင်နေခြင်းဖြစ်သည် ကို အမြဲသတိချပ်ပြီး ထိုသူများ နောက်ထပ်နာကျင်ခံစားမှုမဖြစ်အောင် အထူး သတိပြုပါ။
- လိင်ပိုင်းဆိုင်ရာ စော်ကားခံရသောအမျိုးသမီးအား အမျိုးသမီးချင်း မေးမြန်းလျှင် အကောင်းဆုံးဖြစ်သည်။ ထိုမေးမြန်းသောအမျိုးသမီးကလည်း ကျူးလွန်ခံရသော အမျိုးသမီးအား စာနာနားလည်၊ အားပေးသောစကားအသုံးအနှုန်းများဖြင့် ဆက်ဆံ တတ်သောသူဖြစ်စေရမည်။
- အကယ်၍ တွေ့ဆုံမေးမြန်ရမည့်သူသည် စိတ်ပိုင်း သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ ဝေဒနာများခံစားနေရလျှင် ထိုသူများအတွက် လိုအပ်သော ကူညီစောင့်ရှောက် မှုများ ရရှိအောင်လုပ်ဆောင်ပြီးမှ တွေ့ဆုံမေးမြန်းသင့်သည်။
- လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအပါအဝင် အကြမ်းဖက်မှုများ ခံစားခဲ့ရသော အမျိုး သမီးများအနေဖြင့် လိုအပ်သော အားပေးကူညီမှုများ လုပ်ဆောင်ပြီးမှ တွေ့ဆုံမေး မြန်းသင့်သည်။ မိမိအား သတင်းအချက်အလက်ပေးရင်း စိတ်ဖိစီးမှု ခံစားရသော အမျိုးသမီးအတွက် စိတ်ဖိစီးမှုဒဏ် လျော့ပါးရေးအတွက် လုပ်ဆောင်နေသော သူများ၊ နေရာများအကြောင်း အသိပေးသင့်သည်။
- တွေ့ဆုံမေးမြန်းမှုစစချင်း အသေးစိတ်မေးခွန်းများမမေးသင့်ပါ။ ဖြစ်ပွားပုံကို ပုံပေါ်စေနိုင်လောက်သည့် အချက်အလက်များ ပြောကြားစေနိုင်မည့် အဖွင့်မေးခွန်း များမေးပါ။ ဥပမာ– ဒီအမှုဘယ်လိုဖြစ်ခဲ့သလဲပြောပါအုန်း ဆိုသောမေးခွန်းမျိုးဖြင့် စတင်ပါက ပြောကြားသူအနေဖြင့် ထိုအမှုကို မျက်စိတွင်မြင်သည့်အတိုင်း

ပြောကြားလာပေလိမ့်မည်။ ထို့ကြောင့် ထိုသို့မေးခွန်းမျိုးဖြင့်စတင်သင့်သည်။

- ပြောကြားနေမှုများ ရပ်တန့်သွားအောင်မလုပ်သင့်ပါ။ မေးခွန်းများသည် အဖွင့်မေးခွန်းများဖြစ်သင့်သော်လည်း ဦးဆောင်နမိတ်ပြမေးခွန်းများလဲ မဖြစ်သင့်ပါ။ "အရိုက်ခံရဘူးတယ်မဟုတ်လား" ဆိုသော မေးခွန်းမျိုးထက် "ဘာတွေဖြစ်တာလဲ — နောက်ပြီးတော့ ဘာဆက်ဖြစ်သေးလဲ — ဖြစ်တာကို အသေးစိတ်ပြောပါအုံး" ဟူသောမေးခွန်းမျိုးက ပြောကြားသူအနေနှင့် ဆက်လက်ပြောကြားလာစေရန် အထောက်အကူဖြစ်စေသည်။
- မေးတခွန်းဖြေတခွန်းဖြစ်စေမည့်အမေးများကို ရှောင်သင့်သည်။
- တဆင့်ကြားစကားများကို အတတ်နိုင်ဆုံး ရှောင်ရှားသင့်သည်။ အခြားသူတယောက်ထံမှ ကြားသည်ဆိုပါက ထိုသူအားတွေ့ဆုံပြီး ကိုယ်တိုင်ကိုယ်ကျ မေးမြန်းနိုင်ရန်ဆက်သွယ်သင့်သည်။ ထိုသူထံမှ ပိုမိုပြည့်စုံခိုင်မာသောသတင်းများ ရတတ်သည်ကို အမြဲသတိပြုပါ။
- ဖြေကြားသူ သက်တောင့်သက်သာ အဆင်ပြေပြေဖြစ်စေရန် အမြဲသတိပြုပါ။ သူပြောနေသောအချက်များကို မိမိစိတ်ဝင်စားစွာ နားထောင်နေကြောင်း ပေါ်လွင်စေသည့်အမူအယာများဖြင့် အားပေးပါ။ မိမိမျက်နှာအမူအယာ၊ ကိုယ်အနေအထားတို့သည် ထိုသူကို အားတက်စေနိုင်သလို စိတ်ဓာတ်ကျသွားအောင်လဲ လုပ်ဆောင်နိုင်သည်ကို အမြဲသတိပြုပါ။
- မိမိကိုယ်တိုင်ကလဲ သက်တောင့်သက်သာရှိပါစေ။ မိမိ၏မေးခွန်းများကို ချက်ခြင်းမဆိုင်းမတွဖြေဆိုရန် ဘယ်တော့မှ ဖိအားမပေးပါနှင့်၊ ပြန်လည်မှတ်မိလာစေရန် အချိန်ပေးပါ။
- ထိုသူပြောနေသော အချက်များကို လေးစားသည့်ဟန်အမြဲပြပါ။ သူပြောသည့်အကြောင်းအရာကို သဘောမတူသည့်ဟန် မဖော်ပြပါနှင့်။ ထိုသူပြောသည့် အချက်အပေါ် မငြင်းခုံပါနှင့်၊ အကယ်၍မရှင်းလင်းသည့်အချက်များရှိပါက ရှင်းလင်းအောင်ပိုမိုရှင်းပြခိုင်းပါ။
- အခြားသူတယောက်က ပြောထားသောအချက်များအား မိမိတွေ့ဆုံနေသောသူအားမပြောမိပါစေနှင့်။ ထိုသို့ပြောပါက မိမိအားယုံကြည်စိတ်ချစွာ ဖွင့်ဟပြောထားသူအပေါ် ဂတိချိုးဖောက်ရာရောက်သည့်အပြင် မိမိသည်စိတ်ချယုံကြည်ရသောသူမဟုတ်ဟု ယူဆသွားစေနိုင်သည်။ အထူးလို့ဝှက်ထားသော အချက်များကို ထိုသူက မိမိအားဖွင့်ပြောတော့မည်မဟုတ်ပါ။

- မိမိကိုသတင်းပေးသူအတွက် အန္တရာယ်ဖြစ်စေမည့် သတင်းများကို ထိမ်းသိမ်းရန် အထူးအရေးကြီးသည်။ အနှောင့်အယှက်ဖြစ်စေမည့်၊
- မိမိကိုသတင်းပေးသူအပေါ် “ဒီလိုလုပ်လိုက်ရင်ပြီးရော၊ ဒီလိုဘာကြောင့်မလုပ်တာလဲ၊ ဒါမျိုးမလုပ်သင့်ဘူး” ဟူသော ကောက်ချက်ချမှု၊ ဝေဖန်မှု၊ အပြစ်တင်မှုများ မလုပ်ရ။
- မိမိကိုသတင်းပေးသူသည် မိမိ၏မေးမြန်းချက်အပေါ် ပြည့်ပြည့်စုံစုံဖြေကြားချင်မှ ဖြေကြားလိမ့်မည်။ ထိုမျှမက လုံးဝဖြေကြားချင်မှ ဖြေကြားလိမ့်မည်ဆိုသည့် အချက်ကို ကြိုတင်တွက်ဆထားပါ။ အချို့လူများသည် ကြောက်ရွံ့တတ်ပြီး အချို့မှာမူ အမှုထဲတွင် ပါဝင်ပတ်သက်လိုစိတ်မရှိသည်လည်း ရှိတတ်သည်။ မိမိအား ပြောကြားလိုစိတ်ရှိလာအောင် မိမိအကြောင်း၊ လုပ်ငန်းအကြောင်း၊ မည်သည့် အကျိုးများ ရှိလာစေကြောင်း၊ မိမိအား လုံးဝစိတ်ချယုံကြည်ထားနိုင်ကြောင်းများ ထပ်လောင်း ပြောဆိုခြင်းဖြင့် ဖွင့်ပြောလာကောင်းပြောလာစေနိုင်သည်။
- အကယ်၍ မိမိမေးမြန်းမှုအား တဖက်လူနားမလည်ပါက အဓိပ္ပာယ်မပျက်စေဘဲ အခြားဝါကျဖြင့်ပြန်လည်မေးမြန်းပါ။ နားလည်ရှင်းလင်းလွယ်သော အသုံးအနှုန်း များကို သုံးစွဲပါ။
- တွေ့ဆုံသူ၏ကောက်ချက်ချမှုကို သေချာစွာဆန်းစစ်ပါ။ ဥပမာ – အမျိုးသမီး တယောက်ကို စစ်သားတယောက်က သတ်ပစ်တယ်ဟူသော အချက်ကိုပြောပါက စစ်သားဟုဘာကြောင့် ပြောနိုင်တာလဲဆိုသောအချက်ကို ဆန်းစစ်ပါ။ စစ်ယူနီဖောင်းဝတ်ထား၍ စစ်သားဖြစ်တယ်ဟု ထိုသူကပြောပါက စစ်ယူနီဖောင်းကို အခြားသူများလဲဝတ်ဆင်နိုင်ကြောင်းကိုလည်း သတိပြုပါ။
- မည်သည့်အရာများက သတင်းအချက်များဖြစ်သည်။ မည်သည့်အရာများသည် စွပ်စွဲချက်သက်သက်သာဖြစ်သည်။ မည်သည့်အရာများက ထင်မြင်ချက်များဖြစ်သည်တို့ကို သေသေချာချာခွဲခြားမှတ်သားပါ။
- တိကျရှင်းလင်းသော မှတ်တမ်းတင်မှုဖြစ်ပါစေ၊ အမှားရေးသားမိပါက နောက်ထပ် ပြန်ပြင်ရန် ခက်ခဲသည်ကို သတိပြုပါ။
- သတင်းအချက်စုဆောင်းရာတွင် အခြေခံဖြစ်သော (ဘ)ခြောက်လုံးများမကျန်ခဲ့ရန် သတိပြုပါ။
- အားလုံးပြီးဆုံးသွားပါက “ဘာများပြောချင်တာရှိပါသေးလဲ” ဟူသော အဖွင့် မေးခွန်းဖြင့် အဆုံးသတ်ပါ။ တခါတရံမိမိအားသတင်းပေးသူတွင် အရေးပါသော

အချက်များ ကျန်နေတတ်သည်။ တခါတရံ မိမိအတွက်အသုံးဝင်သော အထောက်အထား စာရွက်များ ၎င်းထံတွင်ရှိနေတတ်သည်။

- ထိုသူပြောသော သတင်းအချက်အလက်များပို ပိုမိုခိုင်မာအောင် ပံ့ပိုးပေးနိုင်မည့်သူများ၊ အထောက်အထားများကို ထပ်မံရှာဖွေတွေ့ရှိနိုင်မည့်အဆက်အသွယ်၊ လိပ်စာ၊နေရာများကို မှတ်တမ်းပြုလုပ်ပါ။
- မဖြစ်နိုင်သော မျှော်လင့်ချက်မှားများမပေးခဲ့ပါနှင့်၊ မိမိအမှန်တကယ်လုပ်ဆောင်နိုင်မည့် အလုပ်ကိုသာ အမှန်အတိုင်းပြောပါ။

*ဒုတိယနောက်ဆက်တွဲသတင်းရင်းမြစ်များကို ရှာဖွေစုံစမ်းခြင်း*

ပထမ တိုက်ရိုက်သတင်းအချက်အလက်များ ရရှိပြီးသည့်နောက် ထိုသတင်းအချက်အလက်များကို ပိုမိုခိုင်မာစေမည့် ဒုတိယနောက်ဆက်တွဲသတင်းများအား ရှာဖွေစုံစမ်းရတော့မည်ဖြစ်သည်။ လူတွေ့တွေ့ဆုံမေးမြန်းမှုမှရရှိသော အချက်အလက်များနှင့် သက်ဆိုင်သည့် ထုတ်ပြန်ကြေညာချက်များ၊ ဆေးမှတ်တမ်းများ၊ သတင်းစာ ဖြတ်ပိုင်းများအားလုံးကို စုံစမ်းစစ်ဆေးမှု တာဝန်လုပ်ဆောင်နေသည်မှစ၍ သတင်းစုဆောင်းကြရမည်။ မိမိရရှိထားသောအချက်အလက်အား ခိုင်မာအောင် ထပ်လောင်းသက်သေပြပေးမည့် အခြားအထောက်အထားများရနိုင်မည့် သတင်းရင်းမြစ်များ အများအပြားရှိနိုင်သေးသည်ကိုမမေ့ပါနှင့်။ ထိုသတင်းရင်းမြစ်များကို ရှာဖွေ၍ ထိုသက်သေအထောက်အထားများကို များများအသုံးပြုနိုင်လေလေ မိမိ၏အချက်အလက်အတွက် အထောက်အထားခိုင်လုံလေလေဖြစ်သည်။

ဒုတိယနောက်ဆက်တွဲသတင်းများအနက် ဓာတ်ပုံအထောက်အထားများမှာ အထူးအသုံးဝင်သော သက်သေအထောက်အထားများဖြစ်သည်။ အခင်းဖြစ်ပွားရာနေရာ၊ မီးလောင်ထားသောကျေးရွာ၊ ဒဏ်ရာအနီးကပ်ဓာတ်ပုံများသည် အမှန်တကယ်ဖြစ်ပွားခဲ့သော အဖြစ်အပျက်များဖြစ်ကြောင်း အဓိကသက်သေများဖြစ်သည်။

ထိုအဖြစ်အပျက်မျိုးကို ကိုယ်တိုင်မျက်မြင်တွေ့ကြုံရလျှင်လည်း မိမိကိုယ်တိုင်မှတ်တမ်းတင်တတ်ရန်လိုအပ်သည်။ သို့သော် မရိုက်ကူးမီ ထိုသူထံမှ ခွင့်ပြုချက် တောင်းခံရန် မမေ့လျော့ပါနှင့်။ ချိုးဖောက်ခံသူ၏ ဓာတ်ပုံသာမက ထိုသူတွင်ရှိသော ဒဏ်ရာများ

ကို အနီးကပ်ရိုက်ထားသော ပုံများမှာလည်း အသုံးဝင်သည်။ ရိုက်ကူးသည့် နေ့၊ နေရာ စသည်တို့ကိုလည်း မပျက်မကွက်မှတ်တမ်းတင်ထားရမည်။ ထိုပုံကို ဆေးကူးပြီးပါက လည်း အဖြစ်အပျက်အကြောင်းအတိုချုပ်ကို ဓာတ်ပုံနောက်ဖက်တွင် မှတ်သားထားသင့် သည်။ ဖလင်နဂ္ဂတစ်ကို သီးသန့်လုံခြုံသည့်နေရာတွင် သိမ်းဆည်းသင့်သည်။ သို့မှသာ အခြားသူတဦးက အတင်းအကြပ် ဖျက်ဆီးပစ်လိုက်ခြင်း၊ သိမ်းဆည်းလိုက်ခြင်းတို့မှ ကာကွယ်နိုင်မည်။

ထို့ပြင် တရားရုံးမှတ်တမ်းများ၊ ရဲထွက်ဆိုချက်များမှာလည်း မိမိအတွက် ကောင်းမွန်သောအထောက်အထားများ ဖြစ်သည်။ လူတယောက်အားဖမ်းဆီးထား မှုအား စုံစမ်းစစ်ဆေးခြင်းဖြစ်ပါက ဘာစွပ်စွဲချက်ဖြင့်ဖမ်းဆီးထားကြောင်း၊ ဘာကြောင့် ဖမ်းဆီးထားကြောင်းများကို မှတ်တမ်းတင်ထားသည့် ရဲထွက်ဆိုချက်များသည် အလွန် အသုံးဝင်သည်။ ထိုမှတ်တမ်းများကို စွပ်စွဲခံရသူ၏ရှေ့နေများထံမှရရှိနိုင်သည်။

ဆရာဝန်များ၊ ဆေးအမှုထမ်းများ၏စစ်ချက်များသည်လည်း ဖြစ်ပွားသော ဒဏ်ရာ၊ သေဆုံးမှုတို့ကို စနစ်တကျမှတ်တမ်းတင်ထားတတ်သဖြင့် ထိုစစ်ချက်များမှ အခင်းဖြစ်ပွားမှုကို လေ့လာနိုင်သည်။ ကျူးလွန်ခံရသူ၏ ဝေဒနာခံစားရမှုကိုသိရှိနိုင်သည်။ အကယ်၍ ထောင်တွင်းတွင်ချုပ်နှောင်ခံထားရသူတယောက် သေဆုံးသွားပါက ထိုဆေးစစ်ချက်များကိုကြည့်၍ သာမန်ရောဂါကြောင့်သေဆုံးရခြင်းလား၊ နှိပ်စက်ခံရ၍ သေဆုံးရခြင်းလားကို စစ်ဆေးစုံစမ်းနိုင်သည်။ ဆေးပညာနှင့်ပတ်သက်၍ အသိပညာ နည်းပါးသူ ဖြစ်စေကာမူ ကျူးလွန်ခံရသူတယောက်တွင် တွေ့ရှိရသော ဒဏ်ရာဒဏ်ချက်၊ အနာတရများကို မျက်မြင်အတိုင်းအလွယ်တကူမှတ်တမ်းတင်နိုင်သည်။ ခန္ဓာကိုယ်၏ မည်သည့်အစိတ်အပိုင်းတွင် မည်သည့်ဒဏ်ရာရှိသည်။ အရွယ်အစားဘယ်လောက်ရှိ သည်။ မည်သည့်အရိုးများကျိုးနေသည်စသည့်ဖြင့် မျက်မြင်အတိုင်းမှတ်တမ်းတင် နိုင်သည်။

သတင်းစာများ၊ အခြားသော စာစောင်များတွင်ပါသော သတင်းများသည် လည်း အရေးပါသော ဒုတိယနောက်ဆက်တွဲသတင်းများဖြစ်သည်။ တချို့သတင်း ထောက်များ၊ အခြားအဖွဲ့အစည်းများမှ တာဝန်ရှိသူများသည် ၎င်းတို့ကိုယ်တိုင် လေ့လာစုံစမ်းစစ်ဆေးမှုများကို လုပ်ကိုင်တတ်သည့်အတွက် ထိုအချက်များမှာလည်း

မိမိအတွက်အထောက်အကူဖြစ်စေတတ်သည်။ သို့သော် သတင်းစာနှင့် စာစောင်ပါ အချက်အလက်များအားလုံး အမြဲတစေမှန်ကန်သည်ဟု မယုံကြည်ပါနှင့်။ ထိုသတင်းကို ရေးသားသော သတင်းထောက်နှင့် တွေ့ဆုံမေးမြန်းနိုင်ရန်ကြိုးစားပါ။ အဖြစ်အပျက် တခုထဲကို အဖွဲ့အစည်းနှစ်ခုက ဖော်ပြရေးသားထားလျှင် တူညီသောအချက်များ၊ ကွဲလွဲ နေသော အချက်များကို စနစ်တကျလေ့လာစစ်ဆေးပါ။ ဘာကြောင့်ယခုကဲ့သို့ ကွဲပြား နေရကြောင်း အဖြေရှာပါ။ မိမိတွေ့ရှိချက်နှင့်ကွဲလွဲနေပါကလည်း သေချာစွာ သုတေသန ပြုလုပ်ပါ။ အကယ်၍ သတင်းစာပါအကြောင်းအရာများ၊ အဖွဲ့အစည်းက ထုတ်ပြန် သော စာစောင်ပါအချက်အလက်များကို မိမိအသုံးပြုမည်ဆိုပါက ထိုသတင်းစာ၊ စာစောင်များမှ မိမိတဆင့်အသုံးပြုသည်ကို ဖော်ထုတ်ရေးသားပေးပါ။ ထိုသို့လုပ်ဆောင် ခြင်းဖြင့် ထိုသူတို့အပေါ်လေးစာရာရောက်သလို အကယ်၍ ထိုအချက်အလက်များ မှားယွင်းနေခဲ့ပါက မိမိတာဝန်ကင်းပေလိမ့်မည်။

*ချိုးဖောက်ခံသူများနှင့် ၎င်းမိသားစုဝင်များ၏လုံခြုံမှု*

လူ့အခွင့်အရေးချိုးဖောက်မှု စုံစမ်းသူများအတွက် ပထမဦးဆုံး သတိပြုရမည့် အချက်မှာ လူ့အခွင့်အရေး ချိုးဖောက်ခံရသူများနှင့် ၎င်းမိသားစုများ၏ လုံခြုံမှုဖြစ်သည်။ မိမိကူညီရမည့်သူများသည် မိမိအတွက်ကြောင့် ဒုက္ခပိုမရောက်သွားစေရန် မိမိတွင် တာဝန် အပြည့်အဝရှိသည်။

ထို့ကြောင့် တွေ့ဆုံမေးမြန်းမှုမစတင်မီကထည်းက မိမိအကြောင်းကို ထိုသူများ ရှင်းရှင်းလင်းလင်းသိအောင်လုပ်ဆောင်ပါ။ မိမိ၏လုပ်ငန်းသည် အစိုးရနှင့် ပတ်သက် ခြင်းမရှိကြောင်း ရှင်းပြပါ။ ထို့ပြင်ဘာကြောင့် ထိုသူအား လာရောက်မေးမြန်းရသည်ကို လည်း ရှင်းလင်းပါစေ။ ထိုသူထံမှရရှိသော အချက်များကို မည်ကဲ့သို့အသုံးချမည် ဖြစ်ကြောင်းရှင်းပြပါ။ မည်သည့်အချက်များကို လူအများသိစေမည်၊ သို့သော်မည့်သည့် အချက်များကိုတော့ ချန်လှပ်ထားမည်ကို ထိုသူအားနားလည်ပါစေ။ တခါတလေတွင် ချိုးဖောက်ခံသူများနှင့် မိသားစုဝင်များသည် ချိုးဖောက်မှုကို အခြားလူအများသိစေချင် သော်လည်း နောက်ဆက်အန္တရာယ်များ ထပ်မံကြုံတွေ့ရမည်ကို စိုးရိမ်သောကြောင့် အဖြစ်အပျက်များကို သိုသိုသိပ်သိပ်နှင့် ဖုံးကွယ်ထားလိုကြသည်။ ထိုအခြေအနေမျိုးတွင် ထိုသူများက သဘောတူခွင့်ပြုသော သတင်းအချက်အလက်များကိုသာ လူအများသိ

အောင် တင်ပြရမည်။ အကယ်၍ထိုအဖြစ်အပျက်သည် မိမိမတင်ပြမီကတည်းက လူသိရှင်ကြားဖြစ်ခဲ့ပြီးဖြစ်လျှင်၊ ထိုသူများအပေါ် မည်သည့်အန္တရာယ်များ မကျရောက်နိုင်ကြောင်း မိမိအနေဖြင့် လုံးဝအာမခံနိုင်လျှင်တော့ ကိစ္စမရှိပေ။

တခါတရံတွင် အခြားအကြောင်းအရာများကို လူအများသိစေလိုသော်လည်း အမည်နှင့်သိသာထင်ရှားစေနိုင်မည့်အချက်အလက် (ဥပမာ– ကျေးရွာအမည်၊ နေ့စွဲ) တို့ကို ဖုံးကွယ်ထားလိုတတ်ကြသည်။ ထိုအခါမျိုးတွင် အမည်ကိုပြောင်းလွဲ၍ အခြားအမည်ဖြင့်အသုံးပြုခြင်း၊ အများကမခွဲခြားနိုင်သော ယေဘူယျရွာအမည်များ၊ အချိန်များကို လွဲပြောင်းအသုံးပြုခြင်းများ လုပ်ဆောင်နိုင်သည်။ တကယ်၍ ထိုသူများက အသုံးပြုခွင့်ပေးသော်လည်း သူတို့အတွက် ကောင်းကျိုးထက်ဆိုးကျိုးပိုမိုဖြစ်စေမည်ဟု မိမိယူဆပါက အသုံးမပြုခြင်းက အကောင်းဆုံးဖြစ်သည်။ အကယ်၍ ချိုးဖောက်ခံသူ တယောက်ယောက်က တချို့အချက်အလက်များကို ထုတ်ဖော်သုံးခြင်းခွင့်မပြုဟုဆိုပါက ထိုအချက်များကို မိမိမှတ်စုထဲတွင် ထင်ရှားစွာမှတ်သားထားရမည်။ သို့မှသာ မတော်တဆ သတိလက်လွတ်သုံးစွဲမိခြင်းကို ရှောင်ရှားနိုင်မည်။

မိမိရရှိထားသော အချက်ပေါင်းများစွာထဲမှ မည်သည့်အချက်များကို ထုတ်ဖော်ရေးသားသင့်သည်၊ မည်သည့်အချက်များကိုတော့ ချန်လှပ်သင့်သည်ဟူ၍ ဆုံးဖြတ်ရန်မှာ အမှန်တကယ်ခက်ခဲသောအလုပ်ပင်ဖြစ်သည်။ ထိုသို့ဝေခွဲမရဖြစ်နေပါက မိမိတဦးတည်းမဆုံးဖြတ်ဘဲ မိမိအဖွဲ့အစည်းအတွင်း သို့မဟုတ်အခြားမှ ကျွမ်းကျင်သူတို့နှင့် တိုင်ပင်ဆောင်ရွက်ပါ။

မိမိ၏မှတ်တမ်းအချက်အလက်များကို အထူးဂရုစိုက်ပါ၊ အထူးအရေးကြီးသော ကိစ္စများတွင် အမည်ဝှက်များကိုသာ ရေးသားမှတ်တမ်းတင်ထားပြီး အမည်မှန်များကို သီးခြားနေရာတွင်ရေးသားသင့်သည်။ မိမိမှတ်ဉာဏ်ဖြင့် မှတ်သားထားနိုင်လျှင် အကောင်းဆုံးဖြစ်သည်။ လက်ရေးများကို မိမိပြန်လည်ဖတ်နိုင်အောင်ရေးသားသင့်သည်။ အရေးပေါ်အခြေအနေမျိုးတွင် ပျောက်ဆုံးသွားခြင်း၊ သိမ်းဆည်းခံရခြင်းကြောင့် အချက်အလက်များ ပျောက်ရှသွားခြင်းတို့မှ ကာကွယ်ရန်အတွက် မိတ္တူနှစ်စုံ ကူးထားသင့်သည်။ တစုံကို မိမိရုံးခန်းတွင်မဟုတ်ဘဲ အခြားမည်သူမှမတွေ့နိုင်သော နေရာမျိုးတွင် လို့ဝှက်စွာသိမ်းဆည်းသင့်သည်။

*လူ့အခွင့်အရေးစုံစမ်းသူများအတွက် လုံခြုံရေး*

နယ်မြေအသီးသီးသို့ လှည့်လည်သွားရောက်၍ လူ့အခွင့်အရေး ချိုးဖောက်မှုများကို စုံစမ်းမှတ်တမ်းရသူများအတွက် လုံခြုံရေးမှာလည်း အထူးအရေးကြီးသော အချက်တချက်ပင်ဖြစ်သည်။ ထို့အတွက်ကြောင့် အောက်ပါအကြံပေးချက်များကို လိုက်နာသင့်သည်။

မိမိအပေါ်ခြိမ်းခြောက်မှု၊ အနှောက်အယှက်ပေးမှုများကို ပေါ့ပေါ့သဘော မထားပါနှင့်၊ မိမိအတွက်အကာအကွယ်ရနိုင်သမျှရနိုင်အောင်ပြင်ဆင်ပါ။ မည်သည့်ခရီးကိုမှ တဦးထည်းမသွားလာပါနှင့်။ မိမိမည်သည့်နေရာတွင်ရှိနေကြောင်းကို အနည်းဆုံး တဦးတယောက်အား အသိပေးထားပါ။ မိမိပြန်ရောက်မည့်ရက်အား ခန့်မှန်းအသိပေး ထားပါ။ သို့မှသာပြန်ရောက်ရမည့်အချိန်တွင်ပြန်မရောက်ပါက မိမိတခုခုဖြစ်နေကြောင်း အခြားလူများသိပြီး လိုအပ်သည်များကိုဆောင်ရွက်နိုင်မည်။

အများက လေးစားသောသူများနှင့် ယှဉ်တွဲသွားလာပါက သက်ဆိုင်ရာ အာဏာပိုင်များက အနှောက်အယှက်ပေးနိုင်မှုနည်းပါးစေတတ်သည်။ အထူးသတိထား ရမည့်ခရီးသွားလာမှုမျိုးတွင် ထိုသူများနှင့်အတူသွားရောက်ပါက မိမိအတွက် ပိုမိုအဆင်ပြေနိုင်သည်။ သို့သော်ထိုသူများကိုအသိမပေး မရှင်းပြဘဲလုပ်ဆောင်ပါက ထိုသူများကိုတဖက်လှည့်အသုံးချရာရောက်ကြောင်း သတိမူပါ။

နေရာတိုင်းတွင် မိမိအဆက်အသွယ်များ ပွားများအောင်လုပ်ဆောင်ပါ။ အကယ်၍ ထိုဒေသကိုမကျွမ်းကျင်ပါက ကျွမ်းကျင်သော ဒေသခံအဖွဲ့များ၏ အကူအညီကို ရနိုင်အောင်လုပ်ဆောင်ပါ။ ဒေသအတွင်း လုံခြုံရေးတာဝန်ယူသူများနှင့် ပြဿနာဖြစ်မှုနည်းလေလေ မိမိလုပ်ငန်းအဆင်ပြေလေလေဖြစ်သည့်အတွက် ထိုသူများနှင့် အဆင်ပြေအောင်ကြိုးပမ်းလုပ်ဆောင်သင့်သည်။ အကယ်၍ ထိုဒေသခံအာဏာပိုင်များနှင့် မိမိအဖွဲ့မှ သူတဦးတယောက်တို့ ပြဿနာဖြစ်ပွားခဲ့ပါက ထိုသူအား နောက်ထပ် စေလွှတ်တာဝန်ပေးခြင်းမလုပ်သင့်တော့ဘဲ အခြားလူတဦးကို ပြောင်းလဲစေလွှတ် သင့်သည်။

# အခန်း (၆)

## မှတ်တမ်းတင်ခြင်း (Documentation)

*မှတ်တမ်းတင်ခြင်းဆိုတာဘာလဲ။*

မှတ်တမ်းတင်ခြင်းဆိုသည်မှာ မိမိစုံစမ်းတွေ့ရှိချက်များ၊ အခြားသတင်း အချက်အလက်များကို အလွယ်တကူပြန်လည်ထုတ်ယူ၍ရနိုင်အောင်၊ ဖြန့်ဝေ၍ရနိုင်အောင် စနစ်တကျ မှတ်တမ်းတင်သိမ်းဆည်းစုဆောင်းထားခြင်းပင်ဖြစ်သည်။ အကယ်၍ အခင်းဖြစ်ပွား သော နေရာတွင်ရှိသော မိမိအဖွဲ့ဝင်တယောက်က ၎င်းရရှိထားသော သတင်းများကို မှတ်တမ်းတင်ဌာနသို့ပို့ဆောင်လျှင် ထိုဌာန၏တာဝန်မှာ ထိုသတင်းအချက်အလက် များကို လက်ခံ၍ မပျောက်မရှအောင်မှတ်တမ်းတင်ခြင်း၊ အလွယ်တကူပြန်လည် ရှာဖွေနိုင်သောနည်းဖြင့် ဖိုင်တွဲထားခြင်းဖြစ်သည်။ စနစ်တကျမှတ်တမ်းတင်သော စနစ်ကို အသုံးပြုမှသာ ထိုမှတ်တမ်းများကို အချိန်တိုတိုအတွင်း နေရာမှန်မှန်၌ ရှာဖွေနိုင်မည် ဖြစ်သည်။ ထိုသို့သိမ်းဆည်းသော စနစ်သည် အဖွဲ့အစည်းတခုနှင့်တခု တူညီလေ့မရှိပေ။ ထို့အတွက်ကြောင့် မိမိအဖွဲ့ အစည်းအတွက် အသုံးအကျဆုံး မှတ်တမ်းတင်နည်းများကို မိမိကိုယ်တိုင်ရွေးချယ် သုံးစွဲတတ်ရန်လိုအပ်သည်။

*သတင်းများကို ဘယ်လိုမှတ်တမ်းတင်သလဲ။*

အဓိကအားဖြင့် ရရှိသောသတင်းများကို နည်း(၂)နည်းဖြင့် သိမ်းဆည်း မှတ်တမ်းတင်လေ့ရှိသည်။ ပထမနည်းမှာ ထွက်ဆိုချက်အတိုင်းသိမ်းဆည်းခြင်း (Narrative Report) နှင့် ဒုတိယနည်းမှာ ဖောင်ပုံစံဖြင့်မှတ်တမ်းတင်သိမ်းဆည်းခြင်း (Standard Forms) တို့ဖြစ်သည်။

ထွက်ဆိုချက်အတိုင်းသိမ်းဆည်းခြင်း (Narrative Report) ဆိုသည်မှာ တွေ့ဆုံ မေးမြန်းခဲ့သူတဦး၏ ပြောကြားချက်များကို မချွင်းမချန် အစမှအဆုံး၊ တလုံးမကျန် လိုက်လံရေးသားမှတ်တမ်းတင်ထားခြင်းဖြစ်သည်။ ဇာတ်လမ်းတပုဒ်သဖွယ် ဖြစ်နေလေ့ရှိ

သည်။ ထိုမှတ်တမ်းတွင် မေးမြန်းခဲ့သူအမည်၊ နေ့၊ နေရာနှင့် ထွက်ဆိုသူအမည်တို့ ပါဝင်လေ့ရှိသည်။ ဤနည်းကိုသုံးပါက မိမိသိလိုသော အချက်များမမေ့ရန် လိုအပ်သည့် အချက်များကို ကြိုတင်စာရင်းလုပ်ထားနိုင်သည်။ **(အဓမ္မကျင့်ခံရသောသူ တယောက်အား စုံစမ်းရန်အတွက် လိုအပ်သောအချက်အလက်များအတွက် နမူနာပုံစံကို နောက်ဆက်တွဲတွင်ကြည့်ပါ)** ဤနည်းဖြင့် စုဆောင်းခြင်းသည် အရိုးစင်းဆုံး မှတ်တမ်းတင်ခြင်းဖြစ်ပြီး ဖြစ်ပျက်သမျှအကြောင်းအရာ အားလုံးကို သိမ်းကြုံး မှတ်တမ်းတင်ထားခြင်းဖြစ်သည်။ ထိုသို့မှတ်တမ်းတင်ခြင်း၏ အားနည်းချက်မှာ အရေးပါသော အချက်များ မေ့လျော့သွားနိုင်ခြင်း၊ အရေးကြီးသော မေးခွန်းများမေးမြန်းရန် ကျန်ရစ်ခဲ့နိုင်ခြင်း၊ မှတ်တမ်းတင်ဌာနမှ တာဝန်ရှိသူများအနေဖြင့် ထိုအချက်အလက် ပေါင်းများစွာကို ပုံစံတကျပြန်လည်မှတ်တမ်းတင်သိမ်းဆည်းရန် အချိန်ကာလများစွာ လိုအပ်ခြင်းတို့ဖြစ်သည်။

ဖောင်ပုံစံဖြင့်မှတ်တမ်းတင်သိမ်းဆည်းခြင်း (Standard Forms) ဆိုသည်မှာ မိမိပြင်ဆင်ထားသော ဖောင်စာရွက်အတွင်း ဖြည့်စွက်ရန်လိုအပ်သော အချက်များ မေးမြန်းဖြည့်စွက်၍ မှတ်တမ်းတင်သိမ်းဆည်းခြင်းဖြစ်သည်။ အကြောင်းအရာတခု အတွက် လိုအပ်သည့်မေးခွန်းများကို ဖောင်ပုံစံကွက် ကြိုတင်ပြုလုပ်ထား၍ လိုအပ်သည့် အချက်များကိုသာ မေးမြန်းရန်လိုအပ်သည်။ ထို့ကြောင့် အလွယ်တကူ မေးမြန်း မှတ်တမ်းတင်သိမ်းဆည်းနိုင်သည်။ **(နမူနာဖောင်ပုံစံကို နောက်ဆက်တွဲတွင် ကြည့်ပါ)** အချို့အဖွဲ့အစည်းများသည် ခက်ခဲရှုတ်ထွေးသော ဖောင်ပုံစံကွက်များကို အသုံးပြုတတ်ကြပြီး အချို့မှာ ရှင်းလင်းလွယ်ကူသော ပုံစံများကိုသာ သုံးတတ်သည်။ ထိုသို့ကွဲပြားရခြင်းမှာ အဖွဲ့အစည်း၏လုပ်ငန်း၊ အကြောင်းအရာအမျိုးအစား၊ လိုအပ်သော အကြောင်းအရာများကို မူတည်၍ တဖွဲ့နှင့်တဖွဲ့ မတူကွဲပြားရခြင်းသာ ဖြစ်သည်။

ထိုဖောင်ပုံစံကိုအသုံးပြုခြင်းဖြင့် အရေးပါသည့်အချက်များ မေ့လျော့သွားခြင်း မရှိတော့သလို မှတ်တမ်းတင်ဌာနအနေဖြင့်လည်း ထိုအချက်အလက်များကို ကွန်ပြူတာဖြင့် မှတ်တမ်းတင်သိမ်းဆည်းရာတွင် အထူးလွယ်ကူသည်။ ပြန်လည်ရှာဖွေရာတွင် ဖြစ်စေ၊ သုတေသနလုပ်ငန်းအတွက် အရေအတွက်များ၊ ကိန်းဂဏန်းများ ရှာဖွေ စုဆောင်းရာတွင် အထူးအထောက်အကူဖြစ်စေသည်။ အားနည်းချက်မှာ သာမန် မဟုတ်ဘဲ ထူးခြားသောဖြစ်ရပ်များကိုမှတ်တမ်းတင်ရာတွင် ကြိုတင်ပြင်ဆင်ထားသည့်

ဖောင်ပုံစံကွက်မရှိသည့်အတွက် ထိုအချက်များကို မှတ်တမ်းတင်ရန်အခက်တွေ့ရသည်။ အချက်အလက်များကိုပြောပြသောသူများ၏ ခံစားချက်များကို ထည့်သွင်းထားခြင်းမရှိသည့်အတွက် အစီရင်ခံစာရေးရာ၌ အဖြစ်အပျက်ကို ရုပ်လုံးပေါ်အောင် ရေးသားသည့်အခါတွင် အခက်အခဲတွေ့ရတတ်သည်။ ထိုအတွက်ကြောင့် ထွက်ဆိုချက်အတိုင်း သိမ်းဆည်းခြင်း (Narrative Report) နှင့် ဖောင်ပုံစံဖြင့်မှတ်တမ်းတင်သိမ်းဆည်းခြင်း (Standard Forms) တို့နှစ်မျိုးစလုံးကို အသုံးပြုနိုင်လျှင်အကောင်းဆုံးဖြစ်သည်။

*သတင်းအချက်အလက်များကိုမှတ်တမ်းတင်ရာတွင် လုပ်ဆောင်သင့်သောအချက်များ*

ပထမဦးဆုံး လုပ်ဆောင်သင့်သောအချက်မှာ မိမိအဖွဲ့အစည်းအနေဖြင့် မည်သည့်လူ့အခွင့်အရေးချိုးဖောက်မှုများအကြောင်းကို ကိုင်တွယ်ဖြေရှင်းမည်ဖြစ်ပြီး မည်သည့်အချက်များကိုတော့ ကိုင်တွယ်ဖြေရှင်းမည်မဟုတ်ဟု တိတိကျကျ ရွေးချယ်သတ်မှတ်ရန်ပင်ဖြစ်သည်။ ထိုသို့ရွေးချယ်သတ်မှတ်နိုင်ရန်အတွက် မိမိတို့အများဆုံးကြုံတွေ့ရင်ဆိုင်ရတတ်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများ၏ အဓိပ္ပာယ်ကို တိတိကျကျ ဖွင့်ဆိုထားရန်လိုအပ်သည်။ မိမိတို့အဖွဲ့အစည်းအနေဖြင့် ကိုင်တွယ်ဖြေရှင်းရန်ဆုံးဖြတ်သတ်မှတ်ထားသော လူ့အခွင့်အရေးချိုးဖောက်မှုများမှာ မည်သည့်အရာများဖြစ်ကြောင်း၊ ထိုလူ့အခွင့်အရေးချိုးဖောက်မှုများကို မည်ကဲ့သို့ အဓိပ္ပာယ်ဖွင့်ဆိုထားကြောင်းကို မိမိအဖွဲ့အတွင်းမှသူများအားလုံး နားလည်သဘောပေါက်မှသာ မည်သည့်အချက်များကိုရအောင်စုံစမ်းရမည်၊ မည်သည့်ဖောင်တွင်ဖြည့်စွက်ရမည်၊ ထိုဖြည့်စွက်ထားသောဖောင်များကို မည်သည့်ခေါင်းစဉ်အောက်တွင် ထည့်သွင်းသိမ်းဆည်းရမည်၊ မည်ကဲ့သို့ပြန်လည်ရှာဖွေနိုင်မည် စသည့် လုပ်ငန်းစဉ်များအဆင်ပြေချောမွေ့နိုင်ပေမည်။

အခင်းဖြစ်ပွားသော နေရာများမှသတင်းအချက်အလက်များကို လျင်လျင်မြန်မြန်ရရှိစေသော နည်းလမ်းများကို တည်ဆောက်ထားရန်လည်း အရေးကြီးသည်။ သာမန်အခြေအနေ သတင်းပေးပို့ချက်များကို တလလျှင်တချိန် (သို့မဟုတ်) နှစ်ချိန် လုပ်ရိုးလုပ်စဉ် ဆက်သွယ်လမ်းအတိုင်းပေးပို့နိုင်သော်လည်း အရေးတကြီး ချက်ချင်းလုပ်ဆောင်ရန် လိုအပ်သည့်ကိစ္စများကို လျင်လျင်မြန်မြန် လုံလုံခြုံခြုံ ပေးပို့နိုင်မည့်နည်းလမ်းများ ရှာဖွေထားသင့်သည်။ သို့မှသာ အရေးပေါ်လုပ်ဆောင်ချက်များ လုပ်ကိုင်ဆောင်ရွက်နိုင်လိမ့်မည်။

အခင်းဖြစ်ပွားရာနေရာများ၊ ရှေ့တန်းဒေသများရှိ မိမိအဖွဲ့ဝင်များပေးပို့သော သတင်းများသည် တခါတရံအသေးစိတ်ကျလွန်းပြီး အချက်အလက်ပေါင်းများစွာ ပါဝင်နေတတ်သည်။ အများမသိစေသည့် အချက်များလည်း ရောပြွန်းပါဝင်နေတတ်သည်။ ချိုးဖောက်ခံရသူများ၏ စကားပြောဟန်အတိုင်း တိုက်ရိုက်ရေးသားပေးပို့ခြင်းများလည်း ရှိတတ်သည်။ အခြားသူများဖတ်ရန်အဆင်မချောသည်များလည်း ပါဝင်နေတတ်သည်။ ထိုအချက်အလက်များအားလုံးကို မိမိတို့၏အစီရင်ခံစာ သို့မဟုတ် စာစောင်ထဲတွင် ထည့်သွင်းရန် မဖြစ်နိုင်ပါ။ ထိုသတင်းပေးပို့ချက်များကို သတင်းထုတ်ပြန်ချက်ပုံစံ၊ ဆောင်းပါးပုံစံ၊ အစီရင်ခံစာပုံစံများအတိုင်း ပုံစံဝင်အောင် ပြန်လည်ရေးသားရန် လိုအပ်သည်။ ရောက်ရှိလာသော သတင်းကြမ်းများကို မှတ်တမ်းတင်ဌာနကဖတ်ရှု၍ မိမိအဖွဲ့အတွင်းရှိ ထိုသို့ ရေးသားရန်တာဝန်ရှိသူများအတွက် အဆင်ပြေနိုင်မည့် သတင်းအချက်ပုံစံမျိုးဖြင့် ပြန်လည် ရေးသားပေးရန်လိုအပ်သည်။

တခါတရံ သတင်းအနှစ်ချုပ်ပုံစံဖြင့် ပြင်ဆင်ထားပေးနိုင်လျှင် နောက်တဆင့်ပြန်လည်ရေးသားမည့်သူများအတွက် အထူးအသုံးဝင်သည်။ သတင်းအနှစ်ချုပ်သည် သတင်းတိုပုံစံအတိုင်းဖြစ်ပြီး အရေးအကြီးဆုံးသတင်းများကို ပထမစာတကြောင်းနှစ်ကြောင်းတွင် စတင်ရေးသားဖော်ပြရမည်။ အဓိက (ဘ)ခြောက်လုံးပါဝင်သော အချက်များ ဖြစ်ရမည်။ ထိုသို့ရေးသားပြီးမှ အခြားအရေးပါသော အချက်အလက်များကို ဖော်ပြရမည်။ အများမသိစေသောအချက်များ၊ မလိုသည်များကို ချန်ရစ်ထားရမည်။ ထိုအဖြစ်အပျက်နှင့် ပတ်သက်၍ မည်သည့်အဖွဲ့များက သို့မဟုတ် မိမိအဖွဲ့အစည်းက မည်သည့်အချက်များကို ကိုင်တွယ်လုပ်ဆောင်ပြီးဖြစ်ကြောင်း မှတ်ချက်ပါရမည်။ ထိုတာဝန်ကို မည်သူကတာဝန်ယူဆောင်ရွက်မည်ကို သတင်းမှတ်တမ်းတင်ဌာနက ကြိုတင်ပြင်ဆင်စဉ်းစားသင့်သည်။

နောက်ထပ်အရေးပါသောလုပ်ငန်းတခုမှာ မှတ်တမ်းတင်ဌာနနှင့် မိမိတို့အဖွဲ့မှ ထိုသတင်းများနှင့်ပတ်သက်၍ မည်သည့်လုပ်ငန်းများဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ဆောင်ရွက်နေကြောင်းတို့ကို အခင်းဖြစ်ပွားရာဒေသများ၊ ရှေ့တန်းဒေသများရှိ မိမိတို့အဖွဲ့ဝင်များထံ ပြန်လည်အစီရင်ခံရန်လိုအပ်သည်။

*မှတ်တမ်းများသိမ်းဆည်းခြင်း* ***(Storage)***

မှတ်တမ်းသိမ်းဆည်းရာတွင် အထူးဂရုစိုက်ရမည့်အချက်မှာ လုံခြုံရေးဖြစ်သည်။ မိမိစုဆောင်းထားသော သတင်းအချက်အလက်များကို အခြားသူများကဖျက်ဆီးခြင်း၊ လာရောက်သိမ်းဆည်းခြင်းတို့ ကြုံတွေ့နိုင်ကြောင်း အမြဲသတိထားသင့်သည်။ ထို့ကြောင့် လူအနည်းငယ်သာသိနိုင်သောနည်းလမ်းများဖြင့် လုံခြုံအောင်သိမ်းဆည်းရမည်။ ရုံးခန်းတွင်မလုံခြုံပါက အခြား ပိုမိုလုံခြုံသောနေရာများတွင် သိမ်းဆည်းထားသင့်သည်။

*ပြန်လည်ရှာဖွေ ရယူခြင်း* ***(Retrieval)***

သိမ်းဆည်းထားသော အချက်အလက်များကို စနစ်တကျမှန်ကန်စွာ သိမ်းဆည်းထားမှသာ လိုအပ်သည့်အချိန်တွင် လွယ်လွယ်ကူကူနှင့် မှန်မှန်ကန်ကန် ပြန်လည်ရှာဖွေနိုင်မည်ဖြစ်သည်။ အကြောင်းအရာခေါင်းစဉ်များကို လွယ်ကူရှင်းလင်းစွာ ခွဲခြားထားပြီး ထိုခေါင်းစဉ်များအောက်၌ မှန်မှန်ကန်ကန် သိမ်းဆည်းတတ်ရန်မှာ မှတ်တမ်းတင်ဌာနမှသူများ၏ တာဝန်ဖြစ်သည်။ လိုအပ်ပါက နေရာဒေသများအလိုက်၊ လူ့အခွင့်အရေးချိုးဖောက်မှုများအလိုက်၊ ချိုးဖောက်သူတပ်ရင်းများအလိုက်၊ လအလိုက်၊ သင်္ကေတအမည်များ၊ နံပတ်များကိုသုံးနိုင်သည်။

အကယ်၍ ဖောင်ပုံစံများဖြင့် မှတ်တမ်းတင်သိမ်းဆည်းခြင်းကို အသုံးပြုနိုင်မည်ဆိုပါက စုဆောင်းထားသောသတင်းအချက်အလက်များကို ကွန်ပြူတာဖြင့် အလွယ်တကူ မှတ်တမ်းတင်သိမ်းဆည်းနိုင်သလို အလွယ်တကူပြန်လည်ရှာဖွေနိုင်ပေလိမ့်မည်။

## အစမ်းလေ့ကျင့်မှုအတွက် လိုအပ်သောသတင်းအချက်ယူရန်နမူနာပုံစံ

(၁) တွေ့ဆုံမေးမြန်းမှု

- နေ့စွဲ
- နေရာ
- တွေ့ဆုံမေးမြန်းသူ
- ဘာသာပြန်သူ

- အခြားအတူရှိနေသောသူများ

(၂) ဒဏ်ရာတွေ့ရှိချက်

- အမှတ်အသား၊ အမာရွတ်၊ ဒဏ်ရာ
- ဆံပင်များကျွတ်ခြင်း (အကယ်၍ အခြားနှိပ်စက်ခံရခြင်းပါရှိပါက)
- အရိုးကျိုးခြင်း
- ယောင်ယမ်းခြင်း
- မီးလောင်ခြင်း
- ခြေလက်အင်္ဂါပြတ်တောက်ခြင်း
- အခြားသိသာထင်ရှားသောဒဏ်ရာများ
- ဆေးမှတ်တမ်း

(၃) ထိုသူ၏ ပုံစံအပေါ်တွေ့ရှိရချက်

- ပြောဆိုသည့်လေသံ (တိုး၊ ကျယ်၊ ခံစားချက်လုံးဝမပါ)
- ငေးမောကြည့်နေခြင်း (မိမိအားလုံးဝမကြည့်ခြင်း)
- ငိုကြွေးခြင်း (မည့်သည့်အခါတွင် ငိုသနည်း)
- လုံးဝစကားမပြောခြင်း သို့မဟုတ် အဆက်မပြတ်ပြောနေခြင်း၊
- ခန္ဓာကိုယ်လှုပ်ရှားပုံ တုန်လှုပ်နေခြင်း သို့မဟုတ် လှုပ်ရှားမှုလုံးဝမရှိခြင်း၊
- မိမိအပေါ်တုန့်ပြန်ချက် (မေးခွန်းများကို ချီတုံချတုံစဉ်းစားပြီးမှ ဖြေခြင်း၊ မေးခွန်းများကိုမကြာခဏပြန်မေးခြင်း)
- အခြားတွေ့ရှိရချက်များ၊

(၄) ပုဂ္ဂိုလ်ရေးသတင်းအချက်များ

- အမည်အပြည့်အစုံ
- လိင် - မိဘအမည်
- မွေးနေ့
- အိမ်ထောင်အခြေအနေ - ကလေးအရေအတွက်
- လိပ်စာ
- လူမျိုး - ဘာသာ
- အလုပ်အကိုင်

(၅) ဖြစ်ပွားပုံ

- အချိန် (နာရီ၊ နေ့၊လ၊ခုနှစ်)
- မည်သည့်နေရာတွင်ဖြစ်ပွားသလဲ၊
- အခြားမည်သူတွေရှိသေးသလဲ၊
- မည်သူကကျူးလွန်သလဲ (ထိုသူအကြောင်းအသေးစိတ်၊ လူမည်မျှပါဝင်သည်၊ တပ်ရင်းအမည်၊ ယူနီဖောင်းဝတ်ထားမထား၊ လက်နက်ကိုင်ထားမထား)
- သူတို့ဘာပြောသလဲ
- မိမိအားအကြမ်းဖက်၍ပြုလုပ်သလား၊
- ရုပ်ပိုင်းဆိုင်ရာဘယ်လိုအကြမ်းဖက်လဲ၊
- စိတ်ပိုင်းဆိုင်ရာဘယ်လိုအကြမ်းဖက်လဲ။
- ဘယ်လောက်ကြာအောင်ပြုကျင့်သလဲ၊ ဘယ်နှစ်ယောက်ပြုကျင့်လဲ၊
- ပြုကျင့်ခံရအပြီး ခန္ဓာကိုယ်နာကျင်မှုဘယ်လိုဖြစ်လဲ၊
- မိမိတဦးထဲကိုလား၊ အခြားသူပါသေးလား၊
- ထိုအဖြစ်ကို တွေ့မြင်သူရှိလား၊

ပြုကျင့်ခံရပြီးနောက်ပိုင်းအဖြစ်အပျက်

- ဆရာဝန်၊ ဆေးအမှုထမ်းနှင့်တွေ့ပြီးမပြီး၊
- တွေ့ပါက မည်သည့်အချိန်ကလဲ၊
- ဆေးမှတ်ချက်၊
- ထိုကိစ္စအားအမှုဖွင့်တိုင်ကြားပါသလား၊
- တိုင်ကြားပါကမည်သည့်အချိန်ကလဲ၊
- ထိုတိုင်ကြားချက်ကို အစိုးရကဘယ်လိုတုန့်ပြန်ပါသလဲ၊
- လက်ရှိထိုအမှုအခြေအနေဘယ်လိုရှိလဲ။
- လက်ရှိကျန်းမာရေးအခြေအနေ
- ပြုကျင့်ခံရအပြီးရုပ်ပိုင်းဆိုင်ရာထူးခြားချက်
- လက်ရှိကျန်းမာရေးအခြေအနေ၊
- စိတ်ပိုင်းဆိုင်ရာအခြေအနေ
- လက်ရှိဆေးကုသမှုခံနေပါက ဘာအတွက်ကြောင့်လဲ၊

ဖောင်အမျိုးအစားအမှတ် (    )

ချိုးဖောက်ခံရသူအမှတ်စဉ် ——————————

## ချိုးဖောက်ခံသူနှင့်ပတ်သက်သောအချက်အလက်

| | | | |
|---|---|---|---|
| အမည် | လိင် | အသက် | မွေးနေ့ |
| ကိုးကွယ်သည့်ဘာသာ | အိမ်ထောင် | အိမ်ထောင်ဖက်အမည် | ကလေးအရေအတွက် |
| နေရပ်လိပ်စာ | | | |
| ပညာရေးအဆင့်အတန်း | | | |
| အလုပ်အကိုင် | | တာဝန် | |

## ဖမ်းဆီးခံရမှုနှင့်ပတ်သက်သောသတင်း

| | | | |
|---|---|---|---|
| ဖမ်းဆီးသူ | အရေအတွက် | တာဝန်အဆင့်အတန်း | တပ်ရင်း |
| ဖမ်းဆီးခံရသူ | ကျား၊မ | အရေအတွက်နှင့်အမည် | |
| နေရာ | နေ့စွဲ | ဘာအတွက်ကြောင့်ဖမ်းဆီးသွားသည် | |
| နှိပ်စက်ခံရပါက နှိပ်စက်ခံရပုံ | | | |
| ချုပ်နှောင်ထားဆဲဖြစ်ပါက ချုပ်နှောင်ထားသည့်နေရာ | | နောက်ဆုံးကျန်းမာရေးအခြေအနေ | |
| ရုံးတင်စစ်ဆေးပါက စစ်ဆေးသည့်တရားရုံး | ပြစ်ဒဏ် | နေ့စွဲ | |
| ပြန်လွှတ်လာပါက နေ့စွဲ | အကြောင်းအရာ | ပေးရသည့်ငွေပမာဏ | |

အချက်အလက်စုဆောင်းသည့်နေ့စွဲ ____________________

စုဆောင်းသူ ____________________

လက်မှတ် ____________________

# အခန်း (၇)
## အစီရင်ခံခြင်း (Reporting)

*အစီရင်ခံခြင်းဆိုတာဘာလဲ။*

မိမိစုံစမ်းတွေ့ရှိထားသောအချက်အလက်များကို မိမိအဖွဲ့အစည်း၏ ရုံးခန်းထဲ၊ ဖိုင်တွဲများထဲတွင်သာသိမ်းဆည်းထား၍မဖြစ်ပါ။ မိမိတို့ရည်ရွယ်ထားသည့်အတိုင်း ချိုးဖောက်ခံရသူအတွက် လိုအပ်သည့်အရေးယူဆောင်ရွက်မှုများ ပေါ်ပေါက်လာစေရန်၊ နောက်ထပ်ထိုအဖြစ်မျိုး ထပ်မံမပေါ်ပေါက်စေရန်အတွက် တားဆီးကာကွယ်မှုများ အကောင်အထည်ပေါ်လာစေရန်အတွက် အခြားလုပ်ငန်းတဆင့်ကို ထပ်မံလုပ်ကိုင်ရန် လိုအပ်သည်။ ထိုလုပ်ငန်းအဆင့်မှာ အစီရင်ခံခြင်းဖြစ်သည်။

အစီရင်ခံခြင်းတွင် မိမိရည်ရွယ်ချက်များ အကောင်အထည်ဖော်ရန်အတွက် နည်းအမျိုးမျိုးဖြင့် အစီရင်ခံခြင်းများရှိသည်။ တခါတရံတွင် စာရေးသားဖြန့်ဝေခြင်း၊ တခါတရံတွင် အစီရင်ခံစာများရေးသားထုတ်ဝေခြင်း၊ ထိုမျှမက သတင်းထုတ်ပြန်ကြေညာချက်များ ထုတ်ပြန်ခြင်းတို့လည်း ရှိတတ်သည်။ ၎င်းတို့အားလုံးသည် အစီရင်ခံခြင်း လုပ်ငန်းနှင့်အကြုံးဝင်သည်။ အချို့အစီရင်ခံခြင်းများသည် လူနည်းနည်းကိုသာ ဖြန့်ဝေအသိပေးခြင်းမျိုးရှိတတ်ပြီး အချို့မှာ အများပြည်သူတရပ်လုံးသိအောင် ဖြန့်ဝေခြင်းမျိုးလည်း ရှိသည်။ ထိုအစီရင်ခံခြင်းများတွင် မည်သည့်အချက်များ ပါဝင်သင့်သည်ဆိုသောအချက်ကို ဆုံးဖြတ်ရာတွင် မည်သူတို့ကို မည်သည့်အကြောင်းများ အသိပေး၍ မည်သည့်ရည်ရွယ်ချက်အတိုင်း ဖြစ်စေမည်ဆိုသည့် အချက်သုံးချက်အပေါ် မူတည်၍ စဉ်းစားဆုံးဖြတ်ရပေမည်။

အစီရင်ခံခြင်းကိုလုပ်ကိုင်သည့်အခါ အဓိကအရေးအကြီးဆုံး အချက်မှာ သမာသမတ်ကျသည်ဟု အများက လက်ခံယုံကြည်စေနိုင်မည့် ပုံစံဖြင့် ရေးသားရန်ဖြစ်သည်။ အချက်အလက်အမှန်များကို တိတိကျကျမှန်မှန်ကန်ကန် ရေးသားထားသည်ဟု စာဖတ်သူများကလက်ခံယုံကြည်စေမည့် အရေးအသားတင်ပြမှုပုံစံများ

ဖြစ်သင့်သည်။ ပြင်းထန်ကြမ်းတမ်းသော ထိုးနှက်တိုက်ခိုက်ချက်များ၊ နားရှုတ်ထွေးစေမည့် စကားလုံးများကိုရှောင်ရှားသင့်သည်။

အစီရင်ခံခြင်းအဆင့်တွင် စာရေးသားခြင်း၊ သတင်းကြေညာချက် ထုတ်ပြန်ခြင်း၊ အရေးပေါ်လုပ်ဆောင်ရန် တပ်လှန့်ခြင်း၊ စာတမ်းတိုများ၊ အထူးအစီရင်ခံစာများ ရေးသားခြင်း အမျိုးမျိုးရှိသည့်အတွက် ထိုအကြောင်းအရာများ၏ ကွဲပြားမှုများကို လေ့လာသင့်သည်။

*စာရေးသားခြင်း*

အထူးသတင်းအချက်များကို လူအုပ်စုငယ်များထံ ပေးပို့လိုသည့်အခါ ထိုသို့ စာများရေးသားပေးပို့ခြင်းအား အောင်မြင်စွာအသုံးပြုနိုင်သည်။ ထိုအကြောင်းအရာများ ပါဝင်သည့်စာများကို အစိုးရအရာရှိများ၊ (အထူးသဖြင့် တရားရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီး) တို့ထံ ပေးပို့လေ့ရှိသည်။ အများပြည်သူအားလုံး မသိစေလိုသော သတင်းအချက်အလက်များကို သက်ဆိုင်ရာထံအသိပေးလိုသည့်အခါ ယခုနည်းမှာ အသုံးဝင်သည်။ များသောအားဖြင့် စာထဲတွင် ပေးပို့သူအနေဖြင့် မည်ကဲ့သို့ လုပ်ဆောင်စေလိုကြောင်းဖော်ပြထား၍ ထိုသို့လုပ်ဆောင်ရန် ပန်ကြားသော အရေးအသားမျိုး ပါဝင်လေ့ရှိသည်။

ထိုသို့စာရေးသားရာတွင် အကယ်၍မိမိအဖွဲ့အကြောင်း၊ ရေးသားသူများအကြောင်းကို စာဖတ်မည့်သူအနေဖြင့် မသိရှိသေးလျှင် မိမိမည်သူမည်ဝါဖြစ်ကြောင်း အစချီမိတ်ဆက်ရေးသားသင့်သည်။ ထိုနောက်တွင်မှ ဘာအကြောင်းကြောင့် ယခုစာကို ရေးသားပေးပို့လိုက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြရမည်။ ထို့နောက်ထိုအကြောင်းနှင့် ပတ်သက်သော လိုအပ်သည့် အသေးစိတ်အချက်အလက်များ ဖော်ပြနိုင်သည်။ ၎င်းနောက် ထိုသူအားမည်ကဲ့သို့ လုပ်ဆောင်စေချင်ကြောင်း ပန်ကြားသည့် အချက်များ ရေးသားရမည်။ နောက်ဆုံးတွင် မိမိအားပြန်လည်ဆက်သွယ်အကြောင်းကြားပေးရန် ပန်ကြားမှုဖြင့် အဆုံးသတ်ရမည်။

*သတင်းထုတ်ပြန်ချက်*

သတင်းထုတ်ပြန်ချက်ဆိုသည်မှာ သတင်းဌာနများဖြစ်ကြသော ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ မဂ္ဂဇင်းတို့က မိမိတင်ပြလိုသောအကြောင်းအရာကို သတင်းအဖြစ် ထည့်သွင်းတင်ပြလာအောင် တိုတိုတောင်းတောင်း ရေးသားခြင်း ဖြစ်သည်။ ထိုသတင်းထုတ်ပြန်ချက်များကို သတင်းဌာနများသာမက အခြားအဖွဲ့အစည်းများ၏ အစိုးဌာနများသို့လည်း ပေးပို့လေ့ရှိသည်။

ထိုသို့သတင်းထုတ်ပြန်တော့မည်ဆိုလျှင် မိမိအဖွဲ့အစည်းအမည်၊ တံဆိပ်၊ ခေါင်းစည်း၊ လိပ်စာများပါဝင်သော တရားဝင်စည်းတံဆိပ်များဖြင့် ရေးသားထုတ်ပြန်သင့်သည်။ မိမိထုတ်ပြန်သောသတင်းအပေါ် စိတ်ဝင်စားသူများက မိမိအားပြန်လည်ဆက်သွယ်နိုင်မည့်လိပ်စာ၊ ဖုန်း၊ဖက်စ်၊ အီးမေးလ်စသည်တို့လည်း ပါဝင်ရမည်။

ခေါင်းစဉ်ကို စားလုံးအရွယ်အစား ကြဲပြားစွာရေးရမည်။ သတင်းစာတွင် သုံးသော သတင်းခေါင်းစဉ်များကဲ့သို့ ဖတ်ရှုသူများ၏အာရုံကို ဆွဲဆောင်နိုင်သော ခေါင်းစဉ်များဖြစ်သင့်သည်။ ခေါင်းစဉ်ကိုစိတ်ဝင်စားမှသာ စာကိုယ်တွင်ပါသော အချက်များကို ဆက်လက်ဖတ်ရှုလိုစိတ်ရှိမည်။

ထုတ်ပြန်သည့်နေ့စွဲကို မပျက်မကွက်ထည့်သွင်းပါ။ အရေးတကြီးဖြန့်ချီလိုပါက “အလျင်အမြန်”ဟု ရေးသားသတိပေးနိုင်သည်။

ထိုအကြောင်းအရာနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ ထပ်မံပေးနိုင်သော မိမိအဖွဲ့အစည်းအတွင်းမှ ပြောရေးဆိုခွင့်ရှိသောလူအမည်နှင့် ၎င်းအားဆက်သွယ်နိုင်မည့် ဖုန်းနံပတ်ကို ထည့်သွင်းရေးသားပေးပါ။

စာကိုယ်တွင်ပါဝင်သော အရေးအသားအချက်အလက်များသည် သတင်းစာများတွင် အမြဲတမ်းတွေ့မြင်နေရသော အရေးအသားမျိုးဖြစ်သင့်သည်။ ပထမစာကြောင်းတွင် အဓိက (ဘ)ခြောက်လုံးပါဝင်အောင်ရေးသား၍ နောက်ပိုင်းတွင်

သိသင့်သိထိုက်သော အချက်အလက်များကို ရွေးချယ်ထည့်သွင်းရေးသားရမည်။

မိမိအဖွဲ့၏တာဝန်ရှိသူက ထိုကိစ္စနှင့်ပတ်သက်၍ ပြောကြားချက်ကို ကောက်နုတ်ထည့်သွင်းပေးပါက သတင်းသမားများပိုမိုနှစ်သက်ကြသည်။ ထိုပြောကြားချက်ကို သတင်းသမားများက ထုတ်နုတ်ကိုးကားချက်အဖြစ် ထည့်သွင်းလေ့ရှိသည်။

မိမိ၏သတင်းထုတ်ပြန်ကြေညာချက်တွင် အစိုးရအားမိမိအနေဖြင့် မည်သည့်အချက်များလုပ်ဆောင်စေကြောင်းကို ပေါ်လွင်အောင် ထည့်သွင်းရေးသားသင့်သည်။

ထုတ်ပြန်ကြေညာချက်၏ နောက်ဆုံးတွင် မိမိအဖွဲ့အစည်းအကြောင်း၊ မည်သည့် အချိန်ကဖွဲ့စည်းခဲ့သည်။ မည်သည့်ရည်ရွယ်ချက်ဖြင့် မည်သည့် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေသည်ကို အကျဉ်းချုပ်ရေးသားဖော်ပြသင့်သည်။

*အရေးပေါ်လုပ်ဆောင်ရန်တပ်လှန့်ခြင်း*

အရေးပေါ်လုပ်ဆောင်ရန် တပ်လှန့်ခြင်းဆိုသည်မှာ လူတဦးတယောက်ချင်း ထံသို့ အရေးပေါ်လူ့အခွင့်အရေးချိုးဖောက်ခံရမှုတခု ဖြစ်ပွားနေကြောင်း တပ်လှန့် အသိပေး၍ ချိုးဖောက်ခံနေရသည့် ထိုသူအား ဝိုင်းဝန်းကူညီကာကွယ်ရန်အတွက် လတ်တလောချက်ချင်း လုပ်ဆောင်မှုတခု လုပ်ဆောင်ရန် တိုက်တွန်းပန်ကြားခြင်းဖြစ်သည်။ ထိုတပ်လှန့်စာမျိုးကို နိုင်ငံရေးအကျဉ်းသားတယောက်အား ဖမ်းဆီးထားပြီး ညှင်းပမ်းနှိပ်စက်မှု ကြုံတွေ့ရနိုင်သည့်အခါမျိုးတွင်ဖြစ်စေ စစ်တပ် သို့မဟုတ်ရဲတို့က လူတယောက်အား အသက်အန္တရာယ်ခြိမ်းခြောက်မှုပြုနေလျှင် ထိုသူများကို ကာကွယ်ရန်အတွက် အရေးပေါ်တပ်လှန့်ခြင်းများကို ပေးပို့လေ့ရှိသည်။

ထိုစာမျိုးတွင် ဖမ်းဆီးခံနေရသောသူ သို့မဟုတ် ခြိမ်းခြောက်ခံနေရသောသူ အတွက် အထူးစိုးရိမ်မကင်းဖြစ်နေရသည့် အချက်ပါဝင်ရမည်။ ထိုသူအပေါ် ထို အန္တရာယ်ကျရောက်မည်ဟု ဘာကြောင့် မိမိထင်မြင်ကြောင်းကို ဖော်ပြလေ့ရှိသည်။ စာဖတ်သူ စာလက်ခံသူအနေဖြင့် မည်သည့်လုပ်ဆောင်မှုမျိုးကို ချက်ချင်းလုပ်ဆောင်စေလိုကြောင်း ရှင်းလင်းစွာညွှန်ကြားဖော်ပြထားရမည်။ များသောအားဖြင့် ထိုသူအား

ကာကွယ်မှုများပြုလုပ်ပေးရန် အစိုးရတာဝန်ရှိသူများထံ ယဉ်ကျေးစွာပန်ကြားစာများ ရေးသားရန် တိုက်တွန်းလေ့ရှိသည်။ ထိုသို့စာများရေးသားပေးပို့ရမည့် အစိုးရ တာဝန်ရှိသူ ပုဂ္ဂိုလ်အမည်နှင့် လိပ်စာကိုထည့်သွင်းရေးသားထားတတ်သည်။

*စာတမ်းတိုများရေးသားခြင်း*

စာတမ်းတိုများရေးသားခြင်းမှာ လူတဦးတယောက် အဖြစ်အပျက်မဟုတ်ဘဲ အကြောင်းအရာ ခေါင်းစဉ်တခုနှင့် ပတ်သက်၍ လူအများ စိတ်ဝင်စားလာစေရန် ရည်ရွယ်ရေးသားခြင်းမျိုးဖြစ်သည်။ စာမျက်နှာ သုံးရွက်မှ ဆယ်ရွက်အထိ ရှည်လျားတတ်သည်။

စာတမ်းတိုရေးသားရာတွင် မိမိရေးသားလိုသော အကြောင်းအရာကိုသာ အဓိကထား ရေးသားဆွေးနွေးထားရမည်။ ဥပမာ – တရားမဝင် လိင်အလုပ်သမများအား သတ်ဖြတ်မှု၊ ရှမ်းတိုင်းရင်းသားများအပေါ် မကြာခင်က ထိုးစစ်ဆင်မှုစသည့်ဖြင့် အဓိကထားသော ခေါင်းစဉ်များအောက်မှ ရေးသားသော အချက်များ သွေဖယ်မသွားအောင် သတိပြုရေးသားရမည်။

ပထမဦးဆုံး အကြောင်းအရာ အဖြစ်အပျက်အကြောင်းကို ခြုံငုံရေးသားမိတ်ဆက်ထားသောစာပိုဒ်ဖြင့် စတင်လေ့ရှိသည်။ ထို့နောက်လေ့လာတွေ့ရှိထားသော အဖြစ်အပျက်များ၊ ထွက်ဆိုချက်များထည့်သွင်းလေ့ရှိသည်။ အဆုံးသပ်တွင် အကြောင်းအရာများကို အကျဉ်းချုပ်ထားသော နိဂုံးချုပ်ပါဝင်လေ့ရှိသည်။ အရေးအကြီးဆုံးမှာ သက်ဆိုင်ရာအစိုးရများအား ထိုကိစ္စနှင့်ပတ်သက်၍ မည်သို့လုပ်ကိုင်ဆောင်ရွက်စေလိုကြောင်းအား ထည့်သွင်းဖော်ပြထားသည့် အကြံပြုချက်များပါဝင်ရန်ဖြစ်သည်။ စာတမ်းတိုများရေးသားထုတ်ဝေလျှင် အကောင်းဆုံးအချက်မှာ ထိုစာတမ်းတွင်ပါဝင်သောအကြောင်းအရာများကို အနှစ်ချုပ်ရေးသားထားသည့် သတင်းထုတ်ပြန်ချက်ကို မျက်နှာဖုံးစာရွက်အနေဖြင့် ပူးတွဲထုတ်ပြန်နိုင်လျှင် အကောင်းဆုံးဖြစ်သည်။ ထိုသို့လုပ်ဆောင်နိုင်ပါက သတင်းဌာနများ၏ စိတ်ဝင်စားမှုကို ပိုမိုရနိုင်သည်။

*အထူးအစီရင်ခံစာရေးသားခြင်း*

အထူးအစီရင်ခံစာများတွင် အကြောင်းအရာအမျိုးမျိုး ထည့်သွင်းရေးသားထားတတ်သည်။ အကြောင်းအရာမျိုးစုံကို ရေးသားထားသော စာတမ်းငယ်များ စုပေါင်းထားသည့် အထူးအစီရင်ခံစာများလည်းထွက်ပေါ်တတ်သည်။ ဥပမာ – မြန်မာနိုင်ငံ လူ့အခွင့်အရေးနှစ်ပတ်လည်အစီရင်ခံစာ၊ ထိုင်းနိုင်ငံ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု ဆိုင်ရာ အခွင့်အရေးများအကြောင်း အစီရင်ခံစာ စသည်တို့ဖြစ်သည်။

ထိုအထူးအစီရင်ခံစာများကို ရေးသားပြုစုရာတွင် အချိန်ကာလနှင့် လုပ်ငန်းဆောင်တာများ ကြာရှည်များပြားလေ့ရှိသည်။ ထိုသို့အထူးအစီရင်ခံစာများ ရေးသားမည့်အစား စာတမ်းငယ်များရေးသားခြင်းက ပိုမိုအချိန်သက်သာမည်လား၊ မိမိအဖွဲ့အတွက် ပိုမိုသင့်တော်မည်လားကို စဉ်းစားဆင်ခြင်ရမည်။ ထိုအစီရင်ခံများတွင် နိဒါန်း၊ အတိုချုပ်တင်ပြချက်များ၊ နိဂုံး၊ အကြံပြုချက်များပါဝင်လေ့ရှိသည်။ ထိုသို့ အထူးအစီရင်ခံစာများ ထုတ်ဝေဖြန့်ချိတော့မည်ဆိုလျှင် ထိုအကြောင်းအရာများကို အနှစ်ချုပ်ရေးသားထားသော သတင်းထုတ်ပြန်ချက်ကို တပြိုင်နက်ထုတ်ဝေသင့်သည်။ ထိုအစီရင်ခံစာများသည် သမိုင်းတွင်ရစ်မည့်အထောက်အထားများဖြစ်သောကြောင့် သေချာစွာပြင်ဆင်သင့်သည်။ သပ်ယပ်စွာဖန်တီးသင့်သည်။

*အစီရင်ခံစာများကို မည်ကဲ့သို့ဖြန့်ဝေသင့်သနည်း။*

မည်မျှပင် ကြိုးစားအားထုတ်၍ ကောင်းမွန်အောင်ပြင်ဆင်ထားသော အစီရင်ခံစာပင် ဖြစ်စေကာမူ ဖြန့်ဝေမှုအားမကောင်းလျှင် အကျိုးမရှိ အလဟဿဖြစ်တတ်သည်။ ဆိုလိုသည်မှာရောက်သင့်သည့်သူထံသို့ ရောက်သင့်သည့် အချိန်တွင် အရောက်ပို့ရန်လိုအပ်ကြောင်း ဆိုလိုခြင်းဖြစ်သည်။ ယခုအခါတွင် လျှပ်စစ်စာပို့စနစ်ဖြင့် လျင်လျင်မြန်မြန်ပို့ဆောင်နိုင်နေပြီဖြစ်ရာ ထိုခေတ်မီနည်းစနစ်များကိုအသုံးပြု၍ မိမိ၏ အစီရင်ခံစာများ လူများများဖတ်ရှုနိုင်အောင်လုပ်ရပေမည်။

နောက်ထပ်သတိပြုသင့်သောအချက်တချက်မှာ အချိန်ကိုက်မှုဖြစ်သည်။ အထူးသဖြင့် သတင်းထုတ်ပြန်ကြေညာချက်များသည် အချိန်ကိုက်မှုရှိရန် အရေးကြီးသည်၊

မည်မျှကောင်းမွန်သော သတင်းဖြစ်ပါစေ အချိန်နှောင်းမှရောက်ရှိလာပါက မည်သည့်နည်းနှင့်မှ အသုံးပြုနိုင်လိမ့်မည်မဟုတ်ပါ။ အထူးအရေးကြီးသော လူ့အခွင့်အရေးသတင်းများအကြောင်း ထုတ်ပြန်သည့် ကြေညာချက်မျိုးကို တတ်နိုင်သရွေ့ အစောတလျင် ထုတ်ပြန်သင့်သည်။

*လူထုဆက်သွယ်မှုသတင်းဌာနများကိုမည်ကဲ့သို့အသုံးချနိုင်သနည်း။*

လူ့အခွင့်အရေးအစီရင်ခံစာတခုကို လူထုကစိတ်ဝင်စားလေလေ ထိုအမှုအားကူညီကာကွယ်မှုများဖြစ်ပေါ်လာစေရန် လူထု၏ ဝိုင်းဝန်းဖိအားပေးမှုများ ပိုမိုရရှိနိုင်လေလေဖြစ်သည်။ ထို့ကြောင့် လူထုထံထိုးဖောက်ဝင်ရောက်နိုင်သည့် လူထုဆက်သွယ်မှုသတင်းဌာနများကနေ၍ မိမိတို့သတင်းများကို အသုံးပြုလာအောင် ဆွဲဆောင်နိုင်မည်ဆိုပါက လူထုအတွင်းပိုမိုထိုးဖောက်နိုင်မည်ဖြစ်သည့်အတွက် ထိုသတင်းဌာနများကိုစနစ်တကျစီမံကိန်းဖြင့် ချဉ်းကပ်သင့်သည်။

ပထမဦးဆုံး လုပ်ဆောင်နိုင်သောအချက်မှာ သတင်းထောက်များ စိတ်ဝင်စားသောကဏ္ဍများကိုလေ့လာ၍ မိမိလုပ်ဆောင်နေသော လုပ်ငန်းများအကြောင်း စိတ်ဝင်စားမည့် သတင်းထောက်များကို ထပ်မံရွေးချယ်ခြင်းဖြစ်သည်။ ထိုသူများကို ချဉ်းကပ်၍ မိမိလုပ်ဆောင်နေသော လုပ်ငန်းများအကြောင်း ပိုမိုစိတ်ဝင်စားလာစေရန်၊ မိမိတို့စုံစမ်းတွေ့ရှိလာသည့် အချက်များကို အသုံးပြုလာစေရန် လုပ်ဆောင်ရမည်။ မိမိတို့ထုတ်ပြန်သော အစီရင်ခံစာ၏ မူရင်းကို ထိုသူများထံ ကြိုတင်ပေးပို့ထားနိုင်သည်။ ထိုပေးပို့ထားသော အချက်အလက်များ ကောင်းမွန်စွာ ရရှိခြင်းရှိမရှိအား ဖုန်းဖြင့်သေချာအောင်ပြန်ခေါ်၍ မိမိသတင်းကို စိတ်ဝင်စားအောင် လုပ်ဆောင်နိုင်သည်။ ထိုသတင်းများသည် အထူးစိတ်ဝင်စားစရာကောင်း၍ ၎င်းတို့ကိုယ်တိုင် ထပ်မံစုံစမ်းမှုများလုပ်ဆောင်သင့်ကြောင်း အကြံပေးတိုက်တွန်းနိုင်သည်။ အစီရင်ခံစာများ ထုတ်ပြန်ပါကထိုအကြောင်းကိုအနှစ်ချုပ်ရေးသားထားသော သီးခြားသတင်းကြေညာ ချက်များကိုပူးတွဲထုတ်ပြန်နိုင်ပါက ကောင်းသည်။ ထိုသတင်းထောက်များ၏ စိတ်ဝင်စားမှု အာရုံကိုဆွဲဆောင်နိုင်ရန်အတွက် သတင်းစာရှင်းလင်းပွဲများ ပြုလုပ်နိုင်ပါက အကောင်းဆုံးဖြစ်သည်။

*အဖွဲ့အစည်းများကထုတ်ပြန်သော စုံစမ်းစစ်ဆေးတွေ့ရှိချက်များတွင် ပါဝင်သင့်သည့်အချက်များ*

ထိုစုံစမ်းစစ်ဆေးမှုတွင် ပါဝင်ဆောင်ရွက်သောသူများ၏ အမည်များကို ထုတ်ဖော်နိုင်ပါက ဖော်ပြသင့်သည်။ အချို့အခြေအနေမျိုးတွင် လုံခြုံရေးကြောင့်ဖြစ်စေ၊ အခြားအကြောင်းများကြောင့်ဖြစ်စေ ထိုသူများကို အမည်များကို ဖော်ပြ၍မရသော အခါမျိုးလဲရှိတတ်သည်။ အကယ်၍ ခေါင်းစဉ်ကဏ္ဍများကို သီးခြားစီခွဲ၍ ရေးသားထားပါက မည်သူက မည်သည့်ခေါင်းစဉ်ကို ရေးသားထားသည်ကို ဖော်ပြသင့်သည်။ ထို့နောက် ထိုသို့စုံစမ်းစစ်ဆေးမှု ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်၊ အသုံးပြုသော နည်းလမ်းများ၊ နေရာအခြေအနေများ၊ တွေ့ရှိရသော သတင်းရင်းမြစ်များ စသည်တို့ အကြောင်းကို ရှင်းလင်းသင့်သည်။ သို့မှသာစာဖတ်သူအနေဖြင့် ထိုအစီရင်ခံစာကို မည်ကဲ့သို့ ပြုစုရေးသားခဲ့ကြောင်းကို သိရှိပေလိမ့်မည်။

ထိုအစီရင်ခံစာထဲတွင် မိမိတို့ရှာဖွေတွေ့ရှိခဲ့သော တွေ့ရှိချက်များအား အသေးစိတ်ဖော်ပြသင့်သည်။ ဖြစ်နိုင်ပါက မိမိတွေ့ဆုံမေးမြန်းထားချက်များကို တိုက်ရိုက်ကိုးကား၍ ထည့်နိုင်သည်။ ပြောဆိုသူ၏အမည်များကိုလည်း ထည့်သွင်း ဖော်ပြနိုင်ပါက ဖော်ပြသင့်သည်။ ထို့အပြင် မိမိရှာဖွေတွေ့ခဲ့သော သတင်းရင်းမြစ်များကို ဖော်ပြနိုင်ပါက ဖော်ပြပေးရမည်။ အကြောင်းကြောင်းကြောင့် ဖော်ပြရန်မသင့်သော သတင်းရင်းမြစ်များ၊ မိမိအနေဖြင့်ဖော်ပြခြင်းမပြုလုပ်ပါဟု ဂတိပေးထားသော သတင်းရင်းမြစ်များကို ထည့်သွင်းဖော်ပြခြင်းမပြုရ။

ထိုသို့တွေ့ရှိချက်များကို အသုံးပြုရာတွင် ဖြစ်ပွားသောအမှုများအား ဖြစ်ပေါ်စေရန် တွန်းအားပေးနေသောအချက်များကို ပေါ်လွင်အောင်တင်ပြနိုင်ရမည်။ မည်သည့်အချက်များကိုကျူးလွန်ခြင်းဖြစ်ကြောင်း၊ ဘာအတွက်ကြောင့် ထိုသို့ကျူးလွန်မှုများဖြစ်ပွားရခြင်းဖြစ်ကြောင်း၊ ကျူးလွန်သူများသည် မည်သည့်ရည်ရွယ်ချက်ဖြင့် ကျူးလွန်ခြင်းဖြစ်ကြောင်းကို မိမိ၏ ဆန်းစစ်ဝေဖန်ချက်ဖြင့် တင်ပြရမည်။ အကယ်၍ မိမိထံတွင်

တိကျခိုင်လုံသော တရားရုံးထွက်ဆိုချက်၊ ဆေးစစ်ချက်မှတ်တမ်းများရှိပါက ထိုသက်သေအထောက်အထားများဖြင့် မိမိတင်ပြချက် ခိုင်လုံကြောင်းသက်သေပြသင့်သည်။

ထိုအစီရင်ခံစာမျိုးတွင် မပါမဖြစ်ပါဝင်သင့်သောအခန်းမှာ နိဂုံးချုပ် သုံးသပ်ချက်နှင့် အကြံပြုချက်အခန်းများဖြစ်သည်။ ထိုအဖြစ်အပျက်များ ဖြစ်ပေါ်ရခြင်း အကြောင်းရင်းများကို နိဂုံးချုပ်တွင်ထပ်လောင်းဖော်ပြ၍ ထိုအဖြစ်မျိုးကို ကာကွယ်ဟန့်တားနိုင်ရန် သက်ဆိုင်ရာအစိုးရအနေဖြင့် မည်သည့်အရာများ လုပ်ဆောင်သင့်ကြောင်း၊ ထိုအစိုးရလုပ်ဆောင်လာစေရန်အတွက် အခြားအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့များ၊ အစိုးရများက မည်သည့်ဖိအားများပေးသင့်ကြောင်းကို အကြံပေးချက်တွင် ထည့်သွင်းဖော်ပြသင့်သည်။

အစီရင်ခံစာကို မိမိအားသတင်းများပေးခဲ့သူများ၊ သက်ဆိုင်ရာအစိုးရများ၊ လုပ်ငန်းတူလုပ်ဆောင်နေသောအဖွဲ့အစည်းများ၊ အခြားအသိပေးသင့်သောအစိုးရများ၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာအစိုးရနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများသို့ ဖြန့်ချီရမည်။

*အစီရင်ခံထုတ်ပြန်အပြီး ဆက်လက်လုပ်ဆောင်သင့်သောအချက်များ*

- မိမိတို့စုံစမ်းစစ်ဆေးတွေ့ရှိသော အခွင့်အရေးချိုးဖောက်မှုများသည် နိုင်ငံတော်ဥပဒေနှင့် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေများအရ သက်ဆိုင်ရာအစိုးရအနေဖြင့် လေးစားလိုက်နာရန်တာဝန်ရှိကြောင်းကို အထင်အရှားထုတ်ဖော်ပြောဆိုရမည်။ အကယ်၍ ထိုချိုးဖောက်ခံရသောအခွင့်အရေးသည် နိုင်ငံတော်အစိုးရ၏ လက်မှတ်ထိုးထားသော ဒေသသို့မဟုတ် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်တွင် ပါဝင်သော အချက်များဖြစ်နေပါက အစိုးရသည် လေးစားလိုက်နာရန်တာဝန်ရှိသော အချက်များကို ချိုးဖောက်နေကြောင်း မီးမောင်းထိုးပြရမည်။ ထိုသို့ချိုးဖောက်သောအချက်များ အများအပြားဖြစ်နေပါက တချက်ချင်းစီကို သိသာအောင် ထောက်ပြရမည်။

  အမျိုးသမီးများအပေါ် စော်ကားအကြမ်းဖက်မှုများအား နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေများတွင် အထူးတိတိကျကျဖော်ပြထားခြင်း မရှိသေးသော်လည်း

ထိုအကြမ်းဖက်မှုများသည် ဥပဒေများတွင်ပါဝင်သော အချို့အချက်များနှင့် အကြုံးဝင်လျက်ရှိသည်။ ဥပမာ – စစ်ပွဲကာလအတွင်း အမျိုးသမီးများအား မုဒိန်းကျင့်ခြင်းသည် နှိပ်စက်ခြင်းဆိုင်ရာ သဘောတူစာချုပ်တွင် တိတိကျကျ အဓိပ္ပာယ်သတ်မှတ်ဖော်ပြထားခြင်း မရှိသော်လည်း ထိုစာချုပ်တွင်ပါသော အချက်များအရ နှိပ်စက်ညှင်းပမ်းမှုမြောက်သည်ကိုတွေ့ရသည်။ အခြားသော အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းများကိုလည်း နိုင်ငံတကာ လူ့အခွင့်အရေး စာချုပ်တခုအနေဖြင့် သီးသန့်ရေးသားထားခြင်းမရှိသေးသော်လည်း ထိုအကြမ်း ဖက်မှုများသည် နှိပ်စက်ညှင်းပမ်းမှုဆိုင်ရာ သဘောတူစာချုပ်ပါ အဓိပ္ပာယ်ဖွင့်ဆို ချက်များနှင့် အကြုံးဝင်နေသည်။ ထိုအတွက်ကြောင့် အမျိုးသမီးအခွင့်အရေး လှုပ်ရှားဆောင်ရွက်သူများအဖို့ ထိုစာချုပ်ပါအချက်များကို အသေးစိတ်လေ့လာ၍ အမျိုးသမီးအခွင့်အရေး ချိုးဖောက်မှုများကို ထိုစာချုပ်ပါမည်သည့်အချက်ဖြင့် ကိုင်တွယ်ပြောဆိုနိုင်မည်ကို ပါးပါးနပ်နပ်လေ့လာရန် လိုအပ်လှသည်။

- ထိုလူ့အခွင့်အရေးချိုးဖောက်မှုများသည် အမျိုးသမီးအခွင့်အရေး ချိုးဖောက်မှုများပါဖြစ်ကြောင်း ထင်ထင်ရှားရှား မီးမောင်းထိုးပြပါ။

လူ့အခွင့်အရေး ချိုးဖောက်မှုတိုင်းသည် လိင်ကွဲပြားမှုကိုအခြေခံသော၊ လိင်ကွဲပြားမှုကြောင့် ဖြစ်ပွားရသော ချိုးဖောက်မှုများမဟုတ်ပေ။ လူ့အခွင့်အရေး ချိုးဖောက်မှုတခုသည် လိင်ကွဲပြားမှုကြောင့်ဖြစ်ပွားရသည်ဟု ဆိုနိုင်ရန်အတွက် ထင်ရှားသောအကြောင်းအရာကို ခိုင်ခိုင်မာမာပြသနိုင်ရမည်။ ထိုအတွက်ကြောင့် စုံစမ်းစစ်ဆေးမှုပြုလုပ်စဉ် ကာလကတည်းက ထိုလူ့အခွင့်အရေးချိုးဖောက်မှုသည် သာမန်လူ့အခွင့်အရေး ချိုးဖောက်မှုတခုသာမကဘဲ လိင်ကွဲပြားသောကြောင့် ကျူးလွန်ခြင်း၊ ကျူးလွန်ခံရခြင်း၊ ဖြစ်ပေါ်အောင် တွန်းအားပေးခံရခြင်းဖြစ်သည် ဟူသော အချက်များကို ပေါ်လွင်အောင် ပြသနိုင်ရမည်။ ဥပမာ – ကျေးရွာတရွာကို စစ်တပ်ကဝင်ရောက်သိမ်းပိုက်၍ တွေ့သမျှအမျိုးသားအမျိုးသမီးများအားလုံးကို ဖမ်းဆီးမှုသည် မတရားသဖြင့် ဖမ်းဆီးသော လူ့အခွင့်အရေးချိုးဖောက်မှုဟု ဆိုနိုင်သည်။ အကယ်၍ ထိုဖမ်းဆီးခံရသော အမျိုးသမီးများအားလုံးကို သားကြောဖြက်ဆေး အတင်းအကြပ်ထိုးပေးသည်၊ အမျိုးသားအား ဘာမှမလုပ်ဆိုလျှင် လိင်ကွဲပြားမှုကြောင့် အမျိုးသမီးများ၏ အခွင့်အရေးချိုးဖောက် မှုဟု ဆိုနိုင်သည်။ ထိုအချက်မျိုးကိုထင်ရှားအောင်တင်ပြ၍ အများက လက်ခံလာအောင် လှုံ့ဆော်သင့်သည်။

– အစိုးရတွင်တာဝန်ရှိသည့်အချက်ကို သိသာထင်ရှားအောင် တင်ပြပါ။
လူ့အခွင့်အရေးချိုးဖောက်မှုများ၊ အမျိုးသမီးအခွင့်အရေး ချိုးဖောက်ခံရမှုများကို စုံစမ်းရှာဖွေ၍ အစီရင်ခံပြီးသည့်အခါ ထိုအမှုများဖြစ်ပွားရခြင်းတွင် သက်ဆိုင်ရာ နိုင်ငံအစိုးရတွင် တာဝန်ရှိကြောင်းသိသာထင်ရှားအောင်ပြသရန် လိုအပ်သည်။ ထိုအမှုများကို နိုင်ငံတော်အစိုးရကိုယ်တိုင်ကကျူးလွန်သည်ဖြစ်စေ၊ မကျူးလွန်သည်ဖြစ်စေ ထိုသို့ဖြစ်ပွားရသည့်အပေါ် နိုင်ငံတော်အစိုးရ တာဝန်ရှိကြောင်း သက်သေတင်ပြရန်မှာ လွယ်ကူသောအလုပ်တခုတော့မဟုတ်ပေ။

အကယ်၍ နိုင်ငံတော်အစိုးရတွင် တာဝန်ရှိသော ရဲတပ်ဖွဲ့၊ စစ်တပ်က သူတဦးဦးက လူ့အခွင့်အရေးချိုးဖောက်မှုတခုကိုကျူးလွန်ပါက နိုင်ငံတော်အစိုးရ ချိုးဖောက်ကြောင်း လွယ်လွယ်ကူကူပင် တင်ပြနိုင်မည်။ နိုင်ငံတော်ဥပဒေများ၊ အစိုးရကိုယ်တိုင် လက်မှတ်ထိုးထားသော ဒေသဆိုင်ရာနှင့် နိုင်ငံတကာဥပဒေများကို ကိုင်တွယ်၍ ထိုသဘောတူစာချုပ်ပါ အချက်များကို ချိုးဖောက်ကြောင်း တင်ပြအရေးဆိုနိုင်သည်။

သို့သော် နိုင်ငံတော်အစိုးရက ကိုယ်တိုင်ကိုယ်ကျချိုးဖောက်ခြင်းမဟုတ်ဘဲ ကာကွယ်ပေးရန်၊ ချိုးဖောက်သူကို အကာအကွယ်ပေးရန်၊ ကုစားပေးရန် စသည်တို့ကို ပျက်ကွက်သည့်အခါမျိုးတွင် နိုင်ငံတော်အစိုးရတွင် တာဝန်ရှိသည်ဟူသော အချက်ကို လွယ်လွယ်ကူကူနှင့် တင်ပြနိုင်တော့မည်မဟုတ်ပေ။ ထိုသို့ တင်ပြနိုင်ရန်အတွက် နိုင်ငံတော်အစိုးရသည် ထိုသို့ကျူးလွန်မှုဖြစ်ပွားနိုင်သည်ကို နိုင်ငံတော် အစိုးရက ကြိုတင်သိရှိထားသည် (သို့မဟုတ်) သိရှိထားလောက်သည့် အနေအထားများ ရှိသည်ကို ပထမဦးဆုံးသက်သေပြရမည်။ ဒုတိယအနေဖြင့် ထိုကျူးလွန်ခံရသူအတွက် လိုအပ်သော နစ်နာချက်များရရှိအောင် နိုင်ငံတော်အစိုးရအနေဖြင့် လိုအပ်သလို ဆောင်ရွက်ပေးရန် ပျက်ကွက်မှုကို သက်သေရှာဖွေရမည်။ တတိယအချက်အနေဖြင့် ထိုသို့ လိုအပ်သလိုမဆောင်ရွက်ပေးခြင်းမှာ ချိုးဖောက်ခံရသူ၏ လိင်ကွဲပြားမှုကြောင့် ဖြစ်သည်ဟူသောအချက်တို့ကို အထင်အရှား မိမိရရဖော်ပြနိုင်ရမည်။ အစိုးရက လိုအပ်သလိုလုပ်ဆောင်ပေးရန် ပျက်ကွက်ခြင်းဆိုသည်မှာ ရဲတပ်ဖွဲ့တွင် သွားရောက်တိုင်ကြားမှုကို လက်မခံခြင်း သာမက ချိုးဖောက်ခံရသူ အမျိုးသမီးအနေဖြင့် သွားရောက်တိုင်ကြားရန် မဝံ့မရဲဖြစ်နေရခြင်း၊ သွားရောက်တိုင်ကြားလျှင်လဲ အရေးယူဆောင်ရွက်ပေးမည့် ယန္တယားမရှိခြင်းတို့

သည်လည်း သက်ဆိုင်ရာအစိုးရဖက်မှ လိုအပ်သလို ဆောင်ရွက်ရန် ပျက်ကွက်မှုပင်ဖြစ်သည်။ ထိုအချက်များကို ခိုင်ခိုင်မာမာ တင်ပြနိုင်ရမည်။ ထိုသို့တင်ပြရာတွင်လည်း အမှန်တကယ် အစိုးရဖက်က ပျက်ကွက်မှု၊ တာဝန်မကျေမှု၊ လစ်လျူရှုမှုတို့ ပေါ်လွင်ထင်ရှားနိုင်မည့် အထောက်အထားများ ရရှိမှဖြစ်ပေမည်။ ထိုမှတဆင့် ထိုသို့ပျက်ကွက်မှုများသည် နိုင်ငံတော်အစိုးရက လက်ခံလိုက်နာရန်တာဝန်ရှိသော နိုင်ငံတကာ လူ့အခွင့်အရေး သဘောတူချက်များပါ အချက်များကို ချိုးဖောက်ခြင်းဖြစ်ကြောင်း တင်ပြဖို့လိုအပ်သည်။

- ဖြစ်နိုင်မည့်ဖြေရှင်းချက်များအတွက် လုံ့ဆော်မှုများ၊ ဆုံးဖြတ်ချက်များချမှတ်ပါ။
စုံစမ်းစစ်ဆေးမှုများ၊ မှတ်တမ်းတင်ခြင်းများ လုပ်ဆောင်နေစဉ်ကထည်းက ထိုချိုးဖောက်ခံရမှုကို မည်ကဲ့သို့ တားဆီးကာကွယ်နိုင်မည့်အဖြေများ၊ သက်ဆိုင်သည့်သူများအားလုံးက လုပ်ကိုင်ဆောင်ရွက်သင့်သည့်အချက်များကို ရှာဖွေစဉ်းစားထားသင့်သည်။ ဖြစ်နိုင်သောဖြေရှင်းချက်၊ အကြံပေးချက်များ အများအပြား ရှိနိုင်သည့်အထဲမှ အမှန်တကယ်လက်တွေ့ကျကျဖြစ်နိုင်မည့်၊ လုပ်ဆောင်နိုင်မည့်အချက်များ အခြားကျွမ်းကျင်သူများနှင့် တိုင်ပင်ညှိနိုင်းရ ရွေးချယ်ဆုံးဖြတ်ရမည်။ အကြိမ်ကြိမ်အဖန်ဖန် သုံးသပ်ပြီးမှသာ သင့်တော်ပြီး အမှန်တကယ်လုပ်ဆောင်သင့်သည့် အချက်များကို ချမှတ်ရပေမည်။

- ထိုအကြောင်းအရာနှင့်ပတ်သက်၍ မျက်ချေမပြတ်ဆက်လက်စောင့်ကြပ်ပါ။
စုံစမ်းစစ်ဆေးခြင်း၊ မှတ်တမ်းတင်ခြင်း၊ အစီရင်ခံခြင်းများ အသီးသီးလုပ်ဆောင်အပြီး ဆက်လက်လုပ်ဆောင်ရန်မှာ လူ့အခွင့်အရေးလှုံ့ဆော်ခြင်းသာ ဖြစ်တော့သည်။ သို့သော်လည်း လူ့အခွင့်အရေးလှုံ့ဆော်မှု လုပ်ကိုင်နေသည့်ကာလအတွင်းမှာတွင် မိမိစုံစမ်းစစ်ဆေးအစီရင်ခံထားသော အကြောင်းအရာနှင့်ပတ်သက်၍ မျက်ချေမပြတ်ရန်၊ နောက်ဆုံးသတင်းများကို ဆက်လက်စောင့်ကြပ်နေရန် အထူးအရေးကြီးသည်။ အစီရင်စာထုတ်ပြန်ပြီးသည်နှင့် မိမိတာဝန်ကျေပြီဟု မယူဆသင့်ပေ။ မိမိအစီရင်ခံခဲ့သော ကိစ္စနှင့်ပတ်သက်၍ အခြေအနေ ပိုမိုဆိုးဝါးမှုများရှိလာသလား၊ အစိုးရ သို့မဟုတ် တာဝန်ရှိသူများက အရေးယူဆောင်ရွက်မှုများရှိလာသလား၊ ထိုပြောင်းလဲလာမှုများ အပေါ်မူတည်၍ လှုံ့ဆော်ဆောင်ရွက်မှုများ ပြောင်းလွှဲရန် လိုအပ်သလား အမြဲမပြတ် လေ့လာနေရမည်။

အစီရင်ခံစာထုတ်ပြန်အပြီး လုံ့ဆော်မှုများလုပ်နေစဉ်အတွင်း အစိုးရ၏ တုန့်ပြန်မှုများကို လေ့လာသင့်သည်။ မိမိအားကူညီသတင်းပေးခဲ့သောသူများ၊ ကာယကံရှင်များ၊ မျက်မြင်သက်သေများ၊ ၎င်းတို့၏ဆွေမျိုးများကို အစိုးရအနေနှင့် တခုခု တုံ့ပြန်မှုများလုပ်ဆောင်မှုရှိမရှိ မျက်ချေမပြတ်စောင့်ကြပ်ရမည်။ ထို့ပြင် မိမိအကြံပြုထားသော အကြံပေးချက်များကို သက်ဆိုင်ရာအစိုးရအနေနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ လိုက်နာခြင်းများရှိမရှိကိုလဲ စောင့်ကြပ် ရန်လိုသည်။ နယ်မြေဒေသ အတွင်း ထိုအကြောင်းအရာများကို စောင့်ကြပ်နေသော ဒေသခံအခြားအဖွဲ့အစည်း များနှင့်လည်း အမြဲမပြတ်ဆက်သွယ်မှုများပြုလုပ်၍ ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်မှု သတင်းများ ရယူရမည်။ အကယ်၍ နောက်ထပ် စုံစမ်းစစ်ဆေးမှုများ၊ အစီရင်ခံမှုများ လိုမလို သုံးသပ်ရမည်။ လှုံ့ဆော်မှုလုပ်ငန်းများ မည်သို့ပြောင်းလဲသင့်သည်။ မည်သည့် အရာများ ထပ်မံလုပ်ဆောင်သင့်သည် စသည်တို့ကိုလဲ အမြဲမပြတ်သုံးသပ်ဝေဖန် ပြောင်းလဲမှုများ လုပ်ဆောင်ရပေမည်။